# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၄၈)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယလေတပ်ဦးစီးချုပ်နှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၁၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရန်ကုန်မြို့တွင် ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal S Krishnaswamy, COSC,PVSM,AVSM,VM&Bar,ADC Chief of the Air Staff နှင့် အဖွဲ့ဝင်များအား ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယလေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia၊ စစ်သံမှူး Colonel J.S Chopra နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့တွင် ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal S Krishnaswamy, COSC, PVSM, AVSM,VM&Bar,ADC Chief of the Air Staff အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့တွင် ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal S Krishnaswamy, COSC, PVSM, AVSM,VM&Bar,ADC Chief of the Air Staff အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

# တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင် စွမ်းရည်စွမ်းအားမြင့်မားသောလူငယ်များနှင့် လက်တွဲဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာ၌ ပြည်ထောင်စု တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ စုစည်းညီညွတ်သော စွမ်းအားဖြင့် တက်လှမ်းချီတက်လျက် ရှိသည်။

နိုင်ငံတော်နှင့် ပြည်သူပြည်သားတို့အတွက် ငြိမ်းချမ်းသည့် အေးချမ်းသာယာမှု၊ စည်းလုံးသည့် ညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်သည့် အကျိုးစီးပွားများ ရရှိဖြစ်ထွန်းလာစေရန် စုပေါင်းစွမ်းဆောင်ကြရာ၌ စွမ်းရည်၊ စွမ်းအား မြင့်မားသော နိုင်ငံသားများဖြစ်စေရန် အထူးလိုအပ်ပေသည်။

နိုင်ငံတော်အတွက် လိုအပ်သည့် စွမ်းရည်စွမ်းအားများသည် ယနေ့ မျိုးဆက်သစ်လူငယ်လူရွယ်များတွင် တည်ရှိနေပေသည်။ ယနေ့နိုင်ငံတော်တွင် အဆိုပါလူငယ်လူရွယ်များဖြင့် စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံအတွက် အားထားရသည့် အမျိုးသားရေး စွမ်းအားစုကြီးတစ်ရပ်အဖြစ် ပေါ်ထွန်းနေပြီဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၀ ရက်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သြဝါဒစကား မြွက်ကြားခဲ့ရာ၌-

**"မိမိနိုင်ငံ၏ အတိတ်၊ ယခုပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးစလုံးကို စနစ်တကျလေ့လာကြည့်ခြင်းအားဖြင့် နိုင်ငံတော်၏ ဖြစ်စဉ်ဖြစ်ရပ်များကို သဲကွဲစွာမြင်တွေ့နိုင်ပြီး နိုင်ငံတော်၏ ပင်မကျသည့် လိုအပ်ချက်များကို သိရှိနိုင်ကြောင်း၊ နိုင်ငံသားတစ်ယောက်အနေဖြင့် ဖြစ်ရပ်မှန်များကို သိရှိနားလည် သဘောပေါက်ပြီး နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ကိုယ်တိုင်ကိုယ်ကျ အပြုသဘော ပါဝင်ဆောင်ရွက်ခြင်းသည် အမျိုးသားရေးတာဝန် ကျေပွန်မှုဖြစ်ကြောင်း၊ ခံယူချက်မြင့်မားပြီး တာဝန်ကျေပွန်သည့် နိုင်ငံသားများသည် နိုင်ငံတော်အတွက် စွမ်းရည်စွမ်းအားပင် ဖြစ်ကြောင်း"**

မြွက်ကြားသွားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားခဲ့သည့် နိုင်ငံသားတိုင်းတွင်ရှိနေရမည့် အရည်အသွေးသည် နိုင်ငံတော်ကလိုအပ်သည့် စွမ်းရည်စွမ်းအားများပင် ဖြစ်ပေသည်။

ယနေ့ မျိုးဆက်သစ် လူငယ်လူရွယ်များဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အမျိုးသားရေးခံယူချက် မြင့်မားရေး၊ အမျိုးသားရေးတာဝန် ကျေပွန်ရေးအတွက် သင်တန်းအမျိုးမျိုးပေးကာ စွမ်းရည်စွမ်းအားမြင့်မားသော လူငယ်လူရွယ်များ ဖြစ်ထွန်းစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိသည်။

စွမ်းရည်စွမ်းအားမြင့်မားသော မျိုးဆက်သစ်လူငယ်လူရွယ်များသည် တစ်မျိုးသားလုံး၏ မျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ သန္နိဋ္ဌာန်စိတ်ဖြင့် တည်ဆောက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားအတွက် လက်တွေ့ကျသော တည်ဆောက်ရေး လုပ်ငန်းများတွင် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ စွမ်းရည်စွမ်းအားမြင့်မားသော၊ ခံယူချက်မြင့်မားသော မျိုးဆက်သစ်လူငယ်လူရွယ်များက သန္နိဋ္ဌာန်စိတ်ဖြင့် အားကြိုးမာန်တက် အင်တိုက်အားတိုက် ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေးကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ပါးစုံညီ ဒွါဒသမအစည်းအဝေးကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၇ရက်နှင့် ၈ ရက် (ဒီဇင်ဘာ၃ရက်နှင့် ၄ ရက်) သောကြာနေ့နှင့်စနေနေ့တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းတော်ကြီးသို့ ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် (နိုဝင်ဘာ ၂၉ ရက်) တနင်္လာနေ့အရောက် ကြွရောက်တော်မူကြပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ယင်းပင့်စာများအချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်တွင် အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် ဦးဌေးအောင် မိသားစု အမှတ် ၄၁/ဈ ရွှေတောင်ကုန်း အင်းလျားမြိုင်လမ်း ဗဟန်းက အလှူငွေကျပ် တစ်သိန်းကို စာရင်းစစ် ဦးစံမင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)**

## သာသနသီတလ ဗိမာန်အတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ သာသနသီတလ ဓမ္မဗိမာန်တော်ကြီးအတွက် ကွယ်လွန်သူ ကျောင်းဒါယကာကြီး ဦးခင်မောင်အားရည်စူး၍ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ သီရိလမ်း အမှတ်(၂၅-က)နေ ဒုတိယဗိုလ်မှူးကြီး မောင်ထွန်း-ဒေါ်မြမြရီ၊ သမီးနှင်းနွယ်ဦး၊ သော်တာထွန်း၊ ဆွေဇင်ထွန်း မိသားစုက ငွေကျပ်သုံးသိန်း၊ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် သမိုင်း ၁ လမ်း အမှတ်(၂၃)နေ ဒေါ်စိန်နွဲ့ရီက ငွေကျပ်တစ်သိန်း၊ ညောင်ကန်အေး သာသနာ့ရိပ်သာ(၂၅) နှစ်ပြည့် ငွေရတုကျောင်းအတွက် ကြည့်မြင်တိုင်မြို့နယ် ရွှေဂုဏ်သူအိမ်ရာ အမှတ် (၅၀၇-အေ) နေ ဦးသက်အောင်- ဒေါ်ခင်ဌေး သား-မောင်ထက်ဇော်လင်း၊ မောင်နေမျိုးထက် မိသားစုက ငွေကျပ် တစ်သိန်း တစ်သောင်း တစ်ထောင်တစ်ရာ တစ်ဆယ့် တစ်ကျပ် ၊ မရမ်းကုန်းမြို့နယ် ကုန်းမြင့်ရိပ်သာ အမှတ်(၂၇) နေ ဒေါ်ခင်ခင်သီ၊ ညီမ ဒေါ်ခင်ခင်စီ သမီး ဒေါက်တာနှင်းဆီအောင်၊ မြေး ဖြိုးမင်းသိန်း မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်း၊ အင်းစိန်မြို့နယ် ကြို့ကုန်း အရှေ့ရပ်ကွက် မဟာသုခိတာလမ်း အမှတ် (၃၁)နေ ဦးညွှန့်ရှိန်-ဒေါ်သောင်းတင်၊သား ဒေါက်တာ ဝင်းနိုင်ရှိန် မိသားစုက ငွေကျပ် တစ်သိန်း၊ အင်းစိန်မြို့နယ် ကြို့ကုန်းရိပ်သာတိုက် (၃၁)အခန်း ၂နေ မိဘများအား ရည်စူး၍ ဦးဝင်းကြည်- ဒေါ်မြမြ မိသားစုက ငွေကျပ် တစ်သိန်းတို့ကို လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

## ဘုရားသုံးဆူကျောင်းတိုက် စုပေါင်းဘုံကထိန်ကပ်လှူပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် နန္ဒွင်းကုန်းရပ်ကွက်ရှိ ရှေးဟောင်း ဘုရားသုံးဆူ ကျောင်းတိုက်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲကို ကျောင်းတိုက်၏ ဦးစီးနာယကဖြစ်သော ဦးစန္ဒာဝံသအားအမှူးထား၍ ဒါယကာဒါယိကာမ အပေါင်းတို့က ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက် (နိုဝင်ဘာ ၂၁ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**နိုဝင်ဘာ ၁၄ ရက်က သင်္ဃန်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်သန်းဦးနှင့် တာဝန်ရှိသူများ၊ သွပ်ဝိုင်းကြီးရပ်ကွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရပ်ကွက်တွင်းနေ ပြည်သူများ မီးဘေးကြိုတင်ကာကွယ်ရေး မီးစနစ်တကျ သုံးစွဲမှုကို လိုက်လံစစ်ဆေးစဉ်။** (၀၅၂)

## မြဝတီရုပ်မြင်သံကြား

**၁၇-၁၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Fiscal Aspects of Public Finance (တတိယနှစ်၊ စီးပွားရေး)
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"**(အပိုင်း-၁၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း-၂၉)





**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

■ *ကျောဖုံးမှ*

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် စစ်ဘက် နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

## ပြင်ဦးလွင်သို့ရောက်ရှိ

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့ လိုက်ပါလျက် တပ်မတော် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ ရောက်ရှိကြသည်။

## အမှာစကားပြောကြား

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို နံနက် ၉နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

## အမျိုးသားပညာရည်မြင့်တင်

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးအတွက် ပညာရေးကဏ္ဍက ထိရောက်စွာ အထောက်အကူပြုနိုင်စေဖို့ဆိုသည့် မွန်မြတ်မြင့်မားသည့်ရည်မှန်းချက်ဖြင့် အမျိုးသားပညာရည်အဆင့်အတန်းကို နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံမှ မြှင့်တင်တည်ဆောက်ပေးနေသည့် အချိန်အခါကာလဖြစ်ကြောင်း။

## အားသစ်လောင်းပေးခြင်း

ဤအချိန်အခါမျိုးတွင် အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပဓာနကျသည့် အခန်းကဏ္ဍကပါဝင်ပြီး စွမ်းဆောင်ပေးနေကြသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအနေဖြင့် ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းတစ်ရပ်ကို တက်ရောက်ခွင့်ရရှိခြင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏အကျိုးစီးပွားကို ပညာရေးကဏ္ဍကနေ ထိထိရောက်ရောက် ထိုက်ထိုက်တန်တန် သယ်ပိုးစွမ်းဆောင်ပေးနိုင်စေမည့် အသိအမြင်စွမ်းအား၊ အရည်အသွေးနှင့် စိတ်ဓာတ်အင်အားတို့ကို နိုင်ငံတော်က အားသစ်လောင်းပေးခြင်းဖြစ်သည်ဟု ခံယူထားကြစေလိုကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ၏ အောင်မြင်ဖြစ်ထွန်းနေမှုကိုကြည့်လျှင် ယခုအခါတွင် နိုင်ငံတော်၏ ပြည်နယ်နှင့်တိုင်း ၁၄ခုကို အခြေပြုပြီး သတ်မှတ်ထားသည့် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုလုံးတွင် တက္ကသိုလ်နှင့် ကောလိပ်များ၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်များ လွှမ်းခြုံတည်ထောင်ဖွင့်လှစ်ထားနိုင်ပြီဖြစ်တာတွေ့နိုင်ကြောင်း။

ပညာရပ်ဆိုင်ရာအပိုင်းကို ကြည့်မည်ဆိုလျှင်လည်း ယခင်ခေတ်ကာလက ဘာသာရပ်ကိုးမျိုးအတွက် တက္ကသိုလ်၊ ကောလိပ် ၃၂ခုသာ ဖွင့်လှစ်ထားနိုင်ခဲ့သော်လည်း ယခုအခါတွင် တိုင်းရင်းဆေးပညာ၊ ယဉ်ကျေးမှု၊ ရေကြောင်းပညာနှင့် လေကြောင်းနှင့် အာကာသပညာများ အပါအဝင် ဘာသာရပ် ၃၃မျိုးအတွက် တက္ကသိုလ်နှင့် ကောလိပ် ၁၅၆ခုကို ထူထောင်ဖွင့်လှစ်ထားနိုင်ပြီဖြစ်ကြောင်း။

## တိုးတက်ဖြစ်ထွန်းလျက်ရှိ

ပညာရပ်များ ရွေးချယ်သင်ယူနိုင်သည့် အခွင့်အလမ်းများ တိုးပွားစေရေးနှင့် ပညာရပ်များ၏ အရည်အသွေးမြှင့်တင်နိုင်ရေးတို့အတွက်လည်း ပညာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်မှုတွေ၊ ပေါင်းစပ်ဘာသာရပ်များ၊ ပညာရပ်မျိုးကွဲများ တိုးမြှင့်သင်ကြားပေးမှုတွေ၊ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုတွေ တိုးတက်ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်မီ သင်ကြားမှု၊ သင်ယူမှု အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာစေရေးနှင့်ပတ်သက်၍လည်း Electronic Data Broadcasting စနစ်ကို အခြေခံသည့် e-Learning Centre တွေ၊ ICT နည်းပညာများကို အခြေခံသည့် Computer Training Centre တွေ၊ e-Education Resource Centre တွေ၊ Multimedia Lecture Room တွေ၊ Conference Room တွေ၊ အရုပ်နှင့်အသံ အပြန်အလှန် ပေးပို့ဆက်သွယ်နိုင်သည့် V-SAT စနစ်ကို အခြေခံပြီး e-mail, file transfer, Video conferencing, Intranet နှင့် Internet တို့ပါဝင်သည့် Network ကွန်ရက်စနစ်တွေ တက္ကသိုလ်၊ ကောလိပ်များမှာ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

## ရည်မှန်းချက်ရှိရှိကြိုးပမ်း

ဤသို့ နိုင်ငံတော်အစိုးရက အမျိုးသားပညာရေးကဏ္ဍတစ်ရပ်လုံး အရေအတွက်အရရော အရည်အသွေးအရပါ ယှဉ်တွဲမြင့်မားလာစေရအောင် စနစ်တကျ စီမံအားပေး ဆောင်ရွက်နေမှုကြောင့် အောင်မြင်တိုးတက်မှုများ ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အခြေအနေ အချိန်အခါကောင်းမှာ ဆရာ ဆရာမများအားလုံးက နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို အခြေအနေ အချိန်အခါ အရပ်ရပ်မှာ ထိန်းသိမ်းစောင့်ရှောက် ဖော်ဆောင်ပေးနိုင်မည့် ကျယ်ပြန့်နက်ရှိုင်းပြီး စွမ်းဆောင်ရည် ထက်မြက်မြင့်မားသည့် ပညာရေးစွမ်းအားစုကြီး ဖြစ်ထွန်းလာစေရအောင် ရည်မှန်းချက်ရှိရှိဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

ထို့အပြင် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး ပညာရည်မြင့်မားစေရအောင် ပညာရေးကဏ္ဍက စွမ်းဆောင်မြှင့်တင်ပေးခြင်းအားဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်း သာယာဝပြောစည်ပင်မှု၊ ပြည်သူများ အမျိုးသားရေး စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့အပါအဝင် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်မှု၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်တောင့်တင်း ခိုင်မာမှုစသည့် အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးကြဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ ၆၃၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။ **(သတင်းစဉ်)**

**အမျိုးသားပညာရေးကဏ္ဍတစ်ရပ်လုံးအောင်မြင်တိုးတက်**

- နိုင်ငံတော်အစိုးရက အမျိုးသားပညာရေးကဏ္ဍတစ်ရပ်လုံး အရေအတွက်အရရော အရည်အသွေးအရပါ ယှဉ်တွဲမြင့်မားလာစေရအောင် စနစ်တကျ စီမံအားပေးဆောင်ရွက်နေမှုကြောင့် အောင်မြင်တိုးတက်မှုများ ရရှိဖြစ်ထွန်းနေ။
- မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး ပညာရည်မြင့်မားစေရအောင် ပညာရေးကဏ္ဍက စွမ်းဆောင် မြှင့်တင်ပေးခြင်းအားဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်း သာယာဝပြောစည်ပင်မှု၊ ပြည်သူများ အမျိုးသားရေး စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အပါအဝင် စိတ်ဓာတ်ရေးရာ မြင့်မား ခိုင်ကျည်မှု၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်တောင့်တင်းခိုင်မာမှု စသည့် အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်။

**မဟာဘုံကထိန်လှူဒါန်းပွဲ ကျင်းပမည်**

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက် ရတနာစံဦးတိုက် ရတနာမာရ်အောင် တောရဓမ္မရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ (မြောက်ဦးမြို့ ရတနာမာရ်အောင်ဆရာတော်)အား အမှူးထားပြီး သံဃာတော် ၄၅ ပါးတို့အား စုပေါင်း၍ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်းများကို ဦးအောင်စံ ဖုန်း-၅၄၂၇၃၄၊ ဦးမြသိန်း ဖုန်း-၅၄၃၃၀၁၊ ဦးသန်းတင် ဖုန်း-၂၉၆၃၁၂၊ ဒေါ်ပို့ပို့ ဖုန်း-၅၄၈၆၈၉၊ ၅၅၂၀၆၉၊ ဒေါ်ချစ်ချစ်စိန် ဖုန်း-၅၆၁၉၇၀နှင့် ဒေါ်သိန်းသိန်း ဖုန်း-၃၇၅၅၀၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# အိန္ဒိယစက်မှုလုပ်ငန်းများ ပြင်ပကမ္ဘာသို့ ထွန်းပေါက်အောင်လုပ်ရန် စက်မှုလုပ်ငန်းရှင်များအား အိန္ဒိယသမ္မတတိုက်တွန်း

နယူးဒေလီ နိုဝင်ဘာ ၁၅

**ပြည်တွင်းကဏ္ဍအမျိုးမျိုးတွင် တိုးပွားဖြစ်ထွန်းအောင်လုပ်ဆောင်ရာ၌ နည်းပညာနှင့် ယှဉ်ပြိုင်မှုကို အသုံးချကာ အိန္ဒိယစက်မှုလုပ်ငန်းများ ပြင်ပကမ္ဘာသို့ ထွန်းပေါက်အောင် လုပ်ဆောင်ကြရန် အိန္ဒိယသမ္မတ အေပီဂျေအဗ္ဗဒူလ်ကလမ်က တနင်္ဂနွေနေ့၌ တိုက်တွန်းလိုက်သည်။**

အိန္ဒိယစက်မှုလုပ်ငန်းများသည် ကမ္ဘာ့ဈေးကွက်၌ အစွမ်းကုန်ယှဉ်ပြိုင်ခြင်းဖြင့် နိုင်ငံစုံဖြစ်လာရန် ရည်ရွယ်ချက်ထားသင့်ကြောင်း နယူးဒေလီ၌ ကျင်းပသော အိန္ဒိယ နိုင်ငံတကာ ကုန်သွယ်ရေးပြပွဲ(အိုင်အိုင်တီအက်ဖ်)ဖွင့်ပွဲ၌ သမ္မတကလမ်က ပြောကြားသည်။

**အရေးပါဆုံး**

အဆိုပါ (၂၄)ကြိမ်မြောက် ပြပွဲသို့ နိုင်ငံ ၂၈နိုင်ငံမှ ကုမ္ပဏီ ၃၂၃၃ အပါအဝင် ကုမ္ပဏီပေါင်း ၇၀၀၀ကျော်ပါဝင် ပြသခဲ့သည်။ ယခုနှစ်ပြပွဲ၏ ခေါင်းစဉ်အကြောင်းအရာမှာ စိုက်ပျိုးရေးနှင့် အိုင်တီဖြစ် သည်။ နှစ်ခုလုံးမှာ အိန္ဒိယစီးပွားရေး၏ အရေးပါဆုံး ကဏ္ဍနှစ်ခုဖြစ်သည်။

**အလေးထား**

ယခုနှစ် ကုန်သွယ်ရေးပြပွဲတွင် တရုတ်နိုင်ငံသည် ပေါင်းဖော်ဖက်နိုင်ငံဖြစ်ပြီး အလေးထား စူးစိုက်သည့် နိုင်ငံမှာ ဘရာဇီးဖြစ်သည်။ နှစ်နိုင်ငံ စလုံးသည် အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ဆက်ဆံမှုတိုးတက်သော နိုင်ငံများဖြစ်ကြသည်။

**ဈေးကွက်ကြီးဖြစ်**

အိန္ဒိယနိုင်ငံ၏ ကျေးရွာ၆၀၀၀၀၀ တွင်ရှိသော လူသန်း ၇၀၀ အကျုံးဝင်သည့် ကျေးလက်ဒေသ အနေအထားသည် စက်မှုလုပ်ငန်းများအတွက် ဈေးကွက်ကြီးဖြစ်ကြောင်း၊ ကျေးလက်ဒေသတွင် အခွင့်အလမ်းများ ဖန်တီးပေးပြီး စီးပွားရေးလုပ် ငန်းများ အသွင်ပြောင်းလဲရန် သမ္မတက လုပ်ငန်းရှင်များအား တိုက်တွန်း ထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



ရန်ဟိုင်းမြို့၌ဩဂုတ်၁၂ ရက်က **တိုင်တန်းနစ် ပြခန်းတစ်ရပ် ဖွင့်လှစ်ပြသရာ တိုင်တန်းနစ် သင်္ဘောမှ ကြေးနန်း ဆက်သွယ်ရေး ပစ္စည်းတစ်ခုကို တွေ့ရစဉ်။** (လွန်ခဲ့သောအနှစ်နှစ်ဆယ်က အဆိုပါ ကမ္ဘာ့အကျော်ကြားဆုံးသော သင်္ဘောပျက်ကို စူးစမ်းလေ့လာရေးသမား ဘော့ဘောလက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

# ဂျပန်မင်းသမီး ဆာယာကို ထိမ်းမြားလက်ထပ်တော့မည်

**တိုကျို နိုဝင်ဘာ ၁၅**

ဂျပန်မင်းသမီး ဆာယာကိုသည် လာမည့်နွေဦးရာသီတွင် တိုကျိုမြို့တော် အုပ်ချုပ်ရေးမှ ဝန်ထမ်းတစ်ဦးနှင့် ထိမ်းမြားလက်ထပ်တော့မည်ဖြစ်ကြောင်း ဂျပန်မီဒီယာများက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်ခဲ့ကြသည်။

**လက်ထပ်မည်**

ဂျပန်မင်းသမီး ဆာယာကိုအနေဖြင့် လာမည့်ဒီဇင်ဘာလကုန်တွင် လက်ထပ်လိမ့်မည်ဖြစ်ကြောင်း ဂျပန်ဘုရင့်နန်းတော် သတင်းထုတ်ပြန်ရေးဌာနမှ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်ကို ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

**သဘောတူ**

ဂျပန်ဘုရင်အကီဟီတိုနှင့် မိဖုရားမိချိကိုတို့အနေဖြင့် ဂျပန်မင်းသမီး ဆာယာကိုအား အသက် (၃၉)နှစ်အရွယ်ရှိ ယိုရှိကီကူရိဒါနှင့် လက်ထပ်ရန် သဘောတူခွင့်ပြုခဲ့ကြောင်းလည်း အဆိုပါအရာရှိက ပြောကြားသည်။

**အတူဘွဲ့ရ**

မင်းသမီး ဆာယာကိုနှင့်ကူရိဒါတို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့ ဂါကူရှန်တက္ကသိုလ်မှ အတူတကွ ဘွဲ့ရရှိခဲ့ကြသူများဖြစ်ကြသည်။ ထို့ပြင် မင်းသမီး ဆာယာကို လက်ထပ်မည့် ကူရိဒါသည် မင်းသမီး၏ အစ်ကိုဖြစ်သူ မင်းသား အကီရှီနိုနှင့်လည်း ငယ်စဉ်ကလေးဘဝကတည်းက ရင်းနှီးခဲ့ကြသူများလည်းဖြစ်ပြီး အတန်းဖော် သူငယ်ချင်းတစ်ဦးလည်းဖြစ်ကြောင်း အဆာဟီရှင်ဘွန်းသတင်းစာက ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အရှေ့အာရှစီးပွားရေးအသင်း ကွန်ဖရင့်ရှင်း ဟောင်ကောင်၌ ကျင်းပ

ဟောင်ကောင် နိုဝင်ဘာ ၁၅

**အရှေ့အာရှစီးပွားရေးအသင်း၏ ကိုးကြိမ်မြောက် ကွန်ဖရင့်ရှင်း၌ တရုတ်နိုင်ငံ၏ တစ်ကမ္ဘာလုံးနှင့် ဆိုင်သော စီးပွားရေးနှင့် ဟောင်ကောင်၏ အနာဂတ်အရေးအကြောင်းအရာ ခေါင်းစဉ်ကိုစီးပွားရေးကဏ္ဍကိုယ်စားလှယ် များက တနင်္ဂနွေနေ့၌ ဆွေးနွေးခဲ့ကြသည်။**

တရုတ်ပြည်မကြီးတွင်အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်သော ဦးတည်ချက်အလားအလာများ၏ အဓိကသက်ဆိုင်မှုများ၌ ဈေးကွက်ဖွံ့ဖြိုးမှု၏ အဓိကဖွဲ့စည်းမှု အင်အားဖြစ်သော စားသုံးသူများ၏ ကြွယ်ဝချမ်းသာမှု မြင့်တက်လာ ခြင်းပါဝင်ကြောင်း ဟောင်ကောင် စီးပွားရေးပညာရှင် ကော့ကော့ချူအင်က ယင်းကွန်ဖရင့်ရှင်း၌ ပြောကြားသည်။

**အသုံးပြုနိုင်**

ဟောင်ကောင်၏ အနာဂတ်ရေးနှင့်ပတ်သက်၍ပြောကြားရာ၌ ဟောင်ကောင်သည် ယင်း၏ အနေအထားကို နိုင်ငံတကာဆိုင်ရာ ငွေကြေးနှင့် စီးပွားရေးအချက်အချာဌာန၊ စီးပွားရေးနှင့် ငွေကြေးမြို့တော်၊ လူအဖြစ်အသုံးပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်မ၏ စီးပွားရေး ပြောင်းလဲတိုးတက်မှုကို အထောက်အကူပေးရန် အတွေ့အကြုံများအသုံးပြုနိုင်ကြောင်း မစ္စတာကော့က ပြောကြားသည်။

**ဖွံ့ဖြိုးလမ်းကြောင်း**

ဟောင်ကောင်၏ အနာဂတ် ဖွံ့ဖြိုးရေးလမ်းကြောင်းသည် ပုလဲမြစ်ဝှမ်းဒေသ ပေါင်းစည်းမှု ဖြစ်မည်ဖြစ်ကြောင်း မစ္စတာကော့က ပြောကြားသည်။ ဟောင်ကောင်၏ စီးပွားရေးပညာရှင် အကြီးအကဲနှင့် ရှန်ဟိုင်းဘဏ်လုပ်ငန်း ကော်ပိုရေးရှင်း အကြီးအကဲ ဂျော့ချ်လီအန်က ဟောင်ကောင်၏ အနာဂတ်သည် ဟောင်ကောင်အစိုးရအပြင် အခြား အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုဖြင့် အကောင်းရှုမြင်ဆဲ ဖြစ်ကြောင်း ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ကုမ္ပဏီရှေ့နေ ၇၀၀ တရုတ်၌လိုင်စင်ထုတ်ပေး

**ယူနန်(တရုတ်) နိုဝင်ဘာ ၁၅**

ကုမ္ပဏီများ၏ပြည်တွင်းတရားဝင်အကြံပေးများသည် တရုတ်နိုင်ငံတွင် ပထမဆုံး ကော်ပိုရေးရှင်း ရှေ့နေများဖြစ်လာကြောင်း တရားရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

**ဆောင်ရွက်**

လိုင်စင်ရ ကော်ပိုရေးရှင်းရှေ့နေများသည် လွန်ခဲ့သောနှစ်နှစ်၌ တရားရေးဌာနက စတင်ဆောင်ရွက်ခဲ့ပြီးနောက် တိုးတက်ခဲ့ကြောင်း၊ အဆိုပါဝန်ကြီးဌာနအောက်ရှိ ရှေ့နေများဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ရှီဟာန်ရှင်းက ယူနန်ပြည်နယ်၌တနင်္ဂနွေနေ့က ကျင်းပသည့် ပထမဆုံးအကြိမ်ရှေ့နေများဖိုရမ်၌ ပြောကြားသည်။

**တာဝန်ထမ်း**

တရုတ်နိုင်ငံ၏ ပထမဆုံးကော်ပိုရေးရှင်း ရှေ့နေများသည် ပြည်နယ်အုပ်ချုပ်ရေးဌာန ၂၂ခုရှိ ကုမ္ပဏီကြီး ၁၅၀တွင် တာဝန် ထမ်းဆောင်နေသူများဖြစ်ကြောင်း ရှီက ပြောကြားသည်။ ၂၀၀၂မတိုင်မီက တရုတ်နိုင်ငံသည် ရှေ့နေအမျိုးအစားနှစ်ခုရှိ ကြောင်း၊ ယင်းတို့မှာ စီးပွားရေး လုပ်ငန်းများနှင့် စစ်ဘက်ဆိုင်ရာ ရှေ့နေများ ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စတိုးဆိုင်တစ်ဆိုင်တွင် ပြသထားသော ပြည်တွင်းဖြစ် လက်ကိုင်အိတ်များကို ထိုင်းအမျိုးသမီးတစ်ဦး စိတ်ဝင်တစား ကြည့်ရှုနေစဉ်။** (ထိုင်းနိုင်ငံသည် အလှကုန်ပစ္စည်းများမှ ဒေါ်လာဘီလီယံထောင်ပေါင်းများစွာ ရရှိရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**



# ပျောက်ဆုံးနေသော အတ္တလန္တာကျွန်းနိုင်ငံ ဆိုက်ပရပ်စ်နှင့် ဆီးရီးယားကြား ရေအောက်၌တွေ့ရှိ

လီမက်ဆော(ဆိုက်ပရပ်စ်) နိုဝင်ဘာ ၁၅

**ဆိုက်ပရပ်စ်ပင်လယ် ရေပြင်အောက်တွင် ပျောက်ဆုံးနေသော အတ္တလန္တာ ယဉ်ကျေးမှုကို တွေ့ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသီအိုရီသည်ရာစုပေါင်းများစွာ လေ့လာရှာဖွေနေသူတို့အား ဟန့်တားထားသည့် နားမလည်နိုင်စရာ လျှို့ဝှက်သည်းဖိုတစ်ရပ်ပင်ဖြစ်ကြောင်း အမေရိကန်သုတေသီတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။**

ယုံကြည်ထား

**မြေထဲပင်လယ် ချိုင့်ဝှမ်းတစ်ခု၏ ထောင့်မှန်စတုဂံပုံကုန်းမြေတစ်ခု ဘီစီ ၉၀၀၀ခန့်က ရေကြီးနစ်မြုပ်ခဲ့ကြောင်း၊ ယင်းသည် ဆိုက်ပရပ်စ်နှင့် ဆီးရီးယားကြားရှိ ပင်လယ်ရေအောက် ၁ ဒသမ၅ ကီလိုမီတာအနက်ရှိ အတ္တလန္တာဟု ယုံကြည်ထားကြောင်း ရောဘက်ဆာမတ်က ပြောကြားသည်။**

အတိအကျတွေ့

**မိမိတို့သည် ယင်းတို့ကို အတိအကျ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ယခုလ စောစောပိုင်းက ဆိုက်ပရပ်စ်ကမ်းခြေအရှေ့တောင်ဘက်မိုင် ၅၀ အကွာရှိ လေ့လာရေးအဖွဲ့ကိုဦးဆောင်နေသည့် ဆာမက်က ပြောကြားသည်။**

**ပင်လယ်ရေအောက် ရှာဖွေလေ့လာရေးဖန်သားပြင်က နစ်မြုပ်နေသော တောင်တစ်တောင်သည် လူတို့ တည်ဆောက်ထားသည်ကို ညွှန်ပြနေကြောင်း၊ ယင်းတောင်တွင် သုံးကီလိုမီတာရှည်လျားသည့် အုတ်တံတိုင်းတစ်ခုလည်းပါဝင်ကြောင်း၊ အုတ်တံတိုင်း၏ အမြင့်ဆုံးနေရာတွင် အလွန်နက်ရှိုင်းသည့် ကတုတ်ကျင်းများပါရှိကြောင်း၊ သို့ရာတွင် အနာဂတ် လေ့လာမှုများပြုလုပ်ရန် လိုအပ်နေသေးကြောင်း ၎င်းက ပြောကြားသည်။**

**အတ္တလန္တာသည် လွန်ခဲ့သော နှစ်ပေါင်း ၁၁၅၀၀ ခန့်က ဖွံ့ဖြိုးပြီး ထူးခြားသည့် ယဉ်ကျေးမှုတည်ရှိရာ ကျွန်းနိုင်ငံတစ်ခုဖြစ်ခဲ့ကြောင်း ဂရိ ရှေးဟောင်း အတွေးခေါ်ပညာရှင် ပလာတို၏ အဆိုအရ သိရသည်။**

အမ်အင်အေ၊ရိုက်တာ

# ဖလူးဂျာကိုသိမ်းပိုက်ရန် ကန်တို့ထိုးစစ်ဆင်သော တစ်ပတ်ကြာတိုက်ပွဲအတွင်း

## အမေရိကန်တပ်ဖွဲ့ဝင် ၃၈ဦးသေဆုံး၊ ၂၇၅ဦး ဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၅

**ဖလူးဂျာမြို့အားသိမ်းပိုက်ရန် တစ်ပတ်ကြာထိုးစစ်ဆင်ခဲ့သော စစ်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၃၈ဦး သေဆုံးခဲ့ပြီး ၂၇၅ဦး ဒဏ်ရာရခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။**

သေဆုံးသူစုစုပေါင်းတွင် တိုက်ပွဲ၌မဟုတ်ဘဲ ဒဏ်ရာရပြီး သေဆုံးသော တပ်ဖွဲ့ဝင်သုံးဦး ပါဝင်ကြောင်း၊ ဒဏ်ရာရသူ ၆၀မှာ တာဝန်ပြန်ထမ်းဆောင်နေပြီဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

**သေဆုံး**

စနေနေ့၌ အမေရိကန်စစ်ဘက်က အမေရိကန်တပ်ဖွဲ့ဝင် ၂၂ဦးနှင့် အီရတ်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး ၂၇၈ဦး ဒဏ်ရာရခဲ့ကြောင်း ပြောက်ကျား တပ်ဖွဲ့ဝင် ၁၀၀၀သေဆုံးပြီး ၄၅၀မှ ၅၅၀ကြား လက်နက်ချခဲ့ကြောင်း ပြောကြားခဲ့သည်။ အရပ်သားသေဆုံးမှုနှင့် စပ်လျဉ်း၍ မပြောကြားသော်လည်း လူအများသေဆုံးကြောင်း ဒေသခံများက ပြောကြားသည်။

ဘဂ္ဂဒက်တွင် စနေနေ့ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အီရတ်အမျိုးသားလုံခြုံရေးအကြံပေး ကက်စ်ဆင်မ်ဒါဝုဒ်က ဖလူးဂျာမြို့ကို အမေရိကန်–အီရတ်တပ်ဖွဲ့ဝင်များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှု ပြီးဆုံးကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် အမေရိကန်စစ်ဘက်က မြို့လုံခြုံရေး စိတ်ချရသည်အထိ နောက်ထပ်ရက်များစွာကြာဦးမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့ညပိုင်း၌ ပြောကြားခဲ့သည်။

ဖလူးဂျာမြို့တွင်း၌ အသက်အရွယ်ကြီးသူများ၊ အမျိုးသမီးများနှင့် ကလေးငယ်များ ထောင်ပေါင်းများစွာရှိပြီး ခိုလှုံရန်နေရာများ၊ အစားအစာများ၊ ရေများနှင့် ဆေးဝါးစောင့်ရှောက်မှုများ လိုအပ်ကြောင်း၊ အရေအတွက်မသိသည့် ဒဏ်ရာရ အရပ်သားများစွာရှိပြီး ကုသစောင့်ရှောက်မှုမရှိကြောင်း အီရတ်လခြမ်းနီက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ဖလူးဂျာမြို့ရှိ ပြည်သူတို့၏ဘေးဒုက္ခများ နိုင်ငံတကာ အကူအညီလိုအပ်

ဘဂ္ဂဒက် နိုဝင်ဘာ ၁၅

**တိုက်ပွဲများဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးဒုက္ခများနှင့် ကြုံတွေ့နေရသည့် ပြဿနာများရှိနေသည့် ဖလူးဂျာမြို့၏ မြင်ကွင်းသည် နိုင်ငံတကာ အကူအညီလိုအပ်ကြောင်းကို ဖော်ပြနေကြောင်း အီရတ်လခြမ်းနီအဖွဲ့ (အိုင်အာစီအက်စ်)၏ ပြောရေးဆိုခွင့်ရ အမျိုးသမီးတစ်ဦးက ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။**

**ပြောကြား**

အီရတ်နိုင်ငံ၏အဓိက အထောက်အကူပေးရေး အေဂျင်စီတစ်ခုဖြစ်သည့် အဆိုပါအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဖာဒက်ခ်အယ်အီဘာဒီက ဆင်ဟွာနှင့် သီးခြားတွေ့ဆုံဆွေးနွေးခန်းတစ်ခုတွင် ပြောကြားရာ၌ ဖလူးဂျာမြို့အတွင်း ရှိ အီရတ်ပြည်သူတို့၏ ဘေးဒုက္ခများနှင့်ပတ်သက်၍ အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းပင် ဖြစ်သည်။

**ပျက်စီး**

ဖလူးဂျာမြို့တွင် ကျန်းမာရေးကုသမှုဆိုင်ရာ ဆေးခန်းများလည်း ပျက်စီးနေခြင်း၊ ဖလူးဂျာရှိ အဓိကဆေးရုံကြီးတွင်လည်း စည်းကမ်းစနစ်တကျမရှိခြင်း၊ လမ်းများပေါ်တွင် သေဆုံးနေသော ပြည်သူများ၏ ကိုယ်ခန္ဓာများ၊ အသက်အရွယ်ကြီးရင့်သူများနှင့် လမ်းများပေါ်တွင် သေအံ့ဆဲဆဲ ပြည်သူများ၊ ဒဏ်ရာရရှိသူများရှိနေသည်။

**သေဆုံး**

ထို့အပြင် တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် ကိုယ်ဝန်ဆောင်မိခင်များ သန္ဓေသားပျက်စီးခြင်းများနှင့် အီရတ်ကလေးငယ်များ သေဆုံးခဲ့ရသည့် အဖြစ်အပျက်များရှိနေကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်နှင့် အီဂျစ် နိုင်ငံခြားရေးဝန်ကြီးများ အီရတ်ကိစ္စ ဆွေးနွေး

**ဘရာဆီလီယာ နိုဝင်ဘာ ၁၅**

အီရတ်နိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာဆိုင်ရာ ညီလာခံအပေါ်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျာရှင်းနှင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူလ်ဂယ်တို့ စနေနေ့က တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာလီသည် တရုတ်သမ္မတ ဟူကျင်တောင်နှင့်အတူ ယခုအခါ ဘရာဇီးနိုင်ငံသို့ အလည်အပတ်ခရီးစဉ်အဖြစ် ရောက်ရှိနေသည်။ အီဂျစ်နိုင်ငံသည် အီရတ်ဆိုင်ရာနိုင်ငံတကာညီလာခံကို ပင်လယ်နီ အပန်းဖြေစခန်းဖြစ်သည့် ရှမ်အယ်လ်ရှိတ်၌ ယခုနိုဝင်ဘာ ၂၂ရက်မှ ၂၃ရက်အထိ လက်ခံကျင်းပမည် ဖြစ်သည်။

အဆိုပါညီလာခံတွင် ပါဝင်တက်ရောက်သူများအနေဖြင့် အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် ဒီမိုကရေစီကူးပြောင်းရေးဆိုင်ရာကိစ္စရပ်များကို ပြောဆိုဆွေးနွေးကြမည် ဖြစ်သည်။

**အမ်အင်အေ၊ ဆင်ဟွာ**



**ထွက်ခွာ**

**ဖလူးဂျာမြို့တွင် တိုက်ခိုက်မှုများ ဖြစ်ပွားနေခြင်းကြောင့် မြို့ပြင်သို့ ရှောင်တိမ်းထွက်ခွာလာကြသော အီရတ်မိသားစုများကို နိုဝင်ဘာ ၁၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

**ရေနံတွင်းမီးလောင်**

**အီရတ်နိုင်ငံ ခါဘာဇာမြို့အနီးရှိ ရေနံတွင်းတစ်တွင်း မီးလောင်နေသည်ကို အီရတ်မီးသတ်သမားများက နိုဝင်ဘာ ၁၅ရက်က ငြိမ်းသတ်နေကြစဉ်။** (ဓာတ်ပုံ–အင်တာနက်)



# အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ရေး

## နေတိုးအဖွဲ့ဝင် ၁၀ နိုင်ငံ ငြင်းဆိုထား

လန်ဒန် နိုဝင်ဘာ ၁၅

**နေတိုးအဖွဲ့ဝင် ၁၀နိုင်ငံတို့သည် ယင်းတို့၏ မဟာမိတ်များအနေဖြင့် အနာဂတ်ပြဿနာများကို ရင်ဆိုင်တိုက်ခိုက်ရာတွင် မည်သို့ပင် သံသယဖြစ်မှုများ တိုးပွားနေသော်လည်း အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် ငြင်းဆိုထားခဲ့ကြသည်။**

မိမိတို့ ၁၀နိုင်ငံသည် အီရတ်နိုင်ငံအတွင်းသို့ ယင်းတို့၏ တပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်မည်မဟုတ်သလို တပ်ဖွဲ့ဝင်များလည်း စေလွှတ်မည်မဟုတ်ကြောင်း နေတိုးမဟာမိတ်တပ် အကြီးအကဲ ဗိုလ်ချုပ်ကြီး ဂျိမ်းခ်ဂျုံး၏ ပြောကြားချက်ကို ဖိုင်နန်ရှယ်တိုင်းမ်သတင်းစာက ကိုးကား ဖော်ပြသည်။

**ဖော်ပြ**

အဆိုပါကိစ္စသည် အနာဂတ်မစ်ရှင်များတွင် မဟာမိတ်၏ အနာဂတ်စည်းလုံးရေးအတွက် ၎င်း၏ပါဝင်မှုအတွက် တပ်ဖွဲ့ဖြစ်ကြောင်း အဆိုပါသတင်းစာက ဖော်ပြသည်။

**ဆန့်ကျင်**

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော စစ်ပွဲသို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် နေတိုး ၂၆နိုင်ငံက ငြင်းဆိုခဲ့မှုအပေါ် ဂျုံးက မပြောဆိုနိုင်ကြောင်း၊ နေတိုးအဖွဲ့ဝင်များဖြစ်သည့် ပြင်သစ်၊ ဂျာမနီနှင့် ရုရှားတို့သည် အဆိုပါစစ်ပွဲကို ဆန့်ကျင်ခဲ့ကြကြောင်း သတင်းစာက ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

# ဖလူးဂျာမြို့အား ကန်တို့တိုက်ခိုက်မှု အဆုံးသတ်ရန် အီရတ်တို့ဆန္ဒပြတောင်းဆို

**ဖလူးဂျာ နိုဝင်ဘာ ၁၅**

ဘာကူဘာ မြို့အနီးရှိ ဘိုးဖီးစ်မြို့ မြောက်ဘက်ပိုင်းတွင် ဆန္ဒပြသူ ရာပေါင်းများစွာတို့ စုဝေးကာ ဖလူးဂျာမြို့၌ ဆင်နွှဲနေသော အမေရိကန်တို့၏ စစ်ရေးအရ တိုက်ခိုက်မှုကို အဆုံးသတ်ရန် တောင်းဆိုဆန္ဒပြခဲ့ကြပြီး အီရတ်ကြားဖြတ်အစိုးရကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။

**ရွှေ့ပြောင်း**

ဖလူးဂျာမြို့ တိုက်ပွဲကြောင့် ဒဏ်ရာရ အီရတ်အရပ်သား အများအပြားကို ဆေးရုံများသို့ ကယ်ဆယ်ရွှေ့ပြောင်းလျက်ရှိကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

ဖလူးဂျာမြို့ဒေသခံ ၉၀ရာခိုင်နှုန်းထက်မနည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြသည်ဟု ယူဆသော်လည်း ဖလူးဂျာဒေသခံမည်မျှ မြို့အတွင်း၌ ဆက်လက်နေထိုင်ကြသည်ကို အတိအကျမသိရဟု ဆိုသည်။

**(စီအင်န်အင်န်)**





# အိန္ဒိယလေတပ်ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် နိုဝင်ဘာ ၁၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယ သမ္မတနိုင်ငံ အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal S Krishnaswamy, COSC, PVSM, AVSM, VM & Bar, ADC Chief of the Air Staff နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel J.S. Chopra နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဖဟားရ်ရှားဂူဗိမာန်သို့ သွားရောက်၍ ဂါရဝပြုကြသည်။**

## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယလေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်၊ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲချစ်ဖေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အိန္ဒိယလေတပ်ဦးစီးချုပ်နှင့် အဖွဲ့အား ရှင်းလင်းဆောင်၌ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်မောင်ထွန်း**(အပေါ်ပုံ)**က မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ်အကြောင်း သိကောင်းစရာများကို ဗီဒီယိုဖြင့်ပြသကာ ရှင်းလင်းပြောကြားသည်။

## အပြန်အလှန်ပေးအပ်

ထို့နောက်ဧည့်သည်တော် အိန္ဒိယလေတပ်ဦးစီးချုပ်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ညပိုင်းတွင် ဧည့်သည်တော် အိန္ဒိယလေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံ စေတီတော်သို့သွားရောက် ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး စေတီတော် ရင်ပြင်ရှိ သာသနိကအဆောက်အအုံများကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယလေတပ်ဦးစီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ စေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည် ကြည်ညိုကြသည်။

**(သတင်းစဉ်)**

# ရှစ်မိုင်မစိုးရိမ်ရွှေကျောင်းတိုက်သစ် မဟာဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရှစ်မိုင် မစိုးရိမ်ရွှေကျောင်းတိုက်သစ်၌ ပုရိမဝါမှ ထမြောက်တော်မူကြမည့် စာချစာသင်သံဃာတော်အရှင်သူမြတ်အပါး ၁၅၀ တို့အား ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီမှ ၁၂ နာရီအထိ အဆိုပါကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင် ဒါယကာ ဒါယိကာမအပေါင်းတို့ ကြွရောက်ကြည်ညိုကုသိုလ်ယူကြရန် သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

# အထက(၁)လှိုင် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

လှိုင်မြို့နယ် အထက(၁)တွင် ၁၉၆၈ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံကြ၍ ယင်းနှစ်တွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်းရှိ အားကစားခန်းမ၌ လာမည့် ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

၁၉၆၈ ခုနှစ်မှ ၁၉၇၂ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများသည် နိုဝင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် အထက(၁) လှိုင် အားကစားခန်းမတွင် တွေ့ဆုံညှိနှိုင်းကြမည်ဖြစ်သည်။ အလှူငွေများကို ဗိုလ်မှူးကြီးဇော်ထွန်း ဖုန်း–၆၄၂၁၀၃၊ ဦးခင်ဇော် ဖုန်း–၇၀၇၅၇၅၊ ၀၉–၉၉–၂၂၅၅၅၊ ဦးဇေယျ ဖုန်း–၅၀၁၉၈၀၃ နှင့် ဒေါ်လှလှဝင်း ဖုန်း–၅၂၇၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# သာယာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**

# ရတနာသိင်္ဃစာသင်တိုက် ကထိန်သင်္ကန်းကပ်လှူမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၁၀ ကင်မွန်းခြံရပ်ကွက် တံတားဖြူကန်လမ်း လှိုင်မြင်းမိုရ်အိမ်ရာရှိ ရတနာသိင်္ဃပရိယတ္တိ စာသင်တိုက်၌ ဘဒ္ဒန္တ နေမိန္ဒာဘိသိရိ(အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)ဆရာတော်နှင့် စာချစာသင် ၆၇ပါး၊ ပင့်သံဃာတော်အပါး ၆၀ ကျော်တို့အား ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၂၆ ရက်) သောကြာနေ့ နံနက် ၇ နာရီတွင် နှစ်စဉ် ကျင်းပမြဲအတိုင်း (၂၆) ကြိမ်မြောက် မဟာဘုံကထိန်လျာသင်္ကန်း လှူဒါန်းဆက်ကပ်မည်ဟု သိရသည်။ **(က–ပ)**



**ကွယ်လွန်သူ သမီး မဖြူဖြူခိုင်၊ မခင်လှပို၊ မနွဲ့ဒါလီအောင် တို့အား ရည်စူး၍ ပုသိမ်မြို့ ငဝန်ကျွန်းသာ ၁၀ လမ်း အမှတ်၄၂၄နေ ဦးလှရှိန်–ဒေါ်ကျော့ကျော့မိသားစု(အေစီအီးဆောက်လုပ်ရေး)က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းငါးသောင်းကို အောက်တိုဘာ၂၉ရက်ကလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။ (က–ပ)**

# ပထဝီဝင်ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာနတွင် အမှုထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့်ပြီး အငြိမ်းစားယူခဲ့ကြသောဆရာကြီး ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို အစဉ်သတိရအောက်မေ့လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန ဖုန်း–၅၃၆၉၄၃သို့ ဆက်သွယ်လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

# နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ်ပန်းချီ၊ ပန်းပုပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် နိုဝင်ဘာ ၁၆

**၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့် အနုပညာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲကျင်းပရေး ဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲများကိုကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးဖြစ်သည်။**

## အဆင့်ခြောက်ဆင့်ခွဲထား

ပန်းချီပြိုင်ပွဲကို မူကြိုအဆင့် (မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များ)၊ မူလတန်း(အငယ်)အဆင့် (သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း)၊ မူလတန်း(အကြီး)အဆင့် (တတိယတန်း၊ စတုတ္ထတန်း)၊ အလယ်တန်းအဆင့် (ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း)၊ အထက်တန်းအဆင့် (အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးကျောင်းများ)နှင့် အလွတ်တန်းအဆင့် (တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ပန်းချီ၊ ပန်းပုကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့်ဝါသနာရှင်၊ ပညာရှင်များ)ဟူ၍ အဆင့်ခြောက်ဆင့် ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

## ပန်းပုပြိုင်ပွဲ

ပန်းပုပြိုင်ပွဲကို အလွတ်တန်းအဆင့် တစ်မျိုးတည်းသာ ကျင်းပမည်ဖြစ်ပြီး အလွတ်တန်းအဆင့်(ပလတ်စတာ)နှင့် ပန်းပု(သစ်သား)ဟူ၍ ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပန်းပုပြိုင်ပွဲ အမျိုးအစားနှစ်ရပ်စလုံးတွင် ဝါသနာရှင်၊ ပညာရှင်၊ ကျောင်းသား ကျောင်းသူများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည်။

## ပန်းချီပြိုင်ပွဲ

ပန်းချီပြိုင်ပွဲမူကြိုအဆင့်နှင့် အခြေခံပညာအဆင့်အားလုံးတွင် ပြိုင်ပွဲဝင်ပန်းချီကား၏ အရွယ်အစားမှာ အလျား လက်မ၂၀၊ အနံ ၁၅ လက်မအရွယ်အတွင်း နှစ်သက်ရာဆေး၊ နည်းစနစ်ဖြင့် ရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေးဆွဲကြောင်းနှင့် ကျောင်းလိပ်စာ၊ ဆက်သွယ်ရန်နေရပ်လိပ်စာအပြည့်အစုံဖော်ပြလျက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ စိစစ်ထောက်ခံချက်ဖြင့် စုစည်းပေးပို့ရမည်။

နှစ်လက်မ X နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံနှင့်အတူ ၂၃–၂–၂၀၀၅ရက် နောက်ဆုံးထား၍ လက်တွေ့ဖွံ့ဖြိုးမှုဌာနစု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စုစည်းပေးပို့ရန်နှင့် ၎င်းပြိုင်ပွဲဝင်လက်ရာပန်းချီကားများအား ၁–၃–၂၀၀၅ ရက်တွင် တပ်မတော်ခန်းမသို့ စုစည်းပေးပို့ရမည်ဖြစ်သည်။

အလွတ်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ပန်းချီကားများကို အလျားလက်မ၃၀၊ အနံလက်မ၂၀အရွယ်အတွင်း နှစ်သက်ရာဆေး၊ စက္ကူ၊ ကင်းဗတ်နည်းစနစ်တို့ဖြင့် အသုံးပြုရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်း၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန် နေရပ်လိပ်စာတို့ကို ဖော်ပြပါရှိရမည်။ နှစ်လက်မ X နှစ်လက်မခွဲ အရွယ် ရောင်စုံဓာတ်ပုံ သုံးပုံနှင့်အတူ ၁–၃–၂၀၀၅ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အမှတ်(၁၈၇) ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၅ ခုနှစ် မတ်လ ၁ ရက်မှ ၃ ရက်အတွင်း အတွင်းရေးမှူး ပန်းချီပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေး ဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

အလွတ်တန်းအဆင့်ပန်းပု(ပလတ်စတာ)နှင့် အလွတ်တန်းအဆင့်ပန်းပု(သစ်သား)ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပြိုင်ပွဲဝင်ပန်းပုလက်ရာများသည် အမြင့်၃၆ လက်မထက် မကျော်ရ၊ အောက်ခြေပတ်လည် ၂၄ လက်မထက် မကြီးရ၊ နှစ်သက်ရာသစ်သား၊ ပလတ်စတာ စသည်တို့ဖြင့် ပြုလုပ်နိုင်သည်။ ကိုယ်တိုင်ထုလုပ်ကြောင်း ဝန်ခံချက်၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန်လိပ်စာ၊ ကိုယ်ရေးအကျဉ်းတို့နှင့်အတူ နှစ်လက်မ X နှစ်လက်မခွဲ အရွယ် ရောင်စုံဓာတ်ပုံသုံးပုံပူးတွဲ ပါရှိရမည်။ ပန်းပုရုပ်များကို နှစ်သက်ရာခေါင်းစဉ်ပေးနိုင်ပြီး ယခင်နှစ်များက ပြိုင်ပွဲပြပွဲသို့ တင်သွင်းခဲ့ဖူးသည့်ရုပ်တုမဖြစ်စေရ။ ၂၀၀၅ ခုနှစ် မတ်လ၃ရက်နေ့ နောက်ဆုံးထား၍ အတွင်းရေးမှူး၊ ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲထုဆစ်ကြရန်ဖြစ်သည်။

အလွတ်တန်းအဆင့် ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုလက်ရာများကို ၂၀၀၅ ခုနှစ် မတ်လ ၁ရက်နေ့နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အမှတ်(၁၇၈) ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၅ ခုနှစ် မတ်လ ၁ရက်နေ့မှ ၃ ရက်နေ့အတွင်း အတွင်းရေးမှူး ပန်းချီပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေး ဆပ်ကော်မတီ ဦးဝိစာရလမ်း တပ်မတော်ခန်းမ ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

## ဂုဏ်ပြု

တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲဝင် လက်ရာများအပြင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပြပွဲတွင် ပန်းချီနှင့် ပန်းပုရုပ်တုများကိုလည်း တင်သွင်းပြသနိုင်သည်။

ဂုဏ်ပြုပြပွဲတွင် ပန်းချီကားနှင့်ပန်းပုရုပ်တုများကို နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏အစဉ်အလာကောင်း(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ထုဆစ်ကြရန်ဖြစ်သည်။

ရှေးခေတ်မြန်မာ့တပ်မတော်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ စသည့် တပ်မတော်၏ သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံတော်အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ဖော်ကျူးရေးဆွဲထုဆစ်နိုင်ကြသည်။

ဂုဏ်ပြုပြပွဲတွင် ပန်းချီကားနှင့် ပန်းပုရုပ်တုများကို ၂၀၀၅ ခုနှစ် မတ်လ ၁ ရက်မှ ၅ရက်အတွင်း ဦးဝိစာရလမ်း တပ်မတော်ခန်းမသို့တိုက်ရိုက် ပေးပို့တင်သွင်းရန်ဖြစ်ကြောင်း စည်းကမ်းချက်များတွင်ဖော်ပြထားသည်။

**(သတင်းစဉ်)**




နိုဝင်ဘာ ၁၆ရက်က ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့၏(၁/၂၀၀၄)အစည်းအဝေးတွင် ဗဟိုအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ပြည်–ဆိပ်သာ သဘာဝဓာတ်ငွေ့ မြစ်ဖြတ်ပိုက်လိုင်း ဆက်သွယ်မှု ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး၊ ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၆

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ပြည်–ဆိပ်သာ ၁၀ လက်မသဘာဝဓာတ်ငွေ့ မြစ်ဖြတ်ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ပိုက်လိုင်းဆက်သွယ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် ပဲခူးတိုင်းအနောက်ပိုင်း ပြည်ခရိုင် ရွှေတောင်မြို့နယ် တရုတ်မော်ရွာ အရှေ့ဘက်ကမ်းမှ ဆိပ်သာရွာဘက်ကမ်းသို့ သွားရောက်ပြီး မြစ်ဖြတ်ဆွဲထားသည့် ပိုက်လိုင်း အခြေအနေ၊ မြစ်အတွင်း သောင်တူးစက်ဖြင့် တူးပြီး ပိုက်လိုင်းမြေမြှုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့အား လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ(ပိုက်လိုင်း)ဦးသန်းထွဋ်က ၁၀ လက်မပိုက်များ ဧရာဝတီမြစ်ကို ဖြတ်၍ ဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေ၊ မြစ်ဖြတ်ဆွဲပြီးသော ပိုက်လိုင်းအား ဖိအား (Pressure)ဖြင့် စမ်းသပ်မှု အခြေအနေနှင့် လက်ရှိဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဧရာဝတီမြစ်ရေတက်ရေကျ၊ မြစ်ကြောင်း ရေစီးဆင်းမှု၊ ရေအနက်၊ မြစ်ကြမ်းပြင်အနေအထား၊ သောင်တူးစက်ဖြင့် မြစ်ကြမ်းပြင်တွင် ပိုက်လိုင်း မြေမြှုပ်ရန် မြောင်းတူးဖော်မှု အခြေအနေ၊ ဆက်လက်၍ ပိုက်လိုင်းမြေမြှုပ် ပြီးစီးမှုကို အသံလှိုင်းကိရိယာ၊ ရေငုပ်သမားတို့ဖြင့် ပြန်လည်စစ်ဆေးမည့် အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**(အပေါ်ယာပုံ)** ဝန်ကြီးက ယခုအကြိမ်သည် စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှကျွမ်းကျင်သူပညာရှင်များ ပေါင်းစပ်၍ စနစ်အကျဆုံး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆက်သွယ်ပြီးစီးသည့် ပိုက်လိုင်းကိုလည်း အထပ်ထပ်စစ်ဆေးပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည်မြစ်ကြောင်းတစ်လျှောက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် မြစ်အရှေ့ဘက်ကမ်းတွင် ပိုက်လိုင်းဆက်သွယ်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**ပေးအပ်ချီးမြှင့်**

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် ပိုက်လိုင်းဆက်သွယ်ရေး လုပ်ငန်းခွင်၌ ပြည်–ဆိပ်သာ ၁၀ လက်မ သဘာဝဓာတ်ငွေ့မြစ်ဖြတ်ပိုက်လိုင်းအောင်မြင်စွာ ဆက်သွယ်ပြီးစီးမှု အခြေအနေ၊ သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်နိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြစ်ဖြတ်ပိုက်လိုင်းအောင်မြင်စွာ ဆက်သွယ်ဆောင်ရွက်ခဲ့ကြသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား ချီးကျူး အားပေးစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

**ပို့လွှတ်နိုင်ပြီ**

အဆိုပါ ပြည်–ဆိပ်သာ ၁၀ လက်မ သဘာဝဓာတ်ငွေ့ မြစ်ဖြတ်ပိုက်လိုင်း အောင်မြင်စွာ ဆက်သွယ်ပြီးစီးသွားပြီဖြစ်သဖြင့် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲမှ စတင်၍ ကြံခင်းဘိလပ်မြေစက်ရုံ၊ မြန်အောင် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် အခြားစက်ရုံ အလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့ ပုံမှန်ပို့လွှတ်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# (၅၄)ကြိမ်မြောက် ရွှေပြားသက်နိုး ၁၁ ပြားလှူဒါန်းမည်

ရန်ကုန် နိုဝင်ဘာ ၁၆

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသဗ္ဗာရဝတ်အသင်းကြီးက ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား (၅၄)ကြိမ်မြောက် ရွှေစင်ရွှေပြား အလေးချိန် သုံးကျပ်သားစီရှိသော ရွှေပြားသက်န်းတော် ၁၁ ပြားကို ဗြဟ္မာမင်းကြီးများ ပင့်ဆောင်ဟန်ဖြင့် နိုဝင်ဘာ ၂၁ရက်တွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းမှ စမ်းချောင်းမြောက်ရပ်ကွက်နှင့် ကြည့်မြင်တိုင်မြို့နယ် အုန်းတောမှ နတ်စင်လမ်းသို့လည်းကောင်း၊ နိုဝင်ဘာ ၂၂ရက်တွင် စမ်းချောင်းမြို့နယ် စမ်း/တောင်ရပ်ကွက်နှင့် ကြည့်မြင်တိုင်မြို့နယ် ဆေး/ငြိမ်းရပ်ကွက်၊ ပန်းလှိုင်ရပ်ကွက်တို့သို့လည်းကောင်း၊ နိုဝင်ဘာ၂၃ရက်တွင် ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းမှ ဘောဂရပ်ကွက်သို့လည်းကောင်း၊ နိုဝင်ဘာ ၂၄ရက်တွင် စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက်မှ မြေနီကုန်းရပ်ကွက်သို့လည်းကောင်း စည်ကား သိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံပြီး ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်ရှိ အသင်းတန်ဆောင်းရှေ့၌ အပူဇော်ခံမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

# စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီ တတိယအကြိမ်စည်းဝေး

ရန်ကုန် နိုဝင်ဘာ ၁၆

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီ တတိယအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် သိမ်ဖြူလမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီ အဖွဲ့ဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကြိုဆိုပို့ဆောင်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က နိုင်ငံအသီးသီးမှကြွရောက်တော်မူမည့်ဆရာတော်များနှင့် နိုင်ငံ့ခေါင်းဆောင်များ၊ အထူးဧည့်သည်များအတွက် ကြိုဆိုပို့ဆောင်ရေးဆိုင်ရာ စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၇–၁၁–၂၀၀၄(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၈:၀၀ | ၆။ | အရေးပြိုင်ပွဲ |
| ၈:၀၅ | ၇။ | တေးဂီတအစီအစဉ် |
| ၈:၂၀ | ၈။ | ရွှေလောင်းတံတား |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | Practice in Reading. |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၁၇:၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇:၃၀ | ၇။ | ဂီတမဟာ ပျော်စရာ |
| ၁၇:၅၀ | ၈။ | မြန်မာစာ မြန်မာစကား |
| ၁၈:၀၅ | ၉။ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၈:၁၅ | ၁၀။ | Discovery |
| ၁၈:၂၀ | ၁၁။ | မှုဟန်သွယ်သွယ် ဆိုကြမယ် |
| ၁၈:၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၄။ | တေးဂီတအစီအစဉ် |
| ၁၉:၂၀ | ၁၅။ | ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ |
| ၁၉:၃၅ | ၁၆။ | တေးဂီတအစီအစဉ် |
| ၂၀:၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | **၂၀၀၃–၂၀၀၄ပညာသင်နှစ် ရန်ကုန်ပန်တျာကျောင်း သင်တန်းဆင်းပွဲတင်ဆက်မှု အစီအစဉ်** |

# အရှင်ပညာသီဟာဘိဝံသ တန်ဆောင်တိုင်ဓမ္မသဘင်

ရန်ကုန် နိုဝင်ဘာ ၁၆

အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အရှင်ပညာသီဟာဘိဝံသ(ပဥ္စနိကာယ်) သစအ ဓမ္မာစရိယ၊ ဝိနယ ပါဠိပါရဂူ ဆရာတော်သည် နိုဝင်ဘာ၂၀ရက် ည၇နာရီတွင် တာမွေမြို့နယ် ကျားကွက်သစ် သာသနဟိတဓမ္မာရုံ၌ ညတရား၊ နိုဝင်ဘာ၂၁ရက် နံနက်၉နာရီတွင် ရှစ်မိုင် မစိုးရိမ် ရွှေကျင်ကျောင်းတိုက် ကထိန်တရား၊ မွန်းလွဲ ၂နာရီ၌ ကမာရွတ်မြို့နယ် အင်လျားရွာသစ်ဓမ္မာရုံ၌ နေ့တရား၊ နိုဝင်ဘာ ၂၃ရက် ည၇နာရီတွင် စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းရပ်ကွက် ပြည့်သူကွက်သစ်၌ ဆွမ်းသိမ်းအောင်ပွဲ ညတရား၊ ဒဂုံမြို့သစ်(တောင်ပိုင်း) လေးထောင့်ကန် အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ သိရိဂုဏ်ဝေဓမ္မဗိမာန်၌ နိုဝင်ဘာ၂၄ရက် နံနက် ၉နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟုသိရသည်။ (က–ပ)

# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၁/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များကို စိတ်ပါ ဝင်စားသူများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် စီးပွား ရေးလုပ်ငန်းရှင်များ၊ အစိုးရဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများ စုစုပေါင်း ၁၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၁၂ပတ် ကြာမြင့် ခဲ့သည်။ **(သတင်းစဉ်)**

# တံခွန်တိုင်တောရ ဘုံကထိန်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၆

အောင်စေတီဆရာတော်ကြီးအား အမှူးထား၍ တံခွန်တိုင်တောရကျောင်းတိုက်တွင် သီတင်းသုံးဝါကပ်တော်မူသော သံဃာတော်များနှင့် ပင့်သံဃာ အပါး၉၀တို့အား မဟာဘုံကထိန်သင်္ကန်း ဆက်ကပ် ပူဇော်ပွဲကို နိုဝင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့)နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သာကေတမြို့နယ် (၁၂)ရပ်ကွက် ၁၀ တောင်ရှိ တံခွန်တိုင်တောရကျောင်းတိုက်တွင် ဆက်ကပ်လှူဒါန်းမည်ဟု သိရသည်။ (က–ပ)

# အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၆

ပဲခူးတိုင်း နတ်တလင်းမြို့နယ် အထကတွင် ၁၉၄၉–၂၀၀၄ခုနှစ်အထိ အမှုထမ်းခဲ့သည့် ဆရာကြီးနှင့် ဆရာမကြီးများအား တပည့်ကျောင်းသားဟောင်းများက စုပေါင်း၍ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် နတ်တလင်းမြို့ အထက၌ ကျင်းပမည်ဖြစ်ရာ ဒေါ်ဝင်းကြည် ဖုန်း–၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း ဖုန်း–၆၆၆၂၇၈၊ ဦးလှသန်း ဖုန်း–၅၃၇၈၃၉၊ ဦးကောင်းကြီး(မြို့နယ်ပညာရေးမှူး–ငြိမ်း၊ နတ်တလင်းမြို့)၊ ဦးမြင့် (မြို့နယ်ပညာရေးမှူး၊ နတ်တလင်းမြို့)နှင့် ဒေါ်ခင်ဌေးမြင့် (ကျောင်းအုပ်ဆရာမကြီး၊ အထက၊ နတ်တလင်းမြို့) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

**နိုဝင်ဘာ ၁၄ရက်က မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၃၈)ကြိမ်မြောက် သံယုတ်မြန်မာပြန် စာမေးပွဲတွင် ရန်ကုန်စာဖြေဌာနမှ ဆုရရှိသူများအား စာအောင်လက်မှတ် အပ်နှင်းပွဲ ကျင်းပရာ သီရိသုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်မိမိခင် (လူမှုထူးချွန် ပထမဆင့်)က မဟာဝဂ္ဂသံယုတ်ပါဠိမြန်မာပြန်၌ တစ်နိုင်ငံလုံး ပထမဆုရရှိသူ ပါမောက္ခဒေါက်တာ ဒေါ်သန်းသန်းဆွေအား ဆုငွေနှင့် စာအောင်လက်မှတ်ချီးမြှင့်စဉ်။**

(က–ပ)



# ပြည်သူလူထု၏ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး နိုင်ငံတော်၏ဦးဆောင်မှုအရေးကြီး ကျန်းမာရေးမျှော်မှန်းချက်နှင့်မူဝါဒများအကောင်အထည်ဖော်ရန် ကျန်းမာရေးဝန်ထမ်းများအပေါ်တည်မှီ ပြည်သူများရောဂါကင်းရှင်းစွာသက်တမ်းစေ့နေနိုင်ရေး ကာကွယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဟန်ချက်ညီညီပေါင်းစပ်

ရန်ကုန် နိုဝင်ဘာ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်ဖြင့်ထွက်ခွာကြရာ နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မန္တလေးမြို့ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံကြီး၌ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်ဒေါက်တာမြမိုးက လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ခုတင်(၈၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး(မန္တလေး)သို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးမောင်ဝင်း၊ ပါမောက္ခ ဌာနမှူးများ၊ အထူးကုသမားတော်ကြီးများ၊ ဆရာဝန်ကြီးများ၊ သူနာပြုအုပ်နှင့် သူနာပြုဆရာမကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ရှင်းရှင်းနီးနီးနှုတ်ဆက်

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဆေးရုံကြီးရှိ ဆီးကျောက်ခြေစက်ခန်း၊ဓာတ်မှန်ရိုက်ခန်းရှိခေတ်မီကုသရေးဆိုင်ရာ စက်သစ်ကြီးများကို ကြည့်ရှုစစ်ဆေးကြပြီး ရောဂါရှာဖွေ စမ်းသပ်ရန် လာရောက်ကြသည့် ပြင်ပလူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သံလိုက်ခွန်အားသုံး အသံလှိုင်းဖြင့် ရောဂါရှာဖွေသည့် စက်ခန်း(M.R.I-Room)၊ Colour Doppler Ultrasound စက်ခန်း၊ ကွန်ပျူတာဓာတ်မှန်ခန်း(C.T Sean Room)၊ C.T Control Room၊ ခန္ဓာကိုယ် သွေးကြောများကို ဓာတ်မှန်ရိုက်စက်(Angiography Room)တို့ကိုကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် သက်ဆိုင်ရာ ဌာနမှူးများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် အကြောအဆစ်နှင့် မသန်စွမ်းမှု ပြန်လည်ထူထောင်ရေး အထူးကုသဆောင်တို့၌ ဆေးကုသမှုခံယူနေကြသည့် အတွင်းလူနာနှင့် ပြင်ပလူနာများအား တွေ့ဆုံအားပေးသည်။

## ရှင်းလင်းပြသ

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နှလုံးရောဂါအထူးကုသဌာနရှိလူနာစမ်းသပ်စက်ခန်း(Examination Room)နှင့် နှလုံးသွေးကြောပိတ်လူနာကုသဌာန(Coronary Care Unit)၊ ဆီးနှင့်ကျောက်ကပ်အထူးကုသဌာန၊ကျောက်ကပ်တုသွေးသန့်စင်ခန်း (Haemodialysis Room)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ ဌာနမှူးသမားတော်ကြီးများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူထားကြသော အသက်(၃၈)နှစ်ရှိ ဒေါ်စောမမနှင့် အသက်(၂၇)နှစ်ရှိ ကိုဝင်းသူရလတ်တို့အား တွေ့ဆုံနှုတ်ဆက်ပြီး ကျန်းမာရေးအခြေအနေကို မေးမြန်းအားပေးစကားပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဌာန သင်ကြားရေးခန်းမ၌ မန္တလေးဆေးတက္ကသိုလ်နှင့် ဆေးဘက်ပညာသည် တက္ကသိုလ်တို့မှ နောက်ဆုံးနှစ် ဆေးပညာရှင်များ ဆေးပညာသင်ကြားနေမှုတို့ကိုလည်းကောင်း၊ နှလုံးခွဲစိတ်ကုသခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



## ကြည့်ရှုစစ်ဆေး

အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တိုင်းရင်းဆေး တက္ကသိုလ် (မန္တလေး) ရှိ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆေးရုံရှိ အစည်းအဝေးခန်းမ၌ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ပါမောက္ခဌာနမှူးများ၊ အထူးကုသမားတော်ကြီးများ၊ ကထိကများ၊ ဆရာဝန်ကြီးများ၊သူနာပြုအုပ်နှင့် သူနာပြုဆရာမကြီးများအား တွေ့ဆုံသည်။

## လက်ဆောင်ပစ္စည်းပေးအပ်

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မန္တလေးကလေးအထူးကုဆေးရုံကြီးမှ တင်ပါးဆုံကွင်းဆက် ခွဲစိတ်ကုသအောင်မြင်ခဲ့သည့် မိုးမမအောင်နှင့် မိုးပပအောင် ညီအစ်မနှစ်ဦးတို့အား တွေ့ဆုံကာ ကျန်းမာရေးအခြေအနေကို မေးမြန်းအားပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ဆေးရုံအုပ်ကြီးဒေါက်တာဦးမောင်ဝင်းက ဆေးရုံ၏နောက်ခံသမိုင်း၊ သင်ကြားရေးဆေးရုံကြီးအဖြစ် ပူးတွဲဆောင်ရွက်ထားမှု၊ ဝန်ထမ်းအင်အား၊ ဖွဲ့စည်းထားသော ဆေးကုသမှုဆိုင်ရာ ဌာနကြီးများ၊ နိုင်ငံတော်ကအဆင့်မြင့်ရောဂါရှာဖွေကုသရေးဆိုင်ရာ ခေတ်မီစက်ကိရိယာပစ္စည်းများ ဖြည့်တင်းတပ်ဆင်ပေးထားမှု၊ အတွင်းလူနာ၊ ပြင်ပလူနာနှင့် အရေးပေါ်လူနာများ ဆေးကုသခံယူမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## စီမံချက်များရေးဆွဲချမှတ်

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး မှာကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ရန် ဦးတည်ချက်များချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့တည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်သဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် စီမံချက်များရေးဆွဲချမှတ်ပြီး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

## မူဝါဒပြဋ္ဌာန်းပေး

ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် နိုင်ငံတော်၏ဦးဆောင်မှုအခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ယခုအခါ ကျန်းမာရေးဆိုင်ရာမူဝါဒများချမှတ်ပြီး အဆိုပါမူဝါဒများကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားကျန်းမာရေးကော်မတီကို ဖွဲ့စည်းပြီး အနီးကပ်ကြီးကြပ်မှု၊ ဦးဆောင်လမ်းညွှန်မှုများပြုလုပ်နိုင်ရန် အမျိုးသားကျန်းမာရေးမူဝါဒ ၁၅ ချက် ပြဋ္ဌာန်းပေးခဲ့ကြောင်း။

အလွန်မြင့်မားသည့်ကျန်းမာရေးမျှော်မှန်းချက်၊ ပြည့်စုံကောင်းမွန်သည့် ကျန်းမာရေးမူဝါဒများ အပြည့်အဝအကောင်အထည်ဖော်ရန် ဆရာဝန်ကြီးများ၊ သမားတော်များအပါအဝင် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ထက်မြက်မှုအပေါ် များစွာတည်မှီလျက်ရှိကြောင်း။

ထို့ကြောင့် အရည်အသွေးပြည့်မီစွာနှင့် ကျန်းမာရေးအဆင့်အတန်း

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးအနေဖြင့် ရန်ကုန်ဆေးရုံကြီးကဲ့သို့ အလွန်ခက်ခဲအန္တရာယ်များသည့် ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အတွက် မိမိတို့၏ ဆေးပညာသမိုင်းတွင် မော်ကွန်းထိုးလောက်သည့် အောင်မြင်မှုများရရှိခဲ့သည်ကို အထူးပင်ဝမ်းသာဂုဏ်ယူမိကြောင်း။

ထို့ကြောင့် အမျိုးသားကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးနှင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးတို့အတွက် ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ခုတင်(၃၀၀)ဆံ့ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)သို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်း၊ အထူးကု သမားတော်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာဝန်ကြီးများ၊ သူနာပြုအုပ်နှင့် သူနာပြုဆရာမကြီးများက ကြိုဆိုကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံသားတိုင်း ပညာရည်အဆင့်အတန်းမြင့်မားလာစေရန်နှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန်တို့အတွက် မြန်မာနိုင်ငံ ပညာရေးကော်မတီနှင့် အမျိုးသားကျန်းမာရေးကော်မတီများကိုဖွဲ့စည်းပြီး မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

## စွမ်းဆောင်ရည်မြင့်မားရေး

အဆိုပါမူဝါဒများ အောင်မြင်ရန်အတွက် အောက်ခြေတွင်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေရသည့် ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်မြင့်မားရေးသည် အထူးအရေးကြီးကြောင်း။

ထို့ကြောင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန်အတွက် အမျိုးသားကျန်းမာရေး စီမံကိန်းများ၊ ပညာရည်မြင့်မားလာစေရန်အတွက် ပညာရည်မြင့်မားရေး လေးနှစ်စီမံကိန်းနှင့် အနှစ်(၃၀)စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းများဖြစ်တိုးတက်မြင့်မားလာစေရန် အမျိုးသားကျန်းမာရေး စီမံကိန်းအဆင့်ဆင့် အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ် စီမံကိန်းနှင့် အနှစ်(၃၀)နှစ်ရှည် ကျန်းမာရေးစီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံတော်၏ကျန်းမာရေး ရည်မှန်းချက်နှင့် မူဝါဒများအောင်မြင်စေရန်အတွက် အမျိုးသားကျန်းမာရေးကော်မတီများကိုဗဟိုအဆင့်မှသည် ပြည်နယ်နှင့်တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအုပ်စု၊ရပ်ကွက်အဆင့်အထိ အဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူတစ်ရပ်လုံး ကျန်းကျန်းမာမာ အနာရောဂါကင်းရှင်းစွာဖြင့် သက်တမ်းစေ့ နေနိုင်ရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဟန်ချက်ညီညီ အထက်နှင့်အောက် ပေါင်းစပ်ပြီး ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားကြရန် လိုကြောင်း။

## ဖြည့်စွက်တင်ပြ

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဆေးရုံစည်းဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်းက ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး) ဆိုင်ရာအချက်အလက်များ၊ စတင်ဖွင့်လှစ်မှု၊ ကျန်းမာရေးဆိုင်ရာဆေးကုသဌာနများနှင့် ဆေးကုသဆောင်များ၊ ဝန်ထမ်းအင်အား၊ ဆေးဝါးကုသခံယူသည့် လူနာများအခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ရန်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ကူးပြောင်းရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များလိုအပ်ကြောင်း။

သည့် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါရှာဖွေကုသရေး၊ ပြန်လည်ထူထောင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## ပညာပေးစည်းရုံး

ထိုကဲ့သို့ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ကြရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းအသီးသီးတို့ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှု ရရှိမည်ဖြစ်သဖြင့် နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်လာရေးအတွက် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ပညာပေးစည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)ရှိ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သွေးလှူဘဏ်၊ ရောဂါရှာဖွေစစ်ဆေးရေးဌာန၊ ဓာတ်မှန်ဆောင်၊ မမွေးဖွားမီဆောင်၊ မွေးဖွားပြီးလူနာဆောင်တို့ကိုလည်းကောင်း၊ မွေးကင်းစကလေးများဆောင်နှင့် အထူးကြပ်မတ်ကုသဆောင်တည်ဆောက်ရန် ဆောင်ရွက်ထားမှုအခြေအနေ၊ ခွဲစိတ်ဆောင်၊ ခွဲစိတ်မွေးဖွားလူနာဆောင်နှင့် ခေတ်မီ



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးကလေးအထူးကုဆေးရုံကြီးတွင် တင်ပါးဆုံကွင်းဆက် ခွဲစိတ်ကုသ အောင်မြင်ခဲ့သည့် မိုးမမအောင်နှင့် မိုးပပအောင် ညီအစ်မနှစ်ဦးအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)

ခွဲစိတ်ကုသရေးဆိုင်ရာ စက်ပစ္စည်းများတပ်ဆင်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံကြီး(မန္တလေး)သို့ရောက်ရှိကြရာ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဒေါက်တာမြမိုး၊ တိုင်းရင်းဆေးရုံကြီး(မန္တလေး) ဆေးရုံအုပ်ကြီးဦးဝင်းနိုင်၊ ကထိကများ၊ ဆရာဆရာမများ၊ တိုင်းရင်းဆေးရုံကြီးမှ အလုပ်သင်ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## အားပေးစကားပြောကြား

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးလူနာကုသဆောင်နှင့် အမျိုးသားလူနာကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူလျက်ရှိကြသော လူနာများအား အားပေးစကားပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တိုင်းရင်းဆေးရုံကြီးစည်းဝေးခန်းမ၌ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ မြမိုးက တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ တိုင်းရင်းဆေးပညာ သင်ကြားရေးနှင့် စပ်လျဉ်း၍ ဝန်ထမ်းဖွဲ့စည်းပုံ၊ စီမံခန့်ခွဲရေးနှင့် သင်ကြားရေးကိစ္စရပ်များ၊ သင်ကြားရေး အထောက်အကူပြု ပရဆေးဥယျာဉ် ပျိုးထောင်ထားမှုနှင့် ပျိုးထောင်ထားသည့် ပရဆေးအမျိုးအစား ၂၇၀ နှင့် ဆေးဖက်ဝင်အပင် ၄၀၀၀ ကျော်စိုက်ပျိုးထားမှု၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) အဆောက်အအုံသစ်သို့ သင်ကြားစီမံကိစ္စရပ်များ၊ ပြောင်းရွှေ့ရန်စီစဉ်ထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းဆေးရုံကြီး(မန္တလေး) ဆေးရုံအုပ်ကြီးဦးဝင်းနိုင်က ဆေးရုံကြီး၏နောက်ခံသမိုင်း၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဆေးကုသမှုဌာနများ၊ အများဆုံးဆေးဝါးကုသမှုခံယူသည့်ဒေသများ၊ နှစ်စဉ်ပြင်ပလူနာကုသမှုအခြေအနေ၊ အတွင်းလူနာကုသမှုခံယူသည့် ရောဂါလက္ခဏာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးမှာကြား

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြန်မာ့တိုင်းရင်းဆေးပညာရပ် အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားသည့် လမ်းညွှန်ချက်များနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရေး စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးသိပ္ပံ(မန္တလေး)သို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးအောင်ထပ်နှင့် နည်းပြများ၊ တိုင်းရင်းဆေးသိပ္ပံ သင်တန်းသားများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးသိပ္ပံ(မန္တလေး) စာကြည့်တိုက်ရှိ မြန်မာ့ပရဆေးကျမ်းများ၊ သက္ကတ၊ ဟိန္ဒီ၊ အင်္ဂလိပ် ဆေးကျမ်းများ၊ ရှေးဟောင်းပေပုရပိုက်ဆေးကျမ်းများ၊ တိုင်းရင်းဆေးပညာ စာအုပ်စာတမ်းများ၊ အနောက်တိုင်းရင်းဆေးပညာစာအုပ်စာတမ်းများ၊ တိုင်းရင်းဆေးသိပ္ပံဘွဲ့ယူစာတမ်းများကိုလည်းကောင်း၊ တိုင်းရင်းဆေးသိပ္ပံ ဆေးပစ္စည်းပြတိုက်ရှိ ဆေးဖက်ဝင်ရေထွက်ပစ္စည်းများ၊ ဆေးဖက်ဝင် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ဆေးဖက်ဝင် ဓာတ်သတ္တုပစ္စည်းများနှင့် ဆေးဖက်ဝင် အပင်ထွက်ပစ္စည်းအမျိုးပေါင်း ၃၁၁မျိုးပြသထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ သရုပ်ပြပရဆေးဥယျာဉ်သို့ရောက်ရှိကြပြီး အဓိကရောဂါကြီးခြောက်မျိုးဖြစ်သည့် ဝမ်းကိုက်၊ ဝမ်းပျက်နှင့် ဝမ်းလျှော၊ ဆီးချို၊ သွေးတိုး၊ ငှက်ဖျားနှင့်တီဘီရောဂါများတွင်အသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်များ သင်ကြားရေး လက်တွေ့ဆောင်၌ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်တည်ဆောက်ပြီးစီးနေပြီဖြစ်သော တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ အေစီအီးဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) တည်ဆောက်ပြီးစီးမှုနှင့် စိမ်းလန်းစိုပြည်မှုတို့ကိုလည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ပြတိုက်နှင့် သင်ကြားရေးစာသင်ဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌက လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) အဆောက်အအုံကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။ (သတင်းစဉ်)

17-11 (09).p65 1 3/25/05, 3:49 PM

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆတက်ထမ်းပိုး တိုးမြှင့်ဆောင်ရွက်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေး ဟူသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ် ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က မျှော်မှန်းထားသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိရေးသည် နိုင်ငံသားအားလုံး၏ ဖွဲ၊ လုံ့လဖြင့် ကြိုးပမ်းအားထုတ်ကြခြင်းနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းအပေါ်တွင် အခြေပြုပေသည်။

နိုင်ငံတော်တွင် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်၏ စေတနာ၊ နိုင်ငံတော်ဝန်ထမ်းများ၏ တီထွင်ကြံဆမှု အတတ်ပညာနှင့် နိုင်ငံသားများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ထုထည်ပမာဏကြီးမားစွာ တည်ဆောက်နိုင်ခဲ့သည်။

နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မဖြစ်မနေ ကြံဆဖော်ဆောင်ခဲ့သည့်အတွက် နိုင်ငံတော်အတွင်း နေရာဒေသတိုင်းနှင့် ကဏ္ဍတိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို မြင်တွေ့နေကြရပြီ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားကြိုးမာန်တက်ပါဝင်ဆင်နွှဲလျက် ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အမျိုးသားအကျိုးစီးပွားကို သယ်ပိုးရန်အတွက် ပြည်သူတို့၏ သားသမီးများဖြင့် ဖွဲ့စည်းထူထောင်ထားသော အမျိုးသားရေးအသင်းကြီးဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို–

- **ပြည်ထောင်စု မပြိုကွဲရေး၊**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊**
- **နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး**

ဟူသည့် မွန်မြတ်သော ရည်ရွယ်ချက်ငါးရပ်ဖြင့် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ သက်တမ်း ၁၁နှစ်ကျော် ရှိခဲ့ပြီဖြစ်သည်။

အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်နယ်၊

## အထက်မင်းလှညွှန့်အောင်

တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးလက်ဒေသများသာမက တောင်ပေါ်ဒေသနှင့် နယ်စပ်ဒေသများပါမကျန် ထက်မြက်သောစွမ်းပကားဖြင့် ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ် ဆောင်ရွက်လျက်ရှိသည်။

ခိုင်မာသောစွမ်းအားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များသည် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းက တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တပ်မတော်၊ ပြည်သူတို့နှင့်အတူ နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားစုများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျရာကဏ္ဍက ဦးလည်မသုန် ကျေကျေပွန်ပွန် ထမ်းရွက်နေကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၇)ရပ်၌ ပါဝင်သည့် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသင်းဝင်များ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရေး"** ဟူသည့် အချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အစဉ်ထာဝရ မပြောင်းမလဲ ပြည့်စုံမှန်ကန်နေမည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒနှင့်အညီ ချမှတ်ထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မျှော်မှန်းထားသော အမျိုးသားရေး ပန်းတိုင်သို့ ရောက်ရှိသည့်တိုင်အောင် ပိုမိုလေးနက် ခိုင်မာသည့် အမျိုးသားရေး သန္နိဋ္ဌာန်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ချီတက် လျှောက်လှမ်းသွားမည် ဖြစ်သည်။

အမှန်တကယ်အားဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်သည် အမိနိုင်ငံတော်ကြီးကို စစ်မှန်သည့် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း တိုးတက်ပြောင်းလဲစေရန် အမှန်တကယ် လိုလားသူတိုင်းအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဖွင့်ပေးလိုက်ခြင်းလည်း ဖြစ်သည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားလုံးကလည်း မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် တင့်တယ်ထည်ဝါသော ခိုင်မာပြည့်စုံသည့် အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားနှင့်အညီ တည်ဆောက်သွားနိုင်ရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေး စိတ်ဓာတ်တို့ဖြင့်သော်လည်းကောင်း၊ နိုင်ငံသူနိုင်ငံသား တစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်သော် လည်းကောင်း ကျရာကဏ္ဍက တစ်တပ်တစ်အား ပါဝင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။**

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်တိုင်းတွင် ဆတက်ထမ်းပိုး တိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအားလုံးကလည်း မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် တင့်တယ်ထည်ဝါသော ခိုင်မာပြည့်စုံသည့်အနာဂတ်ကို အမျိုးသားရေး အကျိုးစီးပွားနှင့်အညီ တည်ဆောက်သွား နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွား မည့် မူဝါဒလမ်းစဉ် (၇)ရပ် တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေး အသိအမြင်၊ အမျိုးသား ရေးစိတ်ဓာတ်တို့ဖြင့်သော် လည်းကောင်း၊ နိုင်ငံသူ နိုင်ငံသားတစ်ဦးအနေဖြင့် ထမ်း ဆောင်ရမည့် အမျိုးသားရေးတာဝန် တစ်ရပ် အဖြစ်သော် လည်းကောင်း ကျရာကဏ္ဍက တစ်တပ်တစ်အား ပါဝင်ကြိုးပမ်း ဆောင်ရွက် လျက်ရှိ။





ဆေးတက္ကသိုလ်(၂) (၁၉၇၄–၈၂) ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၃ ရက်က အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက ပူဇော်ကန်တော့ကြစဉ်။ (က–ပ)

## အောင်ဆန်းတောရပရိယတ္တိစာသင်တိုက် ဘုံကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရွှေပြည်သာမြို့ အမှတ်(၆)ရပ်ကွက် အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဇာတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတအမှူးရှိသော စာချစာသင် သံဃာတော်၁၀၄ပါးနှင့် ပင့်သံဃာ ၁၀၀ကျော်တို့အား စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်(နိုဝင်ဘာ၂၁ရက်) တနင်္ဂနွေနေ့တွင် အဆိုပါ စာသင်တိုက်တွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

## လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၆**

အမှတ်(၁)စက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သိန်းထွန်းသည် ယမန်နေ့ နံနက် ၈နာရီက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရား လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပသော လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနား သို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ယင်းသင်တန်းသို့ သင်တန်းသား၈၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည် ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကျဉ်းဦးစီးဌာန ကထိန်သင်္ကန်းဆက်ကပ်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ (၂၁)ကြိမ်မြောက် ဝန်ထမ်း မိသားစု ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၉နာရီက အင်းစိန်မြို့ အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

### ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက အင်းစိန်မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော ပင့်သံဃာတော် ၁၁ပါးတို့အား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာသို့ အလှူငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည် သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာသို့ အမှတ် ၃၀ (အေးရပ်မွန်ခြံ) သံလမ်း ၇ ရပ်ကွက် လှိုင်မြို့နယ်နေ ယောဂီထိန်း ဒေါ်တင်အေးသားသမီးမြေးတစ်စုတို့က သိမ်တော်ကြီးအောက်ထပ်တွင် တပ်ဆင်ရန်အတွက် လေအေးစက်နှစ်လုံး၊ အလူမီနီယံ တံခါးမကြီးတစ်ခုနှင့်အုတ်တံတိုင်း တစ်ခန်းတို့အတွက် အလှူတော်ငွေကျပ် ခုနစ်သိန်းတို့ကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယာမဝုဓ (အစိုးရဓမ္မာစရိယ) (မဟာကမ္မဋ္ဌာနာစရိယ)ထံလှူဒါန်းရာ သာသနာနုဂ္ဂဟအဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။ **(က–ပ)**

● *ကျောဖုံးမှ*

## ရေအားလျှပ်စစ်ဖြန့်ဖြူးနိုင်

ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခြင်းကြောင့် လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးခြင်းသာမက နိုင်ငံတော်တွင် လိုအပ်နေသော လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆည်မြောင်းတာတမံများနှင့် တွဲဖက်ကာ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် ရေအားလျှပ်စစ်စီမံကိန်းများဖြင့် နိုင်ငံတစ်ဝန်း ရေအားလျှပ်စစ် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် အကုန်အကျသက်သာစွာဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်သည်မှာ ရေအားဖြင့် လျှပ်စစ်ဓာတ် ဖြန့်ဖြူးခြင်း ဖြစ်သည်။ ရေသယံဇာတပေါများသည့် မြန်မာနိုင်ငံတွင် ရေအားဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းကို ၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ရေအားလျှပ်စစ်စက်ရုံပေါင်း ၂၆ ရုံကို တည်ဆောက်၍ ရေအားလျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ယင်းကဲ့သို့ ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရန်ဆောင်ရွက်ရာတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ တောင်ဘက် နှစ်မိုင်ခွဲခန့်တွင် တည်ဆောက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။



**ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပါဝင်သည့် အိုဂီပုံစံ သံကူကွန်ကရစ် အမျိုးအစား ရေပိုလွှဲတည်ဆောက်ထားမှုကို တွေ့ရစဉ်။**
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

## ၂၅ မဂ္ဂါဝပ်ထုတ်မည်

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ရဲနွယ်ချောင်းပေါ်တွင် အလျားပေ ၁၀၅၀၊ အမြင့် ၂၅၁ ပေနှင့် ရေပမာဏ ဧကပေ ၁၂၁၂၆၀၀ သိုလှောင်နိုင်မည်ဖြစ်ပြီး မြေသားရေလှောင်တမံတည်ဆောက်ပြီး လယ်မြေဧက ၁၁၈၅၀၀ခန့် သီးနှံဧရိယာဧက ၂၃၇၀၀၀ခန့်ကို ရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ်ထုတ်လုပ်သွားရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်သည်။

## တိုးလျှိုပေါက်ဖောက်လုပ်

ရဲနွယ်ရေလှောင်တမံစီမံကိန်းအရ ရေလှောင်တမံကို တောတောင်ထူထပ်သောဒေသတွင် တည်ဆောက် အကောင်အထည် ဖော်နေခြင်းဖြစ်ပြီး ရေဆင်းဧရိယာမှာ စတုရန်းမိုင် ၃၀၆ မိုင်ရှိ၍ ရေလွှဲခြင်းလုပ်ငန်းကို ရေလွှဲဥမင်ဖြင့် ရေလွှဲရန် တည်ဆောက်ခဲ့သည်။ ရေလွှဲဥမင် တည်ဆောက်ခြင်းကို ၂၀၀၁ခု ဒီဇင်ဘာလ ၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ရေလွှဲဥမင်၏ အလျားမှာ ပေပေါင်း ၁၆၃၄ ပေရှည်၍ ရေလွှဲဥမင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ၇-၁၂-၂၀၀၁ရက်တွင် စတင်ပြီး ၂၄-၁၁-၂၀၀၂ ခုနှစ်တွင် တိုးလျှိုပေါက်ဖောက်လုပ်ခဲ့သည်။

ရဲနွယ်ရေလွှဲဥမင်မှာ မြင်းခွာပုံစံ သံကူကွန်ကရစ်ဖြစ်ပြီး အရွယ်အစားမှာ ၁၃ ဒသမ ၁၂ ပေ(လေးမီတာ)ရှိ၍ လုံးဝတောက်လျှောက်ပေါက်သွားသော လိုဏ်ဥမင်ကို ဘေးနံရံအောက်ခြေတို့တွင် ဘိလပ်မြေသရိုးကိုင်ကြပြီး ရဲနွယ်ချောင်းမှ ရေများကို တည်ဆောက်ပြီးစီးသွားသော ရေလွှဲဥမင်မှာ ရေများလွှဲပြီး ဇုန်တိုက်ကျောက်ရော မြေသားတမံကို တည်ဆောက်လျက်ရှိသည်။

## ရေပိုလွှဲမှထုတ်ပေးမည်

တမံတည်ဆောက်ပြီးစီးပါက ကန်ရေသေ ရေလှောင်ပမာဏသည် ဧကပေ ၂၃၉၃၂၀ ရှိမည်ဖြစ်ပြီး ကန်ရေပြည့် ရေပြင်ကျယ်သည့် ဧရိယာဧက ၂၂၅၀၀၀ရှိမည် ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံ၏ ကန်ရေပြည့် ရေလှောင်ပမာဏဧက ပေ ၁၂၁၂၆၀၀ ထက်ကျော်လာခဲ့လျှင် Ogee ပုံစံ သံကူကွန်ကရစ်အမျိုးအစား ရေပိုလွှဲကို အကျယ်ပေ ၁၀၀၊အလျားပေ ၆၆၈ ပေရှိသော ရေပိုလွှဲမှ လွှဲထုတ်ပေးမည်ဖြစ်သည်။ ရေပိုလွှဲ ဒီဇိုင်းရေထုစီးနှုန်းသည် တစ်စက္ကန့်လျှင် ကုဗပေ ၈၀၀၀နှုန်းဖြင့် လွှဲထုတ်ပေးနိုင်ရန် ဆောင်ရွက်ထားသည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းအရ တပ်ဆင်မည့် ရေအားလျှပ်စစ်သည် ၁၂ ဒသမ ၅ မဂ္ဂါဝပ် × နှစ်လုံး၊ ၂၅မဂ္ဂါဝပ်ရှိမည်ဖြစ်ပြီး နှစ်စဉ်ထုတ်လုပ်မည့် ဓာတ်အား ၁၂၅ ကီလိုဝပ် နာရီသန်းပေါင်း ဖြန့်ဖြူးထုတ်လုပ်မည်ဟုသိရသည်။

# မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ထားဝယ်မြို့ ဘုမ္မော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ အမှတ်(၁၅)၏ ဓမ္မရိပ်သာတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် နာယက ဆရာတော်များဖြစ်ကြသော ဦးဓမ္မောသဓနှင့် ဦးဇောတိကတို့သည် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ခုနစ်ရက်တိုင်တိုင် ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်နှင့် ပဋိစ္စသမုပ္ပာဒ်တရားတော်မြတ်ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူများ နိုဝင်ဘာ၂၉ ရက်နောက်ဆုံးထား၍ မိုးကုတ်ရိပ်သာ ဓမ္မာရုံ၏ ရုံးခန်း ဖုန်း-၀၅၉-၂၂၂၇၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)



**ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၆/၂၀၀၄)သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၅ရက်က သာကေတမြို့နယ်ခန်းမတွင်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက အဖွင့်အမှာစကားပြောကြားစဉ်။** (၄၀၀)

# ပွင့်ဖြူမြို့ မိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

မကွေးတိုင်း ပွင့်ဖြူမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၉၉)၏ ခုနစ်ရက်တရားစခန်းပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည် ဖြစ်သည်။

တရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc, Phy.)က ကျေးဇူးရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

## ရေတံခါးတပ်ဆင်မည်

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင်ပါဝင်သော ရေအားလျှပ်စစ်စီမံကိန်းတွင် သံကူကွန်ကရစ်အမျိုးအစား အကျယ်ပေ ၅၀ X အမြင့် ၁၃၅ပေရှိသော ရေယူအဆောက်အအုံဖြင့် ရေအားလျှပ်စစ်ဖြန့်ဖြူးပေးမည်ဖြစ်ပြီး မြေအောက် ဒေါင်လိုက် ဥမင်လိုဏ် ရေတံခါးမှာ အချင်း ၂၇ ပေ၊ အထူ ၂ဒသမ ပေ ၃၀ ရှိသော ရေတံခါးတပ်ဆင်မည် ဖြစ်သည်။

ရေအားလျှပ်စစ်ထုတ်ရန်အတွက် ရေယူဥမင်လိုဏ်ဖြင့် ရေယူမည်ဖြစ်ရာ မြင်းခွာပုံသဏ္ဌာန် သံမဏိပိုက် တပ်ဆင်မည်ဖြစ်ပြီး အချင်း ၁၈ ပေ၊ အရှည် ၉၂၅ ပေ၊ အထူနှစ်ပေရှိမည် ဖြစ်သည်။ ဖိအားမြှင့်သံမဏိပိုက်လိုင်းမှာ အချင်း ၁၈ ပေ X အရှည် ၅၀၈ ပေရှိမည်ဖြစ်၍ ဓာတ်အားပေးစက်ရုံကို ၁၂၈ပေ × ၈၂ပေ × ၈၅ပေ အကျယ်အဝန်းရှိသော အဆောက်အအုံကို တည်ဆောက်မည်ဖြစ်သည်။

## လက်တံမြောင်း ၁၀၀ တူးမည်

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းအရ ဆည်ရေပေးနိုင်မည့် ဧရိယာဧကသည် ၁၁၈၅၀၀ ဧကဖြစ်သည့် အလျောက်၊ အလျား ၇ ဒသမ ၁၁မိုင်ရှည်သော တူးမြောင်းမကြီးနှစ်ခုမှ ရေဖြန့်ဖြူးမည်ဖြစ်ပြီး လက်တံမြောင်း ၁၀၀ဖြင့် တောင်သူတို့၏ လယ်ကွင်းများအရောက် တူးပေးမည် ဖြစ်သည်။

## တစ်ပြေးညီပြီးရေး

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ရေလွှဲဥမင်လိုဏ်ကို နိုင်ငံခြားသား ပညာရှင်၊ နိုင်ငံခြားအကူအညီ မပါဝင်ဘဲ မြို့ပြဝန်ထမ်း၊ စက်မှုဝန်ထမ်း၊ လွန်တူးမိုင်းခွဲဝန်ထမ်း၊ ဘူမိဗေဒဝန်ထမ်း၊ အရည်အသွေးထိန်းဝန်ထမ်းများနှင့် ကျွမ်းကျင်လုပ်သား၊ သာမန်လုပ်သားများဖြင့် မြန်မာအင်ဂျင်နီယာများ ကိုယ်တိုင် မြန်မာ့ဟန်၊ မြန်မာတို့ လက်ဝယ်ရှိသော စက်ကိရိယာ တန်ဆာပလာများ အသုံးပြုပြီး ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ ဆည်မြောင်းဦးစီးဌာနနှင့် ရေအားလျှပ်စစ်ဦးစီးဌာနတို့ ပူးတွဲ၍ ဆည်ရေလှောင်ခြင်းလုပ်ငန်းနှင့် လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီပြီးစီးရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

# အိမ်မဲအထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

အိမ်မဲအထကကျောင်းသားဟောင်းများ၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ၂၆ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင် အိမ်မဲအထက ရွှေညီလာခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

### နှိုးဆော်

အသက်(၆၀)ပြည့်ပြီးသောဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ ပင်စင်ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ခံနိုင်ရန် ပန်ကြားနှိုးဆော်ထားသည်။

အဆိုပါမြတ်ဆရာပူဇော်ပွဲနှင့်အတူ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၇ရက်(တနင်္လာနေ့)နံနက်၈နာရီတွင် အိမ်မဲအထကကျောင်းရှေ့ မြက်ခင်းပြင်တွင် ကျင်းပမည့်ရွှေရတုသဘင်အခမ်းအနားကို ပျော်ပွဲရွှင်ပွဲများနှင့်အတူ ရွှေရတုအထိမ်းအမှတ်အလှူဒါနပြုခြင်း၊ ရွှေရတုမော်ကွန်းကျောက်စာတိုင် စိုက်ထူခြင်း၊ ရွှေရတုသောက်ရေစည်ကြီးဆောက်လုပ်လှူဒါန်းလွှဲအပ်ခြင်း၊ ကျောင်းဆိုင်းဘုတ်ဖွင့်လှစ်ခြင်းများကို ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူတိုင်း မပျက်မကွက် ပါဝင်ဆင်နွှဲကြရန်နှင့် အလှူငွေ များကိုပါဝင်လှူဒါန်းကြရန် ကျင်းပရေးကော်မတီက ဖိတ်ကြားနှိုးဆော်ထားသည်။

### လိုက်ပါနိုင်

(၁၅)ကြိမ်မြောက် ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် အိမ်မဲအထက နှစ်(၅၀)ပြည့်ရွှေရတုသဘင်ပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများသည် ရန်ကုန်မြို့ သခင်မြပန်းခြံ ဝက်စတင်းပတ်ရှေ့မှ ဒီဇင်ဘာ၂၅ရက် နံနက် ၇နာရီတွင် အိမ်မဲမြို့သို့ထွက်ခွာမည့် မှန်လုံယာဉ်ဖြင့် လိုက်ပါနိုင်ကြကြောင်းသိရသည်။

(က-ပ)

# ရွှေဘိုမြို့ အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေဘိုမြို့ အထက(၁)ကျောင်းသူ ကျောင်းသားဟောင်းများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို (၁၈)ကြိမ်မြောက်အဖြစ် အထက(၁) ကျောင်းခန်းမတွင် နိုဝင်ဘာ၂၇ရက်(စနေနေ့)နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆရာကြီး ဆရာမကြီးများအား ပူဇော်လိုသူများအနေဖြင့် ကျောင်းသူ ကျောင်းသားဟောင်းကြီးများမှတစ်ဆင့် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

ရွှေဘိုမြို့မှ လှူဒါန်းလိုသူများသည် ဆရာမ ဒေါ်သန်းမြင့်ကြည်၊ ဒေါက်တာကျော်လေး ဖုန်း-၀၇၅-၂၁၃၄၇နှင့် ဦးချစ်ကို ဖုန်း-၀၇၅-၂၁၁၀၂ တို့မှတစ်ဆင့် လည်းကောင်း၊ မန္တလေးမြို့မှ လှူဒါန်းလိုသူများသည် ဒေါက်တာအုန်းသွင် ဖုန်း-၀၂-၂၆၅၉၆၊ ဒေါက်တာငွေးကြွယ် ဖုန်း-၀၉-၆၉၇၁၂၈၈၊ ဦးထွန်းထွန်းဦးနှင့် ဦးမျိုးဝင်းတို့မှတစ်ဆင့် လည်းကောင်း လှူဒါန်းနိုင်ကြသည်။

ရန်ကုန်မြို့မှ လှူဒါန်းလိုသူများအနေဖြင့် ရုပ်ရှင်ဒါရိုက်တာကြည်စိုးထွန်း ဖုန်း-၀၁-၅၈၄၆၁၃၁၊ ၀၉-၈၀၃၃၉၄၀၊ ဦးခင်မောင်တင့် ဖုန်း-၀၁-၅၀၀၆၈၀၊ ၀၉-၈၀၃၀၇၂၁ နှင့် ဒေါက်တာကျော်ငွေး ဖုန်း-၀၉-၈၀၁၁၃၆၀ တို့မှတစ်ဆင့် လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၁၃၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



# မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲဖွင့်

## တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အားပေး

ရန်ကုန် နိုဝင်ဘာ ၁၆

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၈နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းနှင့် လယ်ယာရှေ့မြေလမ်းထောင့်ရှိ အဆိုပါဘဏ်ခွဲအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။**

### ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်တို့က မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### ရွှေမိုး ငွေမိုး ရွှာသွန်းဖြိုး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က မြန်မာ့စီးပွားရေးဘဏ်၊ တာမွေဘဏ်ခွဲ ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် မင်္ဂလာ ရွှေမိုးငွေမိုး ရွှာသွန်းဖြိုးပေးသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့နှင့်အဖွဲ့သည် မြန်မာ့စီးပွားရေးဘဏ်၊ တာမွေဘဏ်ရုံးအဆောက်အအုံသစ်အတွင်း ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲ ကောင်တာများနှင့် ငွေတိုက်အတွင်း ဘဏ်လုပ်ငန်းများလုပ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### အမှာစကားပြောကြား

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘဏ်လုပ်ငန်းသည်မရှိမဖြစ်သော ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအောင်မြင်စေရန် နိုင်ငံတော်အစိုးရက မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံများ တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမူဝါဒကိုချမှတ်ကျင့်သုံးပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်မှု အရည်အသွေးထက်မြက်လာစေရေး၊ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ထွန်းကားလာစေရေး၊ ကုန်ပစ္စည်းပိုမိုထုတ်လုပ်ပြီး ပြည်ပသို့ တိုးတက်တင်ပို့ရောင်းချရေး၊ ပြည်သူများအတွက် အလုပ်အကိုင်သစ်များ ပိုမိုပေါ်ထွန်းရေး၊ နိုင်ငံတော် ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အစိုးရ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် ငွေရေး ကြေးရေး ကဏ္ဍအတွက် နိုင်ငံတော်ကိုယ်စား ငွေရေး ကြေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော မြန်မာ့စီးပွားရေးဘဏ်သည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ အရေးပါသည့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးနေသော ဌာနတစ်ခုဖြစ်သဖြင့် ဘဏ်ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန် များ၏ အရေးပါမှုကို သိရှိနားလည် တန်ဖိုးထားကြပြီး မိမိတို့ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမှုအပေါ် ဖြစ်ပေါ်လာမည့် အကျိုးဆက်ရလဒ်ကောင်းများကိုလည်း မြင့်တင်ဂုဏ်ယူတတ်သည့်စိတ်ဆန္ဒဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်၏လုပ်ငန်းလမ်းညွှန် အဖြစ် ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို စွမ်းအားပြည့်ဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါ အဆောက်အအုံမှာ အလျား ပေ၉၀၊ အနံ ပေ၆၀ရှိ သံကူကွန်ကရစ်နှစ်ထပ်နှင့် အလျား ပေ၆၀၊ အနံ ပေ ၃၀ရှိ သံကူကွန်ကရစ်တစ်ထပ် စုစုပေါင်း အဆောက်အအုံနှစ်ခုဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြသိန်းတန် ပရိယတ္တိစာသင်ကျောင်းတိုက် (၃၆)ကြိမ်မြောက် မဟာဘုံကထိန်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

အမှတ်(၉၄) အနော်ရထာလမ်း ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိ စာသင်ကျောင်းတိုက်ရှိမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရအား အမှူးထား၍ နိုဝင်ဘာ ၁၄ ရက်က စာချ စာသင် ပင့်သံဃာ ၁၀၁ပါးတို့အား မဟာဘုံကထိန်၊ ဥတ်သင်္ကန်း၊ အရန်သင်္ကန်းနှင့်တကွ အခြားလှူဖွယ်ပစ္စည်းအစုစုကို ဆက်ကပ် လှူဒါန်းပူဇော်ရာ**(အပေါ်ပုံ)** ပုဇွန်တောင်ဈေးစီရုံနှင့်အုန်း၊ငှက်ပျောအဆင့်မြင့်တန်းမိသားစု ပုဇွန်တောင် ဈေးသူ ဈေးသားများက (၃၆)ကြိမ်မြောက် မြသိန်းတန်ပရိယတ္တိ စာသင်ကျောင်းတိုက် မဟာဘုံကထိန်တွင် သံဃာလှူငွေ ကျပ် ၈၈၃၀၀၀ နှင့် ကျွေးမွေးဧည့်ခံ အလှူငွေကျပ် ၂၆၀၀၀၀ စုစုပေါင်း ကျပ် ၁၁၄၃၀၀၀ ကိုလှူဒါန်းပြီး (၃၆)ကြိမ်မြောက် မဟာဘုံကထိန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တောင်ကြီး ပရိယတ္တိစာသင်တိုက် ဘုံကထိန်

ရန်ကုန် နိုဝင်ဘာ ၁၆

**ဗဟန်းမြို့နယ် တောင်ကြီး ပရိယတ္တိစာသင်တိုက်(၄၁)ကြိမ်မြောက် ဘုံကထိန်လျာဥတ်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက်ရှိ အဆိုပါတောင်ကြီးပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။**

အခမ်းအနားတွင် ဧည့်ပရိသတ်တို့က တောင်ကြီးပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ သာသနာ့ဓဇဓမ္မာစရိယဘဒ္ဒန္တကလျာဏဓမ္မထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးအောင်စိုးက တောင်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမ အရှင်သူမြတ်ထံ ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၏ ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်၏ ဇနီး ဒေါ်အေးအေးသွင်၊ ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးနှင့် ဇနီး၊ ဌာနမှူးများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

# နဝင်းကျောင်းတိုက် မဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူဉာဏရပ်ကွက် ရွှေနံ့သာအုပ်စု နဝင်းကျောင်းတိုက်ကြီး၌ ဆရာတော်အရှင်ခေမာစာရအား အမှူးပြု၍ (၇)ကြိမ်မြောက် မဟာဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့် နိုဝင်ဘာ၂၆ရက် (သောကြာနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ယင်းနေ့နံနက် ၉နာရီတွင် စုပေါင်းရေစက်ချ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

## ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၁၆

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပ သော ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားပြီး ပထမပိုင်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။**

### အမှာစကားပြောကြား

ယင်းနောက် ဒုတိယပိုင်း အစီအစဉ်အဖြစ် ကမ္ဘာ့ဆီးချို၊ သွေးချို ရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကိုဆက်လက်ကျင်းပရာကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက သဘာပတိအဖြစ်ဆောင်ရွက်ပြီးအဖွင့်အမှာစကားပြောကြားသည်။

### ဟောပြော

ယင်းနောက် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အကြောင်းကို ဆေးတက္ကသိုလ်(၂)မှ တွဲဖက်ပါမောက္ခ အထူးကုဆရာဝန်ကြီး(ဆေးပညာ) ဆီးချို၊ သွေးချိုရောဂါ စီမံချက်မန်နေဂျာ ဒေါက်တာတင့်ဆွေလတ်က လည်းကောင်း၊ ဆီးချို၊ သွေးချိုရောဂါအကြောင်း သိကောင်းစရာများ အကြောင်းကို ဆေးတက္ကသိုလ်(၂)မှ တွဲဖက်ပါမောက္ခ အထူးကုဆရာဝန်ကြီး (ဆေးပညာ) ဒေါက်တာ ဝင်းဝင်းမြင့်က လည်းကောင်း ဟောပြောကြသည်။

### အခမဲ့စစ်ဆေးပေး

ထို့နောက် အဝလွန်ကဲခြင်းအား တိုင်းထွာစစ်ဆေးခြင်းအကြောင်းကို အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာလှကြည်က လည်းကောင်း၊ အဝလွန်ခြင်းအား ကာကွယ်ကုသခြင်းအကြောင်းကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အာဟာရဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူအောင်ကလည်းကောင်းဟောပြောကြသည်။ယင်းနောက် ဆီးချို၊ သွေးချိုရောဂါ သွေးဖောက်စစ်ဆေးခြင်းကို အခမဲ့စစ်ဆေးပေးခြင်း၊ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး အလေးမပြိုင်ပွဲနှင့် ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲကို ဒီဇင်ဘာ ၈ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံတွင် ကျင်းပမည်ဖြစ်သည်။

### သတင်းပို့

ပြည်နယ်နှင့်တိုင်း ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများသည် ပြိုင်ပွဲဝင်ပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ နိုဝင်ဘာ၂၅ ရက်ညနေ၄ နာရီခွဲ နောက်ဆုံးထား၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီး စန်းမြင့်(ငြိမ်း) လက်ထောက်ညွှန်ကြားရေးမှူး အောင်ဆန်းအားကစားကွင်းသို့ စာရင်းသွင်း သတင်းပို့ရမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် (ဦးဘချစ်)-ဒေါ်ခင်မေမြင့်၊ ကိုဇော်ဝင်း မိသားစု အမှတ် ၆/၆၈သံသုမာလမ်း ၄/က ရပ်ကွက် သဃ်န်းကျွန်းက အလှူငွေ ကျပ်တစ်သိန်းကို အဖွဲ့ဝင် ဦးအုန်းညွှန့်လိှုင်သို့ လှူဒါန်းစဉ်။** (က-ပ)

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကုန်းရိပ်သာ အမှတ်(၁၈၁)နေ ဦးဇော်ဝင်းခိုင်၊ ဒေါ်သန္တာ၊ သား မောင်သူထက်၊ မောင်ဟန်ဇော်မိသားစုတို့က သုံးထပ် ဘိုးဘွားရိပ်သာ ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)






မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲစတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၁၆

**Myanmar PGAနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။**

MYANMAR
GOLF TOUR

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းကစားအပြီး၌ Professional Golfersပြိုင်ပွဲတွင် အောင်ဝင်း(Y.C.D.C)က(၇၁+၇၄)ပေါင်း(၁၄၅)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မြင့်သောင်း(KM Golf Centre)က (၇၅+၇၃)ပေါင်း(၁၄၈)ချက်ဖြင့် ဒုတိယလိုက်ပြီး မင်းနိုင်(Srixon)က (၇၄+၇၆)နှင့် အေးလွင် (Wilson)က (၇၂+၇၈)ပေါင်းအချက်(၁၅၀)စီဖြင့် တတိယလိုက်နေသည်။

**ဦးဆောင်ကစား**

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ယဉ်အောင်လတ်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ပြီး (၇၆+၆၉)ပေါင်း (၁၄၅)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့်က (၇၅+၇၅)ပေါင်း အချက်(၁၅၀)ဖြင့်ဒုတိယလိုက်ပြီး ဌေးအောင်ဌေးက (၇၆+၇၅)ပေါင်း (၁၅၁)ချက်ဖြင့် တတိယလိုက်နေသည်။

ပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte.,Ltd. ဖြစ်ပြီး၊ Title Sponsor အဖြစ် Kanbawza Bank Ltd. ကဖြစ်ကာ Co-Sponsors များ ဖြစ်ကြသော Air Mandalay၊ Tiger Beer၊ Eden Group Co.,Ltd.၊ Alpine Purified Drinking Water၊ K.M Golf Centre၊ Maruman၊ Tour Stage၊ Wilson၊ Srixon၊ Grandslam (Musing Wear)၊ Accel International Co.,Ltd. (Canon)၊ Sun Far Travels and Tours(Hole-in-One)၊ Aye Tharyar Golf Resortတို့ကလည်း အသီးသီး ထပ်မံ၍ ပံ့ပိုးကူညီပေးကြသည်။

**တာဝန်ယူဆောင်ရွက်**

Kanbawza Open Golf Championshipဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

အထက(၁)တာမွေ (၁၉၇၂-၇၃) ဝန်းကျင် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၁၈ရက် နံနက်၁၁နာရီတွင် အထက(၁)တာမွေ ပင်လုံခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဒေါက်တာ သန်းသန်းစိုး ဖုန်း- ၇၂၄၅၉၀၊ ဒေါ်အေးအေးသန်း ဖုန်း- ၅၄၂၂၃၈၊ ၅၄၂၂၅၄၊ ဒေါ်ခင်အေးမြင့် ဖုန်း- ၂၅၄၁၀၈၊ ဒေါ်နီနီမြင့် ဖုန်း- ၅၄၂၄၀၁ နှင့် ဒေါ်ကျင်ကျင်စန်း ဖုန်း- ၅၄၅၈၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ
The 6th Asian Wushu Championships

November 20th - 28th, 2004
National Indoor Stadium (1)
Thuwunna, Yangon

# ကမ္ဘာတစ်လွှား အားကစား

## အေစီမီလန်နှင့် ဂျူဗင်းတပ်နိုင်ပွဲရ လာဇီယိုကဘိုလော့နာကို ပွတ်ကာသီကာနိုင်

**ရောမ နိုဝင်ဘာ ၁၆**

စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၁၄ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဂျူဗင်းတပ်တို့ အဝေးကွင်း၌ လက်ချီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး၊ အေစီမီလန်၊ လာဇီယိုတို့လည်း နိုင်ပွဲများရရှိကာ အင်တာမီလန်က ကက်ဂလီယာရီနှင့် သုံးဂိုးစီ သရေပွဲကျခဲ့သည်။

**အေစီမီလန်-ဆီနာ**

အိမ်ကွင်း ဆန်စီရို၌ ချန်ပီယံအေစီမီလန်တို့ နိုင်ပွဲဆက်ခဲ့ပြီဖြစ်သည်။ အေစီမီလန်၏ခြေစွမ်း တဖြည်းဖြည်းတိုးတက်လာပြီ ဖြစ်ရာ တိုက်စစ်မှူးများဖြစ်သည့် ရှက်ဗ်ချင်ကို၊ ဆီးဒေါ့ဖ်၊ တိုမာဆင်နှင့် ပီယာလိုတို့ကလည်း ခြေစွမ်းပြဂိုးသွင်းနိုင်ပြီ ဖြစ်ရာ ယနေ့ပွဲတွင် ပွဲချိန် ၂၆ မိနစ်နှင့် ၃၇ မိနစ်တွင် ရှက်ဗ်ချင်ကိုက အေစီမီလန်အတွက် နှစ်ဂိုးစလုံးသွင်းယူပေးနိုင်ခဲ့သည်။ ဆီနာအတွက် ချေပဂိုးကို ၃၂ မိနစ်တွင် အာဂီလီက သွင်းယူပေးခဲ့သဖြင့် အေစီမီလန်တို့ အိမ်ကွင်း၌ ဆီနာကို နှစ်ဂိုး- တစ်ဂိုးဖြင့်နိုင်ပြီး တန်းစီဇယား၌ ဒုတိယနေရာတွင်ဆက်လက်တည်ရှိနေသည်။

**လက်ချီနှင့် ဂျူဗင်းတပ်**

ယခုနှစ် စီးရီးအေတွင် ချန်ပီယံဆုကို ချိန်နေသော ဂျူဗင်းတပ်တို့ လက်ချီကွင်း၌ အနိုင်ကစားနိုင်ခဲ့သည်။ ရှေ့နောက် အလယ် ကစားအားကောင်းသော ဂျူဗင်းတပ်ကို အိမ်ကွင်းခြေမသော လက်ချီတို့ တစ်ဂိုးတည်းနှင့် ကပ်ရှုံးခဲ့ရသည်။ ဂျူဗင်းတပ်အတွက် ပွဲချိန် ၁၄ မိနစ်တွင် တိုက်စစ်မှူး ဒဲလ်ပီယာရိုက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သော်လည်း မိနစ် ၄၀ တွင် ပက်ဆိုတို၊ ၆၆ မိနစ်တွင် သူရမ်နှင့် ၈၅ မိနစ်တွင် အီဂေါတူဒေါတို့ အဝါကတ်ထိခဲ့သည်။ လက်ချီမှ ဒီရာမော်တီနီ၊ လီဒက်မာနှင့် စီဆီနာဒိုတို့လည်း အဝါကတ်ထိခဲ့ရာ စီးရီးအေ၌ အဝါကတ်စံချိန်တင်သည့်ပွဲဖြစ်ခဲ့သည်။

**ကက်ဂလီယာရီနှင့် အင်တာမီလန်**

အဝေးကွင်းနိုင်ပွဲ ဝေးနေသည့် အင်တာမီလန်တို့ ကက်ဂလီယာရီနှင့် သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ရပြန်သည်။ အင်တာမီလန်တို့ ယခုပွဲ သရေကျခဲ့ရာ အဝေးကွင်း၌ ခုနစ်ပွဲကစားခဲ့ရာတွင် ခြောက်ပွဲမြောက် သရေပွဲဖြစ်သည်။ ကက်ဂလီယာရီမှ ဇိုလာက ပွဲချိန်ခြောက်မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်မှ တစ်ဂိုး၊ ၃၃ မိနစ်တွင် လန်ဂယ်လာက တစ်ဂိုး၊ မိနစ် ၆၀တွင် အီစပိုဆီတိုက တစ်ဂိုး သွင်းယူခဲ့ပြီး အင်တာမီလန်အတွက် ၃၅ မိနစ်တွင် စတန်ကိုဗစ်က တစ်ဂိုး နှင့် ၇၅မိနစ်နှင့် ၈၉မိနစ်တွင် မာတင်စ်က နှစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ အင်တာမီလန်တို့ ယခုပွဲ သရေကျပြန်သဖြင့် ၁၂ပွဲကစား နှစ်ပွဲနိုင်၊ ၁၀ပွဲ သရေဖြင့် ၁၆မှတ်ရကာ အဆင့်(၇)၌ ရှိနေသည်။

**လာဇီယိုနှင့်ဘိုလော့နာ**

လာဇီယိုတို့ အိမ်ကွင်း၌ လေးပွဲမြောက်နိုင်ပွဲရခြင်းပင်ဖြစ်သည်။ လာဇီယိုတို့ အိမ်ကွင်းအဝေးကွင်းခြေစွမ်းတက်မလာဘဲရှိရာ မိမိကွင်း အိုလံပီကို၌ပင် ဘိုလော့နာကို နိုင်ပွဲရအောင် အသည်းအသန် ကြိုးစားကစားခဲ့ရသည်။ လာဇီယိုအတွက် ပွဲချိန် ငါးမိနစ်တွင် ရိုချီက တစ်ဂိုးနှင့် ၈၄ မိနစ်တွင် ဒီကာနီရိုက ပယ်နယ်တီပြစ်ဒဏ်မှတစ်ဆင့် ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဘိုလော့နာအတွက် ၅၂ မိနစ်တွင် အီဂလီတာရီက တစ်ဂိုးသွင်းယူခဲ့သည်။ ယနေ့ပွဲတွင် လာဇီယိုမှ ဒါဘိုနှင့် ဒီကာနီရိုတို့ အနီကတ်ပြ အထုတ်ခံရသလို ဘိုလော့နာမှ အီဂလီတာရီလည်း အနီကတ်ပြ အထုတ်ခံခဲ့ရသည်။

**အခြားပွဲများ**

| | | |
|---|---|---|
| **အတ္တလန်တာ** | **၀-၀** | **ဘရက်ရှား** |
| **ဖီအိုရင်တီးနား** | **၁-၀** | **လီဗော်နို** |
| **ပါလာမို** | **၂-၀** | **ဆမ်ဒိုးရီးရား** |
| **ပါးမား** | **၂-၂** | **ချီယေးဗို** |
| **ရက်ဂျီးနား** | **၁-၀** | **ရိုးမား** |
| **အူဒီးနီးစ်** | **၁-၁** | **မက်ဆီနာ** |

**(အင်တာနက်)**



**စီးရီးအေပွဲစဉ်(၁၂)အဖြစ် အေစီမီလန်နှင့် ဆီနာတို့ပွဲစဉ်တွင် အေစီမီလန်မှ ကာကာ(ယာ) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)**

## အိုင်ဘီအက်ဖ်နှင့်ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲများကျင်းပ

**နယူးယောက် နိုဝင်ဘာ ၁၆**

အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံပြိုင်ပွဲနှင့် ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံပြိုင်ပွဲများကို နယူးယောက်မြို့ မက်ဒီဆွန်ဥယျာဉ်ရင်ပြင်၌ စနေနေ့ကကျင်းပခဲ့ကြောင်း ရိုက်တာက အင်တာနက်မှတစ်ဆင့် သတင်းထုတ်လွှင့်ခဲ့သည်။



**အိုင်ဘီအက်ဖ် ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲတွင် ဂျမီးလ်မက်ကလိုင်း (ဝဲ)နှင့် ခရစ္စဘတ်ဒ်တို့ အကြိတ်အနယ် ထိုးသတ်ကြစဉ်။ (ဓာတ်ပုံ-ရိုက်တာ)**

အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံပြိုင်ပွဲတွင် နယူးယောက်မြို့ ပို့စ်ဂျက်ဖ်ဖာဆွန်မှ ဂျမီးလ်မက်ကလိုင်းကို မီချီဂန်မှ ခရစ္စဘတ်ဒ်က အနိုင်ရရှိသွားခဲ့သည်။

ခရစ္စဘတ်ဒ်က ဂျမီးလ်မက်ကလိုင်းအားကြိုးဝိုင်းထောင့်ထဲတွင်ညှပ်ပိတ်ပြီး ၅၆ချက်ထိထိမိမိထိုးသတ်ခဲ့သည်။ ၎င်းသည် ၁၂ချီအထိတိုင်အောင် အကွဲအလဲထိုးကာ အနိုင်ယူသွားခဲ့သည်။ ဘတ်ဒ်သည် ပထမဆုံးအကြိမ် အိုင်ဘီအက်ဖ်ချန်ပီယံကိုလုရန် ကြိုးစားလာသည့် မက်ကလိုင်းအား အနိုင်ယူခဲ့ပြီး သူ၏အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်ချန်ပီယံ သရဖူကို ကာကွယ်လိုက်သည်။

**ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံ**

ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံ ပြိုင်ပွဲတွင် မက်ဆက်ချူးဆက်မက်သရူးမှ ဂျွန်ရုဇ်နှင့် ပိုလန်မှ အင်ဒရူးဂိုလိုတာတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ ဂျွန်ရုဇ်သည် နှစ်ကြိမ်အလဲထိုးခံခဲ့ရသော်လည်း ၎င်း၏သရဖူကို ကာကွယ်နိုင်ခဲ့သည်။

**(အင်တာနက်)**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် နှစ်(၄၀)ပြည့် အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ၂၀–၁၀–၂၀၀၄ ရက်နေ့ နံနက်က ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်၌ ကျင်းပခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့၌ သိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စစ်ကိုင်းမြို့ ဧမြဝတီရပ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၈ ခုနှစ် ဩဂုတ်လတွင် စစ်ကိုင်းမြို့မှ ၂၂ မိုင်ကွာဝေးသည့် ဧမ္မဝတီမြို့ဟောင်း ရွာသစ်ကြီးကျေးရွာသို့ ပြောင်းရွှေ့ခဲ့သည်။ ကျောင်းပရိဝုဏ်မှာ ၂၂၉၃ သမ ၁၃ ဧကေ ကျယ်ဝန်းသည်။ စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားဖိုဆောင်များ၊ ရုံးအဆောက်အအုံများ၊ ဖွံ့ဖြိုးရေး အထောက်အကူပြု အဆောက်အအုံများ၊ စာကြည့်တိုက်၊ ပြတိုက်နှင့် တိုင်းရင်းသား ဘာသာဌာန အဆောက်အအုံများဖြင့် ဧရာဝတီမြစ်ကို မေးတင်ပြီး ဆောက်လုပ်ထားသည်မှာ ပန်းရလှသည်။ သင်တန်းသားများ လက်တွေ့လေ့ကျင့်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအတွက် အထူးသင့်လျော်ပြီး အားကစားကွင်းများလည်း အလုံအလောက် ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံတွင် အထူးမူလတန်း ဆရာအတတ်သင်တန်းကိုပါ နယ်စပ်ဒေသမှ တိုင်းရင်းသားလူမျိုးများ ပညာရည်မြင့်မားရေးအစီအစဉ်တစ်ရပ်အဖြစ် ၂၅–၆–၁၉၉၀ ရက်နေ့က စတင်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်း ဆရာအတတ်သင် သင်တန်းအမှတ်စဉ်(၃၅)မှ သင်တန်းသား သင်တန်းသူများက ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူစဉ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဩဝါဒစကားမြွက်ကြားရာ၌–

**"တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်သို့ မြှင့်တင် တည်ထောင်ခဲ့သည်မှာ ယခုဆိုလျှင် ၁၀နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း။**

**"မောင်တို့မယ်တို့သည် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ နယ်စပ်ဒေသများမှ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာသင်ယူလေ့လာဆည်းပူးခဲ့ကြကြောင်း၊ ယခုသင်တန်းပြီးဆုံးပြီးနောက် တိုင်းရင်းသားလူမျိုးများ နယ်စပ်ဒေသများကို သွားရောက်၍ ဆရာဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်ကြောင်း။**

**"မောင်တို့မယ်တို့သည် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် နိုင်ငံတော်က လုံးဝဥဿုံ တာဝန်ယူ လေ့ကျင့်ပေးခဲ့သူများဖြစ်ရာ အခြားသော ပညာရေးဝန်ထမ်းများ ထမ်းဆောင်ရသည့် ပညာရေး တာဝန်များအပြင် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းအောင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လည်း တာဝန်ရှိကြောင်း။**

**"ပထမတာဝန်ဖြစ်သော ပညာသင်ကြားရေးတာဝန်နှင့် စပ်လျဉ်းပြီး တိုင်းရင်းသားလူမျိုး အတော်များများမှာ ဝေးလံခေါင်သီပြီး ဆက်သွယ်သွားလာရေး ခက်ခဲသော နယ်စပ်ဒေသများတွင် နေထိုင်ကြခြင်း၊ တစ်ချိန်က မအေးချမ်း၍ ပညာသင်ကြားခွင့် ဆုံးရှုံးခဲ့ရခြင်းတို့ကြောင့် ပညာရေးပိုင်းတွင် အားနည်းလျက်ရှိရာ မောင်တို့မယ်တို့သည် ယင်းအားနည်းချက်ကို ဖြည့်ဆည်းရမည့် အင်အားစုများအဖြစ်ခံယူပြီး အရှိန်အဟုန်ဖြင့် တိုးတက်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း။**

**"ဒုတိယတာဝန်ဖြစ်သည့် ဒေသဖွံ့ဖြိုးရေးတာဝန်ကိုလည်း တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီပီ တက္ကသိုလ်ကြီးက သင်ကြားလေ့ကျင့်ပေးလိုက်သည့် ဖွံ့ဖြိုးရေးဘာသာရပ်များကို လက်တွေ့ဘဝနှင့်ဆက်စပ်ပြီး အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

**"ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး အခြေခံများ ခိုင်မာစေရအောင် တိုင်းရင်းသား ပြည်သူများ အားလုံး၏ အတွေးအခေါ် ခံယူချက်များ အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိရေးအတွက် မောင်တို့မယ်တို့က စည်းရုံးဆောင်ရွက်သွားကြဖို့ တတိယတာဝန် တစ်ရပ်အဖြစ် မှာကြားလိုကြောင်း"**

မိန့်ကြားခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို–

(က) တိုင်းရင်းသားလူငယ်များ ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ အတူနေထိုင်ကြရမည်။ ပညာရှာမှီးရင်း ပြည်ထောင်စု စိတ်ဓာတ် ခိုင်မြဲစေမည်၊

(ခ) တိုင်းရင်းသားလူငယ်များအား ခံယူချက်၊ ယုံကြည်ချက် ပြည့်ဝစေမည်၊

(ဂ) လူငယ်များအား တိုင်းရင်းသားခေါင်းဆောင်ကောင်းများ ဖြစ်စေမည်၊

(ဃ) အလှမ်းဝေးသော ပြည်နယ်ဒေသများအတွက် ကျောင်းဆရာများ ရရှိစေမည်။ ပညာရေးနှင့်အတူ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်စေမည် ဟူသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။



## မိုးထက်မြင့် ( မြစ်ဝကျွန်းပေါ် )

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ် (၃၅) မှ သင်တန်းသူများအား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ဤသို့ ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကား ပြောကြားခဲ့သည်။**

သိပ္ပံအဆင့်၌ နှစ်စဉ်သင်တန်းသားအသစ် ၁၅၀ ဦး တက်ရောက်ခွင့်ရရှိသည်။ သင်တန်းသားတိုင်း လစဉ်ထောက်ပံ့ကြေးရရှိသည်။ ကျောင်းတွင် နေရာထိုင်ခင်းပစ္စည်းများ ရရှိသည်။ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားကြရသည်။

ယခုအခါ တစ်နှစ်လျှင် သင်တန်းသား ၂၅၀ ဖြင့် ပညာရေးဘွဲ့ လေးနှစ်သင်တန်းအတွက် စုစုပေါင်းသင်တန်းသား ၁၀၀၀ အထိ လက်ခံသင်ကြားနေပြီး ပညာသင်နှစ်ပိုင်း၌ သင်တန်းသား ၁၄၀၀ နီးပါးအထိ တိုးမြှင့်သင်ကြားပေးနိုင်ခဲ့သည်။ သင်တန်းသားဦးရေနှင့် သင်တန်းအမျိုးအစား တိုးတက်လာသည့်အလျောက် ၁၉၆၄ ခုနှစ် စတင်ဖွင့်လှစ်စဉ်က ဆရာဆရာမ ၂၀ နှင့် အမှုထမ်း ၁၅ ဦး ပေါင်း ၃၅ ဦးသာ ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်အထိ ယနေ့တက္ကသိုလ်အဆင့်တွင် စီမံဝန်ထမ်း ၁၈၄ ဦးနှင့် သင်ကြားရေးဝန်ထမ်း ၃၄၈ ဦး စုစုပေါင်း ၅၃၅ ဦးဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဖော် ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်ဖြစ်၍ တစ်ကြောင်း၊ သိပ္ပံဆင်း ဆရာဆရာမများ၏ ဘဝမြှင့်တင်ရေးကို ထောက်ရှု၍ တစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အဆင့်သို့ ၂–၅–၁၉၉၁ ရက်နေ့တွင် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

ဤတက္ကသိုလ်တွင် ပညာရေးဝန်ကြီးဌာနမှ သင်ရိုးများအတိုင်း အဆင့်မြင့်စာပေပညာရပ်များနှင့် ဆရာအတတ်သင်ဘာသာရပ်များကို သင်ယူကြရသည်။ အရည်အချင်းပြည့်ဝသည့် မဟာဘွဲ့ရ ဆရာဆရာမများက ခေတ်မီသင်ကြားသင်ယူမှုနည်းစနစ်များဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသား လူမျိုးများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာအောင် အရည်အချင်းပြည့်ဝသည့် ပညာရေး ဝန်ထမ်း စည်းရုံးရေးမှူးကောင်းများကို လေ့ကျင့် ပျိုးထောင် မွေးထုတ်ခဲ့ရာ နှစ် ၄၀ ကာလ အတွင်း တိုင်းရင်းသားလူငယ်များစွာကို နိုင်ငံတော်၏ ရင်သွေးများအဖြစ် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် မွေးထုတ်ပေးနိုင်ခဲ့သည်။

**ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသားလူမျိုးများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာအောင် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများကို လေ့ကျင့်ပျိုးထောင် မွေးထုတ်ခဲ့ရာ နှစ် ၄၀ကာလအတွင်း တိုင်းရင်းသားလူငယ်များစွာကို နိုင်ငံတော်၏ ရင်သွေးများအဖြစ် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် မွေးထုတ်ပေးနိုင်ခဲ့သည်။**

ဖွံ့ဖြိုးရေးသိပ္ပံဆင်းဆရာ ဆရာမများသည် မိမိတို့ဒေသတွင် တာဝန်ထမ်းဆောင်ကြရင်း ဆရာအတတ်သင်သိပ္ပံများသို့ တက်ရောက်ပြီး၍ အလယ်တန်းပြဆရာအဖြစ်လည်းကောင်း၊ တက္ကသိုလ်များမှပို့ချသည့် စာပေးစာယူ သင်တန်းများသို့ တက်ရောက်ပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စသည်တို့ကိုလည်းကောင်း ရရှိခဲ့ကြသည်။ အချို့ထူးချွန်သူများသည် ပညာရေးတက္ကသိုလ်တွင် စာပေးစာယူဖြင့် လည်းကောင်း၊ အချိန်ပြည့်တက်ရောက်၍လည်းကောင်း ပညာရေးဘွဲ့ (ဘီ–အီး–ဒီ) ရရှိကြပြီး အထက်တန်းပြဆရာ၊ အလယ်တန်း ကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူးတာဝန်များကိုပင် ထမ်းဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်

e-Learning Centre, Language Lab, Over Head Project or, Multi-Media Projector အစရှိသည့် အီလက်ထရွန်နစ်ပညာရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ တပ်ဆင်အသုံးပြုပြီး သင်ကြားလျက်ရှိသည်။

နယ်စပ်ဒေသများတွင် နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကဏ္ဍစုံဘက်စုံ ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံတော်၏ ထောက်ပံ့မှုဖြင့် ပညာဆက်လက် သင်ယူနိုင်အောင်စီမံပေးခဲ့ရာ တက္ကသိုလ်အသီးသီးတွင် တက်ရောက်၍ ပညာသင်ယူခွင့်လည်း ရရှိခဲ့ကြသည်။ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ အခြေခံကျန်းမာရေး တက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ဆေးဘက်ပညာသင်တက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့တွင်လည်း တက်ရောက်ပညာသင်ကြားနိုင်လျက်ရှိနေကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ယနေ့ နိုင်ငံတော်က ဖော်ဆောင်နေသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးမြှင့်ခိုင်မာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နယ်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးစသည့် အခြေခံကောင်းများကို ထပ်လောင်းအားဖြည့်ပေးလျက်ရှိ နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



# ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မကွေးတိုင်းအတွင်း ကျေးလက်နှင့်မြို့ပြလမ်းလုပ်ငန်းများ ဆောင်ရွက်

အုတ်ဖို နိုဝင်ဘာ ၁၄

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်သည် ဦးစီးဌာနမှတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၀ ရက်နံနက်က ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မကွေးတိုင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ကျေးလက်နှင့် မြို့ပြလမ်းလုပ်ငန်းများ၊ မြို့နယ်ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။**

**ကျေးရွာချင်းဆက်**

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် အုတ်ဖိုမြို့နယ် တိမ်ညွှန့်ကျေးလက်လမ်းဂဝံခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ဂဝံလမ်းခင်း ဆောင်ရွက်ခြင်း၊ ဘေလီသံပေါင်တံတားပြုပြင်ခြင်းနှင့် ရေလယ်တိုင်များ ပိုင်ရိုက်စက်ဖြင့် ဆောင်ရွက်မှုများအား ရှင်းလင်းပြသခဲ့သည်။ ယင်းလမ်းမှာ အရှည် ၆ မိုင် ၄ ဖာလုံ၊ အကျယ် ၁၀ ပေရှိ ဂဝံလမ်းဖြစ်ပြီး တံတားမှာ အရှည်ပေ ၁၃၀၊ အကျယ် ၁၄ ပေရှိ ဘေလီသံပေါင်တံတားဖြစ်သည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၁ ဒသမ ၅၃ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၂ သန်း၊ စုစုပေါင်းကျပ် ၃၁ ဒသမ ၇၃ သန်း အကုန်အကျခံ ဆောင်ရွက်လျက်ရှိသော ကျေးရွာချင်းဆက် လမ်းဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ကြို့ပင်ကောက်မြို့နယ် အောင်ချမ်းသာရွာအနီး ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပေါက်ခေါင်းမြို့နယ် ကုတင်ငါးဆင့်ကျေးရွာအနီးရှိ လုပ်ငန်းခွင်တွင် ကျောက်ချောခင်းကျင်းမှုအား သွားရောက်စစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ပဲခူးတိုင်း(အနောက်ပိုင်း) အနေဖြင့် မြေသားလမ်းဖောက်လုပ်ခြင်း ၄၉ မိုင် ၄ ဖာလုံနှင့် ကျောက်လမ်း ၂၃ မိုင် ၇ ဖာလုံ ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် နံနက်က မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်သို့ ရောက်ရှိပြီး တောင်တွင်းကြီးမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် အောင်လံမြို့နယ်များ ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း လုပ်ငန်းခွင်အား စစ်ဆေးရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းများ လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

**(အပေါ်ဝဲပုံ) (နယ်စပ်/စည်ပင်)**




**နိုဝင်ဘာ ၁ ရက်က ဆီဆိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျေးရွာများအတွက် ဆိုက်ခေါင်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၄ လက်မ ရုပ်မြင်သံကြားစက်တစ်လုံး ပေးအပ်လှူဒါန်းရာ ဗိုလ်မှူးစိုးလွင်ကျော်က လက်ခံရယူစဉ်။** (ဝ၄၈)

## စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေပေးဝေရေး ရေစုကန်၊ ရေစစ်ကန် တည်ဆောက်မည့် မြေနေရာတိုင်းတာ

**မိုးကောင်း နိုဝင်ဘာ ၈**

မိုးကောင်းမြို့နယ် တောင်နီကျေးရွာအုပ်စုတွင် စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေပေးဝေရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာအုပ်စုနေ ပြည်သူများပူးပေါင်းဆောင်ရွက်မှုကို အောက်တိုဘာ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက သဘာဝရေထွက်နှင့် ရေစုကန်၊ ရေစစ်ကန်တည်ဆောက်မည့် မြေနေရာကို တိုင်းတာဆောင်ရွက်ကြသည်။

အဆိုပါ ကျေးလက်ရေပေးဝေရေး လုပ်ငန်းဖြစ်မြောက်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၆၄၄၁၅၀၊ ကျေးရွာအုပ်စု ပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ် ၂၅ သိန်းတို့ဖြင့် အကုန်အကျခံ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(၄၁၆)**



**ပင်းတယမြို့နယ် တမဲကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာသိရှိမြေ စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမောင်ကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးချစ်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ် ထုတ်လုပ်ရေးဆောင်ရွက်

**မတ္တရာ နိုဝင်ဘာ ၄**

မတ္တရာမြို့နယ် လွန်တောင်းကျေးရွာတွင် ဇီဝဓာတ်ငွေ့ဖြင့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုအား မြို့နယ်အတွင်းရေးမှူး ဦးသန်းလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးလင်းကြည်နှင့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးကျော်ကျော်တို့ အောက်တိုဘာ ၂၂ ရက်က လုပ်ငန်းခွင်တွင် လိုအပ်သည်များ ကူညီပံ့ပိုးနိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## စွမ်းရည်သစ် စာကြည့်တိုက်ဖွင့် သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

**အရာတော် နိုဝင်ဘာ ၁၀**

အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေးကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီက ချင်ပင်ကျေးရွာ၌ ကျေးလက်ကိုယ့်အားကိုယ်ကိုး စွမ်းရည်သစ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကိုကိုနှင့် မြို့နယ်စာရင်းစစ်အရာရှိ ဦးတင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးမြင့်ဆွေက တရားရေးကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးကိုကိုက ပညာရေးဆိုင်ရာကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**လက်ခံရယူ**

ထို့နောက် စာအုပ်အလှူရှင် ၁၅ ဦးတို့က သုတ၊ ရသစာအုပ်မျိုးစုံ ၃၀၀ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးစိန်ဝင်းက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**




## အင်းတော်မြို့ မန်လည်အုပ်စုစိုက်ခင်းတွင် စံကွက်ရိတ်သိမ်း

**အင်းတော် နိုဝင်ဘာ ၄**

ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးငွေးညွှန့်နှင့် ဌာနဆိုင်ရာများ အောက်တိုဘာ ၃၁ ရက်က အင်းတော်မြို့ မန်လည်အုပ်စု မန်လည်(မြောက်)ရွာ တောင်သူကြီး ဒေါ်ကြည်အောင်၏ ကွင်းအမှတ် ၁၁၀၉ ရှိ မော်ဘီ(၂) စပါးစိုက်ခင်းတွင် စံကွက်ရိတ်သိမ်း စစ်ဆေးကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်စိုး၊ မြေစာရင်းလက်ထောက်ဦးစီးမှူး ဦးစိုးလွင်တို့က ရိတ်သိမ်းပြသကြရာ တစ်ဧက ၈၅ ဒသမ ၉၁ တင်းနှုန်း ထွက်ရှိသည်။

ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးငွေးညွှန့်နှင့် မြို့နယ်အတွင်းရေးမှူး ဦးဆန်းမင်းတို့ ဦးဆောင်သော မြို့နယ်စိုက်ညှိအဖွဲ့ဝင်များသည် မိုးစပါးစံကွက် ရိတ်သိမ်းအပြီး မန်လည်(တောင်)ရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် အုပ်စုအတွင်းရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ဆောင်းသီးနှံအပြည့် အဝစိုက်ပျိုးရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးမှုစွမ်းအားမြှင့်တင်ရေးနှင့် သဘာဝမြေဩဇာကို အိမ်တိုင်းတွင် ကျင်းစနစ်ဖြင့် စဉ်ဆက်မပြတ် ပြုလုပ်သုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားကြသည်။ **(၁၃၃)**



## တန့်ဆည်မြို့အဝင် လမ်းတစ်လျှောက် သစ်ပင်များ ခြံကာ၊ ပေါင်းမြက်ရှင်းလင်း

**တန့်ဆည် နိုဝင်ဘာ ၅**

တန့်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသည့် သစ်ပင်များခြံကာ၊ ပေါင်းမြက်ရှင်းလင်းခြင်းနှင့် သစ်ပင်များစိုက်ပျိုးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၅ ရက်က မြို့အဝင် ရွှေဦးကားလမ်း ဘေးဝဲယာတစ်လျှောက်၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်းဆောင်ရွက်မှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

# တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ နိုင်ငံနှင့်လူမျိုးအကျိုး ထိထိရောက်ရောက်သယ်ပိုးနိုင်ရေး အသိအမြင်စွမ်းအား၊ အရည်အသွေးနှင့်စိတ်ဓာတ်အင်အားများ နိုင်ငံတော်က အားသစ်လောင်းပေးနေ အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်ပေးနိုင်မည့် ပညာရေးစွမ်းအားစုကြီးဖြစ်ထွန်းလာရေး ဆက်လက်ကြိုးပမ်း

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းတံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■



**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူများအား တရင်းတနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်း ရေလွှဲဥမင်လိုဏ် တိုးလျှိုပေါက်ဖောက်လုပ်ပြီးစီး ပြည်ပအကူအညီမပါဘဲ မြန်မာအင်ဂျင်နီယာများကိုယ်တိုင်ကြိုးပမ်းခဲ့ကြ

ကွင်းဆင်းလေ့လာရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေသယံဇာတ၊ရေသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည့်အားလျော်စွာ ပေါများကြွယ်ဝသော မြေသယံဇာတနှင့် ရေသယံဇာတများကိုဖော်ထုတ်၍ နိုင်ငံတော်အတွက် အကျိုးရှိစွာသုံးစွဲရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဆည်မြောင်းတာတမံများတည်ဆောက်ပေးခြင်းဖြင့် ဆည်ရေများရရှိပြီး နိုင်ငံတော်အတွက်အကျိုးပြုသော လယ်ယာမြေများပေါ်ထွက်ကာ စိုက်ပျိုးရေးကဏ္ဍ၌ အကျိုးများတိုးပွားစေခဲ့သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

**ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာတောင်ဘက် ၂၁သမ၅မိုင်အကွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်နေသော တမံအလျား ပေ ၁၀၅၀၊ တမံအမြင့် ၂၅၁ ပေ၊ Zone Type အလယ်ပိုင်း ရေလုံလွှာနှင့် ကျောက်ရောမြေသားတမံ အမျိုးအစားဖြင့် ရဲနွယ်ချောင်းကိုပိတ်၍ တည်ဆောက်လျက်ရှိသည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းပတ်ဝန်းကျင်ကို ဤသို့တွေ့ရသည်။** ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)





**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းတွင် တည်ဆောက်ပြီးစီးသွားသည့် မြင်းခွာပုံသံကူကွန်ကရစ် ရေလွှဲဥမင်ထွက်ပေါက်မှ ရေများထုတ်လွှတ်ပေးလျက်ရှိသည်ကို ဤသို့တွေ့ခဲ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

# ဖလူးဂျာကိုသိမ်းပိုက်ရန် ကန်တို့ထိုးစစ်ဆင်သော တစ်ပတ်ကြာတိုက်ပွဲအတွင်း

## အမေရိကန်တပ်ဖွဲ့ဝင် ၃၈ဦးသေဆုံး၊ ၂၇၅ဦး ဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၅

**ဖလူးဂျာမြို့အားသိမ်းပိုက်ရန် တစ်ပတ်ကြာထိုးစစ်ဆင်ခဲ့သော စစ်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၃၈ဦး သေဆုံးခဲ့ပြီး ၂၇၅ဦး ဒဏ်ရာရခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။**

သေဆုံးသူစုစုပေါင်းတွင် တိုက်ပွဲ၌မဟုတ်ဘဲ ဒဏ်ရာရပြီး သေဆုံးသော တပ်ဖွဲ့ဝင်သုံးဦး ပါဝင်ကြောင်း၊ ဒဏ်ရာရသူ ၆၀မှာ တာဝန်ပြန်ထမ်းဆောင်နေပြီဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

**သေဆုံး**

စနေနေ့၌ အမေရိကန်စစ်ဘက်က အမေရိကန်တပ်ဖွဲ့ဝင် ၂၂ဦးနှင့် အီရတ်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး ၂၇၈ဦး ဒဏ်ရာရခဲ့ကြောင်း ပြောက်ကျားတပ်ဖွဲ့ဝင် ၁၀၀၀သေဆုံးပြီး ၄၅၀မှ ၅၅၀ကြား လက်နက်ချခဲ့ကြောင်း ပြောကြားခဲ့သည်။ အရပ်သားသေဆုံးမှုနှင့် စပ်လျဉ်း၍ မပြောကြားသော်လည်း လူအများသေဆုံးကြောင်း ဒေသခံများက ပြောကြားသည်။

ဘဂ္ဂဒက်တွင် စနေနေ့ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ အီရတ် အမျိုးသားလုံခြုံရေးအကြံပေး ကက်စ်ဆင်မ်ဒါဝုဒ်က ဖလူးဂျာမြို့ကို အမေရိကန်–အီရတ်တပ်ဖွဲ့ဝင်များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှု ပြီးဆုံးကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် အမေရိကန်စစ်ဘက်က မြို့လုံခြုံရေး စိတ်ချရသည်အထိ နောက်ထပ်ရက်များစွာကြာဦးမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့ညပိုင်း၌ ပြောကြားခဲ့သည်။

ဖလူးဂျာမြို့တွင်း၌ အသက်အရွယ်ကြီးသူများ၊ အမျိုးသမီးများနှင့် ကလေးငယ်များ ထောင်ပေါင်းများစွာရှိပြီး ခိုလှုံရန်နေရာများ၊ အစားအစာများ၊ ရေများနှင့် ဆေးဝါးစောင့်ရှောက်မှုများ လိုအပ်ကြောင်း၊ အရေအတွက်မသိသည့် ဒဏ်ရာရ အရပ်သားများစွာရှိပြီး ကုသစောင့်ရှောက်မှုမရှိကြောင်း အီရတ်လခြမ်းနီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## ဖလူးဂျာမြို့ရှိ ပြည်သူတို့၏ဘေးဒုက္ခများ နိုင်ငံတကာ အကူအညီလိုအပ်

ဘဂ္ဂဒက် နိုဝင်ဘာ ၁၅

**တိုက်ပွဲများဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးဒုက္ခများနှင့် ကြုံတွေ့နေရသည့် ပြဿနာများရှိနေသည့် ဖလူးဂျာမြို့၏ မြင်ကွင်းသည် နိုင်ငံတကာ အကူအညီလိုအပ်ကြောင်းကို ဖော်ပြနေကြောင်း အီရတ်လခြမ်းနီအဖွဲ့ (အိုင်အာစီအက်စ်)၏ ပြောရေးဆိုခွင့်ရ အမျိုးသမီးတစ်ဦးက ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။**

**ပြောကြား**

အီရတ်နိုင်ငံ၏အဓိက အထောက်အကူပေးရေး အေဂျင်စီတစ်ခုဖြစ်သည့် အဆိုပါအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဖာဒက်ခ်အယ်အီဘာဒီက ဆင်ဟွာနှင့် သီးခြားတွေ့ဆုံဆွေးနွေးခန်းတစ်ခုတွင် ပြောကြားရာ၌ ဖလူးဂျာမြို့အတွင်း ရှိ အီရတ်ပြည်သူတို့၏ ဘေးဒုက္ခများနှင့်ပတ်သက်၍ အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းပင် ဖြစ်သည်။

**ပျက်စီး**

ဖလူးဂျာမြို့တွင် ကျန်းမာရေးကုသမှုဆိုင်ရာ ဆေးခန်းများလည်း ပျက်စီးနေခြင်း၊ ဖလူးဂျာရှိ အဓိကဆေးရုံကြီးတွင်လည်း စည်းကမ်းစနစ်တကျမရှိခြင်း၊ လမ်းများပေါ်တွင် သေဆုံးနေသော ပြည်သူများ၏ ကိုယ်ခန္ဓာများ၊ အသက်အရွယ်ကြီးရင့်သူများနှင့် လမ်းများပေါ်တွင် သေအံ့ဆဲဆဲ ပြည်သူများ၊ ဒဏ်ရာရရှိသူများရှိနေသည်။

**သေဆုံး**

ထို့အပြင် တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် ကိုယ်ဝန်ဆောင်မိခင်များ သန္ဓေသားပျက်စီးခြင်းများနှင့် အီရတ်ကလေးငယ်များ သေဆုံးခဲ့ရသည့် အဖြစ်အပျက်များရှိနေကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## တရုတ်နှင့် အီဂျစ် နိုင်ငံခြားရေးဝန်ကြီးများ အီရတ်ကိစ္စ ဆွေးနွေး

**ဘရာဆီလီရာ နိုဝင်ဘာ ၁၅**

အီရတ်နိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာဆိုင်ရာ ညီလာခံအပေါ်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျာရှင်းနှင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူလ်ဂယ်တို့ စနေနေ့က တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာလီသည် တရုတ်သမ္မတ ဟူကျင်တောင်နှင့်အတူ ယခုအခါ ဘရာဇီးနိုင်ငံသို့ အလည်အပတ်ခရီးစဉ်အဖြစ် ရောက်ရှိနေသည်။ အီဂျစ်နိုင်ငံသည် အီရတ်ဆိုင်ရာနိုင်ငံတကာညီလာခံကို ပင်လယ်နီ အပန်းဖြေစခန်းဖြစ်သည့် ရှမ်အယ်လ်ရှိတ်၌ ယခုနိုဝင်ဘာ ၂၂ရက်မှ ၂၃ရက်အထိ လက်ခံကျင်းပမည် ဖြစ်သည်။

အဆိုပါညီလာခံတွင် ပါဝင်တက်ရောက်သူများအနေဖြင့် အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် ဒီမိုကရေစီကူးပြောင်းရေးဆိုင်ရာကိစ္စရပ်များကို ပြောဆိုဆွေးနွေးကြမည် ဖြစ်သည်။

**အမ်အင်အေ၊ ဆင်ဟွာ**



### ထွက်ခွာ

**ဖလူးဂျာမြို့တွင် တိုက်ခိုက်မှုများ ဖြစ်ပွားနေခြင်းကြောင့် မြို့ပြင်သို့ ရှောင်တိမ်းထွက်ခွာလာကြသော အီရတ်မိသားစုများကို နိုဝင်ဘာ ၁၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

### ရေနံတွင်းမီးလောင်

**အီရတ်နိုင်ငံ ခါဘာဇာမြို့အနီးရှိ ရေနံတွင်းတစ်တွင်း မီးလောင်နေသည်ကို အီရတ်မီးသတ်သမားများက နိုဝင်ဘာ ၁၅ရက်က ငြိမ်းသတ်နေကြစဉ်။** (ဓာတ်ပုံ–အင်တာနက်)



## ဖလူးဂျာမြို့အား ကန်တို့တိုက်ခိုက်မှု အဆုံးသတ်ရန် အီရတ်တို့ဆန္ဒပြတောင်းဆို

**ဖလူးဂျာ နိုဝင်ဘာ ၁၅**

ဘာကူဘာ မြို့အနီးရှိ ဘိုးဖီးစ်မြို့မြောက်ဘက်ပိုင်းတွင် ဆန္ဒပြသူ ရာပေါင်းများစွာတို့ စုဝေးကာ ဖလူးဂျာမြို့၌ ဆင်နွှဲနေသော အမေရိကန်တို့၏ စစ်ရေးအရ တိုက်ခိုက်မှုကို အဆုံးသတ်ရန် တောင်းဆိုဆန္ဒပြခဲ့ကြပြီး အီရတ်ကြားဖြတ်အစိုးရကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။

**ရွှေ့ပြောင်း**

ဖလူးဂျာမြို့ တိုက်ပွဲကြောင့် ဒဏ်ရာရ အီရတ်အရပ်သား အများအပြားကို ဆေးရုံများသို့ ကယ်ဆယ်ရွှေ့ပြောင်းလျက်ရှိကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

ဖလူးဂျာမြို့ဒေသခံ ၉၀ရာခိုင်နှုန်းထက်မနည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြသည်ဟု ယူဆသော်လည်း ဖလူးဂျာဒေသခံမည်မျှ မြို့အတွင်း၌ ဆက်လက်နေထိုင်ကြသည်ကို အတိအကျမသိရဟု ဆိုသည်။

**(စီအင်န်အင်န်)**

# အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ရေး

## နေတိုးအဖွဲ့ဝင် ၁၀ နိုင်ငံ ငြင်းဆိုထား

လန်ဒန် နိုဝင်ဘာ ၁၅

**နေတိုးအဖွဲ့ဝင် ၁၀နိုင်ငံတို့သည် ယင်းတို့၏ မဟာမိတ်များအနေဖြင့် အနာဂတ်ပြဿနာများကို ရင်ဆိုင်တိုက်ခိုက်ရာတွင် မည်သို့ပင် သံသယဖြစ်မှုများ တိုးပွားနေသော်လည်း အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် ငြင်းဆိုထားခဲ့ကြသည်။**

မိမိတို့ ၁၀နိုင်ငံသည် အီရတ်နိုင်ငံအတွင်းသို့ ယင်းတို့၏ တပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်မည်မဟုတ်သလို တပ်ဖွဲ့ဝင်များလည်း စေလွှတ်မည်မဟုတ်ကြောင်း နေတိုးမဟာမိတ်တပ် အကြီးအကဲ ဗိုလ်ချုပ်ကြီး ဂျိမ်းခ်ဂျုံး၏ ပြောကြားချက်ကို ဖိုင်နန်ရှယ်တိုင်းမ်သတင်းစာက ကိုးကား ဖော်ပြသည်။

**ဖော်ပြ**

အဆိုပါကိစ္စသည် အနာဂတ်မစ်ရှင်များတွင် မဟာမိတ်၏ အနာဂတ်စည်းလုံးရေးအတွက် ၎င်း၏ပါဝင်မှုအတွက် တပ်ဖွဲ့ဖြစ်ကြောင်း အဆိုပါသတင်းစာက ဖော်ပြသည်။

**ဆန့်ကျင်**

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော စစ်ပွဲသို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် နေတိုး ၂၆နိုင်ငံက ငြင်းဆိုခဲ့မှုအပေါ် ဂျုံးက မပြောဆိုနိုင်ကြောင်း၊ နေတိုးအဖွဲ့ဝင်များဖြစ်သည့် ပြင်သစ်၊ ဂျာမနီနှင့် ရုရှားတို့သည် အဆိုပါစစ်ပွဲကို ဆန့်ကျင်ခဲ့ကြကြောင်း သတင်းစာက ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

17-11 (05).p65 1 3/25/05, 3:49 PM





# အိန္ဒိယလေတပ်ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် နိုဝင်ဘာ ၁၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယ သမ္မတနိုင်ငံ အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal S Krishnaswamy, COSC, PVSM, AVSM, VM & Bar, ADC Chief of the Air Staff နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel J.S. Chopra နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဓိဝကလမ်းရှိ ဖောင်းရွှေတိဂုံဘုရားသို့ သွားရောက်၍ ဂါရဝပြုကြသည်။**

## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယလေတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်၊ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲချစ်ဖေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အိန္ဒိယလေတပ်ဦးစီးချုပ်နှင့် အဖွဲ့အား ရှင်းလင်းဆောင်၌ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် သိန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီး တင်မောင်ထွန်း**(အပေါ်ပုံ)**က မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ်အကြောင်း သိကောင်းစရာများကို ဗီဒီယိုဖြင့် ပြသကာ ရှင်းလင်းပြောကြားသည်။

## အပြန်အလှန်ပေးအပ်

ထို့နောက်ဧည့်သည်တော် အိန္ဒိယလေတပ်ဦးစီးချုပ်နှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ညပိုင်းတွင် ဧည့်သည်တော် အိန္ဒိယလေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံ စေတီတော်သို့သွားရောက် ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး စေတီတော် ရင်ပြင်ရှိ သာသနိကအဆောက်အအုံများကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယလေတပ်ဦးစီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ စေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည် ကြည်ညိုကြသည်။

**(သတင်းစဉ်)**

# ရှစ်မိုင်မစိုးရိမ်ရွှေကျောင်းတိုက်သစ် မဟာဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရှစ်မိုင် မစိုးရိမ်ရွှေကျောင်းတိုက်သစ်၌ ပုရိမဝါမှ ထမြောက်တော်မူကြမည့် စာချစာသင်သံဃာတော်အရှင်သူမြတ်အပါး ၁၅၀ တို့အား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီမှ ၁၂ နာရီအထိ အဆိုပါကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင် ဒါယကာ ဒါယိကာမအပေါင်းတို့ ကြွရောက်ကြည်ညိုကုသိုလ်ယူကြရန် သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# အထက(၁)လှိုင် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

လှိုင်မြို့နယ် အထက(၁)တွင် ၁၉၆၈ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံကြ၍ ယင်းနှစ်တွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်းရှိ အားကစားခန်းမ၌ လာမည့် ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

၁၉၆၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများသည် နိုဝင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် အထက(၁) လှိုင် အားကစားခန်းမတွင် တွေ့ဆုံညှိနှိုင်းကြမည်ဖြစ်သည်။ အလှူငွေများကို ဗိုလ်မှူးကြီးဇော်ထွန်း ဖုန်း-၆၄၂၁၀၃၊ ဦးခင်ဇော် ဖုန်း-၇၀၇၅၇၅၊ ၀၉-၈၉-၂၂၅၅၅၊ ဦးဇေယျ ဖုန်း-၅၀၁၉၈၀၃ နှင့် ဒေါ်လှလှဝင်း ဖုန်း-၅၂၇၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# သာယာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**

# ရတနာသိဃ်စာသင်တိုက် ကထိန်သင်္ကန်းကပ်လှူမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၁၀ ကင်မွန်းခြံရပ်ကွက် တံတားဖြူကန်လမ်း လှိုင်မြင်းမိုရ်အိမ်ရာရှိ ရတနာသိဃ်ပရိယတ္တိ စာသင်တိုက်၌ ဘဒ္ဒန္တ နေမိန္ဒာဘိသိရီ(အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)ဆရာတော်နှင့် စာချစာသင် ၆၇ပါး၊ ပင့်သံဃာတော်အပါး ၆၀ ကျော်တို့အား ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၂၆ ရက်) သောကြာနေ့ နံနက် ၇ နာရီတွင် နှစ်စဉ် ကျင်းပမြဲအတိုင်း (၂၆) ကြိမ်မြောက် မဟာဘုံကထိန်လျာသင်္ကန်း လှူဒါန်းဆက်ကပ်မည်ဟု သိရသည်။ **(က-ပ)**



**ကွယ်လွန်သူ သမီး မဖြူဖြူခိုင်၊ မခင်လှပို၊ မနွဲ့ဒါလီအောင် တို့အား ရည်စူး၍ ပုသိမ်မြို့ ငဝန်ကျွန်းသာ ၁၀ လမ်း အမှတ်၄၂၄နေ ဦးလှရှိန်-ဒေါ်ကျော့ကျော့မိသားစု(အေစီအီးဆောက်လုပ်ရေး)က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းငါးသောင်းကို အောက်တိုဘာ၂၉ရက်ကလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)**

# ပထဝီဝင်ကျောင်းသား၊ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာနတွင် အမှုထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့်ပြီး အငြိမ်းစားယူခဲ့ကြသောဆရာကြီး ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို အစဉ်သတိရအောက်မေ့လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန ဖုန်း-၅၃၆၉၄၃သို့ ဆက်သွယ်လှူဒါန်းကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ်ပန်းချီ၊ ပန်းပုပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် နိုဝင်ဘာ ၁၆

**၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့် အနုပညာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲကျင်းပရေး ဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲများကိုကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးဖြစ်သည်။**

## အဆင့်ခြောက်ဆင့်ခွဲထား

ပန်းချီပြိုင်ပွဲကို မူကြိုအဆင့် (မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များ)၊ မူလတန်း(အငယ်)အဆင့် (သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း)၊ မူလတန်း(အကြီး)အဆင့် (တတိယတန်း၊ စတုတ္ထတန်း)၊ အလယ်တန်းအဆင့် (ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း)၊ အထက်တန်းအဆင့် (အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးကျောင်းများ)နှင့် အလွတ်တန်းအဆင့် (တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ပန်းချီ၊ ပန်းပုကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့်ဝါသနာရှင်၊ ပညာရှင်များ)ဟူ၍ အဆင့်ခြောက်ဆင့် ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

## ပန်းပုပြိုင်ပွဲ

ပန်းပုပြိုင်ပွဲကို အလွတ်တန်းအဆင့် တစ်မျိုးတည်းသာ ကျင်းပမည်ဖြစ်ပြီး အလွတ်တန်းအဆင့်(ပလတ်စတာ)နှင့် ပန်းပု(သစ်သား)ဟူ၍ ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပန်းပုပြိုင်ပွဲ အမျိုးအစားနှစ်ရပ်စလုံးတွင် ဝါသနာရှင်၊ ပညာရှင်၊ ကျောင်းသား ကျောင်းသူများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်သည်။

## ပန်းချီပြိုင်ပွဲ

ပန်းချီပြိုင်ပွဲမူကြိုအဆင့်နှင့် အခြေခံပညာအဆင့်အားလုံးတွင် ပြိုင်ပွဲဝင်ပန်းချီကား၏ အရွယ်အစားမှာ အလျား လက်မ၂၀၊ အနံ ၁၅ လက်မအရွယ်အတွင်း နှစ်သက်ရာဆေး၊ နည်းစနစ်ဖြင့် ရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေးဆွဲကြောင်းနှင့် ကျောင်းလိပ်စာ၊ ဆက်သွယ်ရန်နေရပ်လိပ်စာအပြည့်အစုံဖော်ပြလျက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ စိစစ်ထောက်ခံချက်ဖြင့် စုစည်းပေးပို့ရမည်။

နှစ်လက်မ X နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံနှင့်အတူ ၂၃-၂-၂၀၀၅ရက် နောက်ဆုံးထား၍ လက်တွေ့ဖွံ့ဖြိုးမှုဌာနစု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စုစည်းပေးပို့ရန်နှင့် ၎င်းပြိုင်ပွဲဝင်လက်ရာပန်းချီကားများအား ၁-၃-၂၀၀၅ ရက်တွင် တပ်မတော်ခန်းမသို့ စုစည်းပေးပို့ရမည်ဖြစ်သည်။

အလွတ်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ပန်းချီကားများကို အလျားလက်မ၃၀၊ အနံလက်မ၂၀အရွယ်အတွင်း နှစ်သက်ရာဆေး၊ စက္ကူ၊ ကင်းဗတ်နည်းစနစ်တို့ဖြင့် အသုံးပြုရေးဆွဲနိုင်သည်။ ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်း၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန် နေရပ်လိပ်စာတို့ကို ဖော်ပြပါရှိရမည်။ နှစ်လက်မ X နှစ်လက်မခွဲ အရွယ် ရောင်စုံဓာတ်ပုံ သုံးပုံနှင့်အတူ ၁-၃-၂၀၀၅ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အမှတ်(၁၈၇) ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၅ ခုနှစ် မတ်လ ၁ ရက်မှ ၃ ရက်အတွင်း အတွင်းရေးမှူး ပန်းချီပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေး ဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

အလွတ်တန်းအဆင့်ပန်းပု(ပလတ်စတာ)နှင့် အလွတ်တန်းအဆင့်ပန်းပု (သစ်သား)ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပြိုင်ပွဲဝင်ပန်းပုလက်ရာများသည် အမြင့်၃၆ လက်မထက် မကျော်ရ၊ အောက်ခြေပတ်လည် ၂၄ လက်မထက် မကြီးရ၊ နှစ်သက်ရာသစ်သား၊ ပလတ်စတာ စသည်တို့ဖြင့် ပြုလုပ်နိုင်သည်။ ကိုယ်တိုင်ထုလုပ်ကြောင်း ဝန်ခံချက်၊ အမည်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန်လိပ်စာ၊ ကိုယ်ရေးအကျဉ်းတို့နှင့်အတူ နှစ်လက်မ X နှစ်လက်မခွဲ အရွယ် ရောင်စုံဓာတ်ပုံသုံးပုံပူးတွဲ ပါရှိရမည်။ ပန်းပုရုပ်များကို နှစ်သက်ရာခေါင်းစဉ်ပေးနိုင်ပြီး ယခင်နှစ်များက ပြိုင်ပွဲပြပွဲသို့ တင်သွင်းခဲ့ဖူးသည့်ရုပ်တုမဖြစ်စေရ။ ၂၀၀၅ ခုနှစ် မတ်လ၃ရက်နေ့ နောက်ဆုံးထား၍ အတွင်းရေးမှူး၊ ပန်းချီ၊ ပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေးဆပ်ကော်မတီ တပ်မတော်ခန်းမ ဦးဝိစာရလမ်း ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာကောင်း(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ရေးဆွဲထုဆစ်ကြရန်ဖြစ်သည်။

အလွတ်တန်းအဆင့် ပြိုင်ပွဲဝင် ပန်းချီ၊ ပန်းပုလက်ရာများကို ၂၀၀၅ ခုနှစ် မတ်လ ၁ရက်နေ့နောက်ဆုံးထား၍ အတွင်းရေးမှူး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အမှတ်(၁၇၈) ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ၂၀၀၅ ခုနှစ် မတ်လ ၁ရက်နေ့မှ ၃ ရက်နေ့အတွင်း အတွင်းရေးမှူး ပန်းချီပန်းပုပြိုင်ပွဲပြပွဲ ကျင်းပရေး ဆပ်ကော်မတီ ဦးဝိစာရလမ်း တပ်မတော်ခန်းမ ရန်ကုန်မြို့သို့လည်းကောင်း တိုက်ရိုက်ပေးပို့နိုင်သည်။

## ဂုဏ်ပြု

တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲဝင် လက်ရာများအပြင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုပြပွဲတင် ပန်းချီနှင့် ပန်းပုရုပ်တုများကိုလည်း တင်သွင်းပြသနိုင်သည်။

ဂုဏ်ပြုပြပွဲတင် ပန်းချီကားနှင့်ပန်းပုရုပ်တုများကို နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏အစဉ်အလာကောင်း(၁၂)ရပ်တို့ကို ဦးတည်ဖော်ညွှန်းပြီး သရုပ်ဖော်ထုဆစ်ကြရန်ဖြစ်သည်။

ရှေးခေတ်မြန်မာ့တပ်မတော်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ စသည့် တပ်မတော်၏ သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံတော်အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ဖော်ကျူးရေးဆွဲထုဆစ်နိုင်ကြသည်။

ဂုဏ်ပြုပြပွဲတင် ပန်းချီကားနှင့် ပန်းပုရုပ်တုများကို ၂၀၀၅ ခုနှစ် မတ်လ ၁ ရက်မှ ၅ရက်အတွင်း ဦးဝိစာရလမ်း တပ်မတော်ခန်းမသို့တိုက်ရိုက် ပေးပို့တင်သွင်းရန်ဖြစ်ကြောင်း စည်းကမ်းချက်များတွင်ဖော်ပြထားသည်။

**(သတင်းစဉ်)**





နိုဝင်ဘာ ၁၆ရက်က ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့၏(၁/၂၀၀၄)အစည်းအဝေးတွင် ဗဟိုအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# (၅၄)ကြိမ်မြောက် ရွှေပြားသက်နိုး ၁၁ ပြားလှူဒါန်းမည်

ရန်ကုန် နိုဝင်ဘာ ၁၆

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသဗ္ဗာရဝတ်အသင်းကြီးက ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား (၅၄)ကြိမ်မြောက် ရွှေစင်ရွှေပြား အလေးချိန် သုံးကျပ်သားစီရှိသော ရွှေပြားသက်န်းတော် ၁၁ပြားကို ဗြဟ္မာမင်းကြီးများ ပင့်ဆောင်ဟန်ဖြင့် နိုဝင်ဘာ ၂၁ရက်တွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းမှ စမ်းချောင်းမြောက်ရပ်ကွက်နှင့် ကြည့်မြင်တိုင်မြို့နယ် အုန်းတောမှ နတ်စင်လမ်းသို့လည်းကောင်း၊ နိုဝင်ဘာ ၂၂ရက်တွင် စမ်းချောင်းမြို့နယ် စမ်း/တောင်ရပ်ကွက်နှင့် ကြည့်မြင်တိုင်မြို့နယ် ဆေး/ငြိမ်းရပ်ကွက်၊ ပန်းလှိုင်ရပ်ကွက်တို့သို့လည်းကောင်း၊ နိုဝင်ဘာ၂၃ရက်တွင် ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းမှ ဘောဂရပ်ကွက်သို့လည်းကောင်း၊ နိုဝင်ဘာ ၂၄ရက်တွင် စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက်မှ မြေနီကုန်းရပ်ကွက်သို့လည်းကောင်း စည်ကား သိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံပြီး ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်ရှိ အသင်းတန်ဆောင်းရှေ့၌ အပူဇော်ခံမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

# ပြည်-ဆိပ်သာ သဘာဝဓာတ်ငွေ့ မြစ်ဖြတ်ပိုက်လိုင်း ဆက်သွယ်မှု ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး၊ ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၆

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ပြည်-ဆိပ်သာ ၁၀ လက်မသဘာဝဓာတ်ငွေ့ မြစ်ဖြတ်ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ပိုက်လိုင်းဆက်သွယ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် ပဲခူးတိုင်းအနောက်ပိုင်း ပြည်ခရိုင် ရွှေတောင်မြို့နယ် တရုတ်မော်ရွာ အရှေ့ဘက်ကမ်းမှ ဆိပ်သာရွာဘက်ကမ်းသို့ သွားရောက်ပြီး မြစ်ဖြတ်ဆွဲထားသည့် ပိုက်လိုင်း အခြေအနေ၊ မြစ်အတွင်း သောင်တူးစက်ဖြင့် တူးပြီး ပိုက်လိုင်းမြေမြှုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့အား လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ(ပိုက်လိုင်း)ဦးသန်းထွင်က ၁၀ လက်မပိုက်များ ဧရာဝတီမြစ်ကို ဖြတ်၍ ဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေ၊ မြစ်ဖြတ်ဆွဲပြီးသော ပိုက်လိုင်းအား ဖိအား (Pressure)ဖြင့် စမ်းသပ်မှု အခြေအနေနှင့် လက်ရှိဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဧရာဝတီမြစ်ရေတက်ရေကျ၊ မြစ်ကြောင်း ရေစီးဆင်းမှု၊ ရေအနက်၊ မြစ်ကြမ်းပြင် အနေအထား၊ သောင်တူးစက်ဖြင့် မြစ်ကြမ်းပြင်တွင် ပိုက်လိုင်း မြေမြှုပ်ရန် မြောင်းတူးဖော်မှု အခြေအနေ၊ ဆက်လက်၍ ပိုက်လိုင်းမြေမြှုပ် ပြီးစီးမှုကို အသံလှိုင်းကိရိယာ၊ ရေငုပ်သမားတို့ဖြင့် ပြန်လည်စစ်ဆေးမည့် အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**(အပေါ်ယာပုံ)** ဝန်ကြီးက ယခုအကြိမ်သည် စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှကျွမ်းကျင်သူပညာရှင်များ ပေါင်းစပ်၍ စနစ်အကျဆုံး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆက်သွယ်ပြီးစီးသည့် ပိုက်လိုင်းကိုလည်း အထပ်ထပ်စစ်ဆေးပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ပေးသည်။ ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည်မြစ်ကြောင်းတစ်လျှောက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် မြစ်အရှေ့ဘက်ကမ်းတွင် ပိုက်လိုင်းဆက်သွယ်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

## ပေးအပ်ချီးမြှင့်

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် ပိုက်လိုင်းဆက်သွယ်ရေး လုပ်ငန်းခွင်၌ ပြည်-ဆိပ်သာ ၁၀ လက်မ သဘာဝဓာတ်ငွေ့မြစ်ဖြတ်ပိုက်လိုင်းအောင်မြင်စွာ ဆက်သွယ်ပြီးစီးမှု အခြေအနေ၊ သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်နိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြစ်ဖြတ်ပိုက်လိုင်းအောင်မြင်စွာ ဆက်သွယ်ဆောင်ရွက်ခဲ့ကြသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား ချီးကျူး အားပေးစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

## ပို့လွှတ်နိုင်ပြီ

အဆိုပါ ပြည်-ဆိပ်သာ ၁၀ လက်မ သဘာဝဓာတ်ငွေ့ မြစ်ဖြတ်ပိုက်လိုင်း အောင်မြင်စွာ ဆက်သွယ်ပြီးစီးသွားပြီဖြစ်သဖြင့် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ၁ နာရီခွဲမှ စတင်၍ ကြခင်းဘိလပ်မြေစက်ရုံ၊ မြန်အောင်သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် အခြားစက်ရုံအလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့ ပုံမှန်ပို့လွှတ်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီ တတိယအကြိမ်စည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၁၆**

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီ တတိယအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် သိမ်ဖြူလမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီ အဖွဲ့ဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကြိုဆိုပို့ဆောင်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က နိုင်ငံအသီးသီးမှကြွရောက်တော်မူမည့်ဆရာတော်များနှင့် နိုင်ငံ့ခေါင်းဆောင်များ၊ အထူးဧည့်သည်များအတွက် ကြိုဆိုပို့ဆောင်ရေးဆိုင်ရာ စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၇-၁၁-၂၀၀၄(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၈:၀၀ ၆။ အရေးပြိုင်ပွဲ

၈:၀၅ ၇။ တေးဂီတအစီအစဉ်

၈:၂၀ ၈။ ရွှေလောင်းတံတား

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Let's Go

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ Practice in Reading.

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)

၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၁၇:၃၀ ၇။ ဂီတမဟာ ပျော်စရာ

၁၇:၅၀ ၈။ မြန်မာစာ မြန်မာစကား

၁၈:၀၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

၁၈:၁၅ ၁၀။ Discovery

၁၈:၂၀ ၁၁။ မှုဟန်သွယ်သွယ် ဆိုကြမယ်

၁၈:၃၀ ၁၂။ ညနေခင်းသတင်း

၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၄။ တေးဂီတအစီအစဉ်

၁၉:၂၀ ၁၅။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ

၁၉:၃၅ ၁၆။ တေးဂီတအစီအစဉ်

၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **၂၀၀၃-၂၀၀၄ပညာသင်နှစ် ရန်ကုန်ပန်တျာကျောင်း သင်တန်းဆင်းပွဲတင်ဆက်မှု အစီအစဉ်**

# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁၁/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များကို စိတ်ပါ ဝင်စားသူများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် စီးပွား ရေးလုပ်ငန်းရှင်များ၊ အစိုးရဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများ စုစုပေါင်း ၁၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၁၂ပတ်ကြာမြင့် ခဲ့သည်။ **(သတင်းစဉ်)**

# တံခွန်တိုင်တောရ ဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

အောင်စေတီဆရာတော်ကြီးအား အမှူးထား၍ တံခွန်တိုင်တောရကျောင်းတိုက်တွင် သီတင်းသုံးဝါကပ်တော်မူသော သံဃာတော်များနှင့် ပင့်သံဃာ အပါး၉၀တို့အား မဟာဘုံကထိန်သင်္ကန်း ဆက်ကပ် ပူဇော်ပွဲကို နိုဝင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့)နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သာကေတမြို့နယ် (၁၂)ရပ်ကွက် ၁၀ တောင်ရှိ တံခွန်တိုင်တောရကျောင်းတိုက်တွင် ဆက်ကပ်လှူဒါန်းမည်ဟု သိရသည်။ **(က-ပ)**

# အရှင်ပညာသီဟာဘိဝံသ တန်ဆောင်တိုင်ဓမ္မသဘင်

**ရန်ကုန် နိုဝင်ဘာ ၁၆**

အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အရှင်ပညာသီဟာဘိဝံသ(ပဉ္စနိကာယ်) သစအ ဓမ္မာစရိယ၊ ဝိနယ ပါဠိပါရဂူ ဆရာတော်သည် နိုဝင်ဘာ၂၀ရက် ည၇နာရီတွင် တာမွေမြို့နယ် ကျားကွက်သစ် သာသနဟိတဓမ္မာရုံ၌ ညတရား၊ နိုဝင်ဘာ၂၁ရက် နံနက်၉ နာရီတွင် ရှစ်မိုင် မစိုးရိမ် ရွှေကျင်ကျောင်းတိုက် ကထိန်တရား၊ မွန်းလွဲ ၂နာရီ၌ ကမာရွတ်မြို့နယ် အင်လျားရွာသစ်ဓမ္မာရုံ၌ နေ့တရား၊ နိုဝင်ဘာ ၂၃ရက် ည၇နာရီတွင် စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းရပ်ကွက် ပြည့်သူကွက်သစ်၌ ဆွမ်းသိမ်းအောင်ပွဲ ညတရား၊ ဒဂုံမြို့သစ်(တောင်ပိုင်း) လေးထောင့်ကန် အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ သိရီဂုဏ်ဝေဓမ္မဗိမာန်၌ နိုဝင်ဘာ၂၄ရက် နံနက် ၉နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟုသိရသည်။ **(က-ပ)**

# အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပဲခူးတိုင်း နတ်တလင်းမြို့နယ် အထကတွင် ၁၉၄၉-၂၀၀၄ခုနှစ်အထိ အမှုထမ်းခဲ့သည့် ဆရာကြီးနှင့် ဆရာမကြီးများအား တပည့်ကျောင်းသားဟောင်းများက စုပေါင်း၍ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် နတ်တလင်းမြို့ အထက၌ ကျင်းပမည်ဖြစ်ရာ ဒေါ်ဝင်းကြည် ဖုန်း-၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း ဖုန်း-၆၆၆၂၇၈၊ ဦးလှသန်း ဖုန်း-၅၃၇၈၃၉၊ ဦးကောင်းကြီး(မြို့နယ်ပညာရေးမှူး-ငြိမ်း၊ နတ်တလင်းမြို့)၊ ဦးမြင့် (မြို့နယ်ပညာရေးမှူး၊ နတ်တလင်းမြို့)နှင့် ဒေါ်ခင်ဌေးမြင့် (ကျောင်းအုပ်ဆရာမကြီး၊ အထက၊ နတ်တလင်းမြို့) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**နိုဝင်ဘာ ၁၄ရက်က မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၃၈)ကြိမ်မြောက် သံယုတ်မြန်မာပြန် စာမေးပွဲတွင် ရန်ကုန်စာဖြေဌာနမှ ဆုရရှိသူများအား စာအောင်လက်မှတ် အပ်နှင်းပွဲ ကျင်းပရာ သီရိသုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီ ဒေါ်မိမိခင် (လူမှုထူးချွန်ပထမဆင့်)က မဟာဝဂ္ဂသံယုတ်ပါဠိမြန်မာပြန်၌ တစ်နိုင်ငံလုံး ပထမဆုရရှိသူ ပါမောက္ခဒေါက်တာ ဒေါ်သန်းသန်းဆွေအား ဆုငွေနှင့် စာအောင်လက်မှတ်ချီးမြှင့်စဉ်။**

**(က-ပ)**



# ပြည်သူလူထု၏ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး နိုင်ငံတော်၏ဦးဆောင်မှုအရေးကြီး ကျန်းမာရေးမျှော်မှန်းချက်နှင့်မူဝါဒများအကောင်အထည်ဖော်ရန် ကျန်းမာရေးဝန်ထမ်းများအပေါ်တည်မှီ ပြည်သူများရောဂါကင်းရှင်းစွာသက်တမ်းစေ့နေနိုင်ရေး ကာကွယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဟန်ချက်ညီညီပေါင်းစပ်

ရန်ကုန် နိုဝင်ဘာ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သောတက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတို့လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်ဖြင့်ထွက်ခွာကြရာ နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မန္တလေးမြို့ ခုတင်(၅၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး၌ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်ဒေါက်တာမြမိုးက လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ခုတင်(၈၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး(မန္တလေး)သို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးမောင်ဝင်း၊ ပါမောက္ခ ဌာနမှူးများ၊ အထူးကုသမားတော်ကြီးများ၊ ဆရာဝန်ကြီးများ၊ သူနာပြုအုပ်နှင့် သူနာပြုဆရာမကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။



## ကြည့်ရှုစစ်ဆေး

အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တိုင်းရင်းဆေး တက္ကသိုလ် (မန္တလေး) ရှိ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဆေးရုံကြီးရှိ ဆီးကျောက်ခြေစက်ခန်း၊ဓာတ်မှန်ရိုက်ခန်းရှိခေတ်မီကုသရေးဆိုင်ရာ စက်သစ်ကြီးများကို ကြည့်ရှုစစ်ဆေးကြပြီး ရောဂါရှာဖွေစမ်းသပ်ရန် လာရောက်ကြသည့် ပြင်ပလူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သံလိုက်ခွန်အားသုံး အသံလှိုင်းဖြင့် ရောဂါရှာဖွေသည့် စက်ခန်း(M.R.I-Room)၊ Colour Doppler Ultrasound စက်ခန်း၊ ကွန်ပျူတာဓာတ်မှန်ခန်း(C.T Sean Room)၊ C.T Control Room၊ ခန္ဓာကိုယ် သွေးကြောများကို ဓာတ်မှန်ရိုက်စက်(Angiography Room)တို့ကိုကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် သက်ဆိုင်ရာ ဌာနမှူးများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) သည် အကြောအဆစ်နှင့် မသန်စွမ်းမှုပြန်လည်ထူထောင်ရေး အထူးကုသဆောင်တို့၌ ဆေးကုသမှုခံယူနေကြသည့် အတွင်းလူနာနှင့် ပြင်ပလူနာများအား တွေ့ဆုံအားပေးသည်။

### ရှင်းလင်းပြသ

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နှလုံးရောဂါအထူးကုသဌာနရှိလူနာစမ်းသပ်စက်ခန်း(Examination Room)နှင့် နှလုံးသွေးကြောပိတ်လူနာကုသဌာန(Coronary Care Unit)၊ ဆီးနှင့်ကျောက်ကပ်အထူးကုသဌာန၊ကျောက်ကပ်တုသွေးသန့်စင်ခန်း (Haemodialysis Room)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဌာနမှူးသမားတော်ကြီးများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူထားကြသော အသက်(၃၈)နှစ်ရှိ ဒေါ်စောမမနှင့် အသက်(၂၇)နှစ်ရှိ ကိုဝင်းသူရလတ်တို့အား တွေ့ဆုံနှုတ်ဆက်ပြီး ကျန်းမာရေးအခြေအနေကို မေးမြန်းအားပေးစကားပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဌာန သင်ကြားရေးခန်းမ၌ မန္တလေးဆေးတက္ကသိုလ်နှင့် ဆေးဘက်ပညာသည်တက္ကသိုလ်တို့မှ နောက်ဆုံးနှစ် ဆေးပညာရှင်များ ဆေးပညာသင်ကြားနေမှုတို့ကိုလည်းကောင်း၊ နှလုံးခွဲစိတ်ကုသခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆေးရုံရှိ အစည်းအဝေးခန်းမ၌ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ပါမောက္ခဌာနမှူးများ၊ အထူးကုသမားတော်ကြီးများ၊ ကထိကများ၊ ဆရာဝန်ကြီးများ၊သူနာပြုအုပ်နှင့် သူနာပြုဆရာမကြီးများအား တွေ့ဆုံသည်။

### လက်ဆောင်ပစ္စည်းပေးအပ်

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မန္တလေးကလေးအထူးကုဆေးရုံကြီးမှ တင်ပါးဆုံကွင်းဆက် ခွဲစိတ်ကုသအောင်မြင်ခဲ့သည့် မိုးမမအောင်နှင့် မိုးပပအောင် ညီအစ်မနှစ်ဦးတို့အား တွေ့ဆုံကာ ကျန်းမာရေးအခြေအနေကို မေးမြန်းအားပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ဆေးရုံအုပ်ကြီးဒေါက်တာဦးမောင်ဝင်းက ဆေးရုံ၏နောက်ခံသမိုင်း၊ သင်ကြားရေးဆေးရုံကြီးအဖြစ် ပူးတွဲဆောင်ရွက်ထားမှု၊ ဝန်ထမ်းအင်အား၊ ဖွဲ့စည်းထားသော ဆေးကုသမှုဆိုင်ရာ ဌာနကြီးများ၊ နိုင်ငံတော်ကအဆင့်မြင့်ရောဂါရှာဖွေကုသရေးဆိုင်ရာ ခေတ်မီစက်ကိရိယာပစ္စည်းများ ဖြည့်တင်းတပ်ဆင်ပေးထားမှု၊ အတွင်းလူနာ၊ ပြင်ပလူနာနှင့် အရေးပေါ်လူနာများ ဆေးကုသခံယူမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### စီမံချက်များရေးဆွဲချမှတ်

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး မှာကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ရန် ဦးတည်ချက်များချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့တည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်သဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် စီမံချက်များရေးဆွဲချမှတ်ပြီး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

### မူဝါဒပြဋ္ဌာန်းပေး

ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် နိုင်ငံတော်၏ဦးဆောင်မှုအခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ယခုအခါ ကျန်းမာရေးဆိုင်ရာမူဝါဒများချမှတ်ပြီး အဆိုပါမူဝါဒများကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားကျန်းမာရေးကော်မတီကို ဖွဲ့စည်းပြီး အနီးကပ်ကြီးကြပ်မှု၊ ဦးဆောင်လမ်းညွှန်မှုများပြုလုပ်နိုင်ရန် အမျိုးသားကျန်းမာရေးမူဝါဒ ၁၅ ချက် ပြဋ္ဌာန်းပေးခဲ့ကြောင်း။

အလွန်မြင့်မားသည့်ကျန်းမာရေးမျှော်မှန်းချက်၊ ပြည့်စုံကောင်းမွန်သည့်ကျန်းမာရေးမူဝါဒများ အပြည့်အဝအကောင်အထည်ဖော်ရန် ဆရာဝန်ကြီးများ၊ သမားတော်များအပါအဝင်ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ထက်မြက်မှုအပေါ် များစွာတည်မှီလျက်ရှိကြောင်း။

ထို့ကြောင့် အရည်အသွေးပြည့်မီစွာနှင့် ကျန်းမာရေးအဆင့်အတန်း

တိုးတက်မြင့်မားလာစေရန် အမျိုးသားကျန်းမာရေး စီမံကိန်းအဆင့်ဆင့် အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ် စီမံကိန်းနှင့် အနှစ်(၃၀)နှစ်ရှည် ကျန်းမာရေးစီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံတော်၏ကျန်းမာရေးရည်မှန်းချက်နှင့် မူဝါဒများအောင်မြင်စေရန်အတွက် အမျိုးသားကျန်းမာရေးကော်မတီများကိုဗဟိုအဆင့်မှသည် ပြည်နယ်နှင့်တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအုပ်စု၊ရပ်ကွက်အဆင့်အထိ အဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူတစ်ရပ်လုံး ကျန်းကျန်းမာမာ အနာရောဂါကင်းရှင်းစွာဖြင့် သက်တမ်းစေ့ နေနိုင်ရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဟန်ချက်ညီညီ အထက်နှင့်အောက် ပေါင်းစပ်ပြီး ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားကြရန် လိုကြောင်း။

**ဖြည့်စွက်တင်ပြ**

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဆေးရုံစည်းဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်းက ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)ဆိုင်ရာအချက်အလက်များ၊ စတင်ဖွင့်လှစ်မှု၊ ကျန်းမာရေးဆိုင်ရာဆေးကုသဌာနများနှင့် ဆေးကုသဆောင်များ၊ ဝန်ထမ်းအင်အား၊ ဆေးဝါးကုသခံယူသည့် လူနာများအခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ရန်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ကူးပြောင်းရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များလိုအပ်ကြောင်း။

သည့် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါရှာဖွေကုသရေး၊ ပြန်လည်ထူထောင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ပညာပေးစည်းရုံး**

ထိုကဲ့သို့ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ကြရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းအသီးသီးတို့ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှု ရရှိမည်ဖြစ်သဖြင့် နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်လာရေးအတွက် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ပညာပေးစည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)ရှိ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သွေးလှူဘဏ်၊ ရောဂါရှာဖွေစစ်ဆေးရေးဌာန၊ ခါတ်မှန်ဆောင်၊ မမွေးဖွားမီဆောင်၊ မွေးဖွားပြီးလူနာဆောင်တို့ကိုလည်းကောင်း၊ မွေးကင်းစကလေးများဆောင်နှင့် အထူးကြပ်မတ်ကုသဆောင်တည်ဆောက်ရန် ဆောင်ရွက်ထားမှုအခြေအနေ၊ ခွဲစိတ်ဆောင်၊ ခွဲစိတ်မွေးဖွားလူနာဆောင်နှင့် ခေတ်မီ ခွဲစိတ်ကုသရေးဆိုင်ရာ စက်ပစ္စည်းများတပ်ဆင်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံကြီး(မန္တလေး)သို့ရောက်ရှိကြရာ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဒေါက်တာမြမိုး၊ တိုင်းရင်းဆေးရုံကြီး(မန္တလေး) ဆေးရုံအုပ်ကြီးဦးဝင်းနိုင်၊ ကထိကများ၊ ဆရာဆရာမများ၊ တိုင်းရင်းဆေးရုံကြီးမှ အလုပ်သင်ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**အားပေးစကားပြောကြား**

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးလူနာကုသဆောင်နှင့် အမျိုးသားလူနာကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူလျက်ရှိကြသော လူနာများအား အားပေးစကားပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တိုင်းရင်းဆေးရုံကြီးစည်းဝေးခန်းမ၌ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ မြမိုးက တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ တိုင်းရင်းဆေးပညာ သင်ကြားရေးနှင့် စပ်လျဉ်း၍ ဝန်ထမ်းဖွဲ့စည်းပုံ၊ စီမံခန့်ခွဲရေးနှင့် သင်ကြားရေးကိစ္စရပ်များ၊ သင်ကြားရေး အထောက်အကူပြု ပရဆေးဥယျာဉ် ပျိုးထောင်ထားမှုနှင့် ပျိုးထောင်ထားသည့် ပရဆေးအမျိုးအစား ၂၇၀ နှင့် ဆေးဖက်ဝင်အပင် ၄၀၀၀ ကျော်စိုက်ပျိုးထားမှု၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) အဆောက်အအုံသစ်သို့ သင်ကြားစီမံကိစ္စရပ်များ၊ ပြောင်းရွှေ့ရန်စီစဉ်ထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းဆေးရုံကြီး(မန္တလေး) ဆေးရုံအုပ်ကြီးဦးဝင်းနိုင်က ဆေးရုံကြီး၏နောက်ခံသမိုင်း၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဆေးကုသမှုဌာနများ၊ အများဆုံးဆေးဝါးကုသမှုခံယူသည့်ဒေသများ၊ နှစ်စဉ်ပြင်ပလူနာကုသမှုအခြေအနေ၊ အတွင်းလူနာကုသမှုခံယူသည့် ရောဂါလက္ခဏာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြန်မာ့တိုင်းရင်းဆေးပညာရပ် အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားသည့် လမ်းညွှန်ချက်များနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရေး စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးသိပ္ပံ(မန္တလေး)သို့ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးအောင်ထပ်နှင့် နည်းပြများ၊ တိုင်းရင်းဆေးသိပ္ပံ သင်တန်းသားများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးသိပ္ပံ(မန္တလေး) စာကြည့်တိုက်ရှိ မြန်မာ့ပရဆေးကျမ်းများ၊ သက္ကတ၊ ဟိန္ဒီ၊ အင်္ဂလိပ်ဆေးကျမ်းများ၊ ရှေးဟောင်းပေပုရပိုက်ဆေးကျမ်းများ၊ တိုင်းရင်းဆေးပညာစာအုပ်စာတမ်းများ၊ အနောက်တိုင်းရင်းဆေးပညာစာအုပ်စာတမ်းများ၊ တိုင်းရင်းဆေးသိပ္ပံတွဲ့ယူစာတမ်းများကိုလည်းကောင်း၊ တိုင်းရင်းဆေးသိပ္ပံ ဆေးပစ္စည်းပြတိုက်ရှိ ဆေးဖက်ဝင်ရေထွက်ပစ္စည်းများ၊ ဆေးဖက်ဝင်တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ဆေးဖက်ဝင် ဓာတ်သတ္တုပစ္စည်းများနှင့် ဆေးဖက်ဝင် အပင်ထွက်ပစ္စည်းအမျိုးပေါင်း ၃၁၁မျိုးပြသထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏သရုပ်ပြပရဆေးဥယျာဉ်သို့ရောက်ရှိကြပြီး အဓိကရောဂါကြီးခြောက်မျိုးဖြစ်သည့် ဝမ်းကိုက်၊ ဝမ်းပျက်နှင့် ဝမ်းလျှော၊ ဆီးချို၊ သွေးတိုး၊ ငှက်ဖျားနှင့်တီဘီရောဂါများတွင်အသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်များ သင်ကြားရေး လက်တွေ့ဆောင်၌ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်တည်ဆောက်ပြီးစီးနေပြီဖြစ်သော တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ အေစီအီးဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) တည်ဆောက်ပြီးစီးမှုနှင့် စိမ်းလန်းစိုပြည်မှုတို့ကိုလည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ပြတိုက်နှင့် သင်ကြားရေးစာသင်ဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌက လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့်မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**



**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေး ကလေးအထူးကုဆေးရုံကြီးတွင် တင်ပါးဆုံကွင်းဆက် ခွဲစိတ်ကုသ အောင်မြင်ခဲ့သည့် မိုးမမအောင်နှင့် မိုးပပအောင် ညီအစ်မနှစ်ဦးအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)**

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးအနေဖြင့် ရန်ကုန်ဆေးရုံကြီးကဲ့သို့ အလွန်ခက်ခဲအန္တရာယ်များသည့် ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အတွက် မိမိတို့၏ ဆေးပညာသမိုင်းတွင် မော်ကွန်းထိုးလောက်သည့် အောင်မြင်မှုများရရှိခဲ့သည်ကို အထူးပင်ဝမ်းသာဂုဏ်ယူမိကြောင်း။

ထို့ကြောင့် အမျိုးသားကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးနှင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာရေးတို့အတွက် ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ခုတင်(၃၀၀)ဆံ့ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)သို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်း၊ အထူးကု သမားတော်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာဝန်ကြီးများ၊ သူနာပြုအုပ်နှင့် သူနာပြုဆရာမကြီးများက ကြိုဆိုကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံသားတိုင်း ပညာရည်အဆင့်အတန်းမြင့်မားလာစေရန်နှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန်တို့အတွက် မြန်မာနိုင်ငံ ပညာရေးကော်မတီနှင့် အမျိုးသားကျန်းမာရေးကော်မတီများကိုဖွဲ့စည်းပြီး မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

**စွမ်းဆောင်ရည်မြင့်မားရေး**

အဆိုပါမူဝါဒများ အောင်မြင်ရန်အတွက် အောက်ခြေတွင်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေရသည့် ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်မြင့်မားရေးသည် အထူးအရေးကြီးကြောင်း။

ထို့ကြောင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန်အတွက် အမျိုးသားကျန်းမာရေး စီမံကိန်းများ၊ ပညာရည်မြင့်မားလာစေရန်အတွက် ပညာရည်မြင့်မားရေး လေးနှစ်စီမံကိန်းနှင့် အနှစ်(၃၀)စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းများဖြစ်



**တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) အဆောက်အအုံကို ခံ့ညားထည်ဝါစွာတွေ့ရစဉ်။ (သတင်းစဉ်)**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆတက်ထမ်းပိုး တိုးမြှင့်ဆောင်ရွက်

## အထက်မင်းလှညွန့်အောင်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေး ဟူသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ် ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က မျှော်မှန်းထားသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိရေးသည် နိုင်ငံသားအားလုံး၏ ဇွဲ၊ လုံ့လဖြင့် ကြိုးပမ်းအားထုတ်ကြခြင်းနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းအပေါ်တွင် အခြေပြုပေသည်။

နိုင်ငံတော်တွင် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်၏ စေတနာ၊ နိုင်ငံတော်ဝန်ထမ်းများ၏ တီထွင်ကြံဆမှု အတတ်ပညာနှင့် နိုင်ငံသားများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ထုထည်ပမာဏကြီးမားစွာ တည်ဆောက်နိုင်ခဲ့သည်။

နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မဖြစ်မနေ ကြံဆဖော်ဆောင်ခဲ့သည့်အတွက် နိုင်ငံတော်အတွင်း နေရာဒေသတိုင်းနှင့် ကဏ္ဍတိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို မြင်တွေ့နေကြရပြီ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားကြိုးမာန်တက်ပါဝင်ဆင်နွှဲလျက် ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အမျိုးသားအကျိုးစီးပွားကို သယ်ပိုးရန်အတွက် ပြည်သူတို့၏ သားသမီးများဖြင့် ဖွဲ့စည်းထူထောင်ထားသော အမျိုးသားရေးအသင်းကြီးဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို-

- **ပြည်ထောင်စု မပြိုကွဲရေး၊**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊**
- **နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး**

ဟူသည့် မွန်မြတ်သော ရည်ရွယ်ချက်ငါးရပ်ဖြင့် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ သက်တမ်း ၁၃နှစ်ကျော် ရှိခဲ့ပြီဖြစ်သည်။

အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးလက်ဒေသများသာမက တောင်ပေါ်ဒေသနှင့် နယ်စပ်ဒေသများပါမကျန် ထက်မြက်သောစွမ်းပကားဖြင့် ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ် ဆောင်ရွက်လျက်ရှိသည်။

ခိုင်မာသောစွမ်းအားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များသည် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းက တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တပ်မတော်၊ ပြည်သူတို့နှင့်အတူ နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားစုများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းစသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျရာကဏ္ဍက ဦးလည်မသုန် ကျေကျေပွန်ပွန် ထမ်းရွက်နေကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၇)ရပ်၌ ပါဝင်သည့် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသင်းဝင်များ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရေး"** ဟူသည့် အချက်ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အစဉ်ထာဝရ မပြောင်းမလဲ ပြည့်စုံမှန်ကန်နေမည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒနှင့်အညီ ချမှတ်ထားသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မျှော်မှန်းထားသော အမျိုးသားရေး ပန်းတိုင်သို့ ရောက်ရှိသည့်တိုင်အောင် ပိုမိုလေးနက် ခိုင်မာသည့် အမျိုးသားရေး သန္နိဋ္ဌာန်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ချီတက် လျှောက်လှမ်းသွားမည် ဖြစ်သည်။

အမှန်တကယ်အားဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် အမိနိုင်ငံတော်ကြီးကို စစ်မှန်သည့် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း တိုးတက်ပြောင်းလဲစေရန် အမှန်တကယ် လိုလားသူတိုင်းအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဖွင့်ပေးလိုက်ခြင်းလည်း ဖြစ်သည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားလုံးကလည်း မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် တင့်တယ်ထည်ဝါသော ခိုင်မာပြည့်စုံသည့် အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားနှင့်အညီ တည်ဆောက်သွားနိုင်ရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေး စိတ်ဓာတ်တို့ဖြင့်သော်လည်းကောင်း၊ နိုင်ငံသူနိုင်ငံသား တစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်သော် လည်းကောင်း ကျရာကဏ္ဍက တစ်တပ်တစ်အား ပါဝင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။**

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်တိုင်းတွင် ဆတက်ထမ်းပိုး တိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအားလုံးကလည်း မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် တင့်တယ်ထည်ဝါသော ခိုင်မာပြည့်စုံသည့်အနာဂတ်ကို အမျိုးသားရေး အကျိုးစီးပွားနှင့်အညီ တည်ဆောက်သွား နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွား မည့် မူဝါဒလမ်းစဉ် (၇)ရပ် တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေး အသိအမြင်၊ အမျိုးသား ရေးစိတ်ဓာတ်တို့ဖြင့်သော် လည်းကောင်း၊ နိုင်ငံသူ နိုင်ငံသားတစ်ဦးအနေဖြင့် ထမ်း ဆောင်ရမည့် အမျိုးသားရေးတာဝန် တစ်ရပ် အဖြစ်သော် လည်းကောင်း ကျရာကဏ္ဍက တစ်တပ်တစ်အား ပါဝင်ကြိုးပမ်း ဆောင်ရွက် လျက်ရှိ။**





ဆေးတက္ကသိုလ်(၂) (၁၉၇၄-၈၂) ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၃ ရက်က အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူများက ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

## အောင်ဆန်းတောရပရိယတ္တိစာသင်တိုက် ဘုံကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရွှေပြည်သာမြို့ အမှတ်(၆)ရပ်ကွက် အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဇာတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတအမှူးရှိသော စာချစာသင် သံဃာတော်၁၀၄ပါးနှင့် ပင့်သံဃာ ၁၀၀ကျော်တို့အား စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်(နိုဝင်ဘာ၂၁ရက်) တနင်္ဂနွေနေ့တွင် အဆိုပါစာသင်တိုက်တွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

## လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၆**

အမှတ်(၁)စက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သိန်းထွန်းသည် ယမန်နေ့ နံနက် ၈နာရီက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရား လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပသော လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ယင်းသင်တန်းသို့ သင်တန်းသား၈၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်မည် ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကျဉ်းဦးစီးဌာန ကထိန်သင်္ကန်းဆက်ကပ်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ (၂၁)ကြိမ်မြောက် ဝန်ထမ်း မိသားစု ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၉နာရီက အင်းစိန်မြို့ အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက အင်းစိန်မြို့နယ် သံဃနာယက အဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော ပင့်သံဃာတော် ၁၁ပါးတို့အား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာသို့ အလှူငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည် သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာသို့ အမှတ် ၃၀ (အေးရပ်မွန်ခြံ) သံလမ်း ၇ ရပ်ကွက် လှိုင်မြို့နယ်နေ ယောဂီထိန်း ဒေါ်တင် အေးသားသမီးမြေးတစ်စုတို့က သိမ်တော်ကြီးအောက်ထပ်တွင် တပ်ဆင်ရန်အတွက် လေအေးစက်နှစ်လုံး၊ အလူမီနီယံ တံခါးမကြီးတစ်ခုနှင့်အုတ်တံတိုင်း တစ်ခန်းတို့အတွက် အလှူတော်ငွေကျပ် ခုနစ်သိန်းတို့ကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယာမဝုဓ (အစိုးရဓမ္မာစရိယ) (မဟာကမ္မဋ္ဌာနာစရိယ)ထံလှူဒါန်းရာ သာသနာနုဂ္ဂဟအဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။ **(က-ပ)**

● ကျောဖုံးမှ

## ရေအားလျှပ်စစ်ဖြန့်ဖြူးနိုင်

ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခြင်းကြောင့် လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးခြင်းသာမက နိုင်ငံတော်တွင် လိုအပ်နေသော လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆည်မြောင်းတာတမံများနှင့် တွဲဖက်ကာ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် ရေအားလျှပ်စစ်စီမံကိန်းများဖြင့် နိုင်ငံတစ်ဝန်း ရေအားလျှပ်စစ် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် အကုန်အကျသက်သာစွာဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်သည်မှာ ရေအားဖြင့် လျှပ်စစ်ဓာတ် ဖြန့်ဖြူးခြင်း ဖြစ်သည်။ ရေသယံဇာတပေါများသည့် မြန်မာနိုင်ငံတွင် ရေအားဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းကို ၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ရေအားလျှပ်စစ်စက်ရုံပေါင်း ၂၆ ရုံကို တည်ဆောက်၍ ရေအားလျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ယင်းကဲ့သို့ ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရန်ဆောင်ရွက်ရာတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ တောင်ဘက် နှစ်မိုင်ခွဲခန့်တွင် တည်ဆောက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။



**ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပါဝင်သည့် အိုဂီပုံစံ သံကူကွန်ကရစ် အမျိုးအစား ရေပိုလွှဲတည်ဆောက်ထားမှုကို တွေ့ရစဉ်။**
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

## ၂၅ မဂ္ဂါဝပ်ထုတ်မည်

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ရဲနွယ်ချောင်းပေါ်တွင် အလျားပေ ၁၀၅၀၊ အမြင့် ၂၅၁ ပေနှင့် ရေပမာဏ ဧကပေ ၁၂၁၂၆၀၀ သိုလှောင်နိုင်မည်ဖြစ်ပြီး မြေသားရေလှောင်တမံတည်ဆောက်ပြီး လယ်မြေဧက ၁၁၈၅၀၀ခန့် သီးနှံဧရိယာဧက ၂၃၇၀၀၀ခန့်ကို ရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ်ထုတ်လုပ်သွားရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်သည်။

## တိုးလျှိုပေါက်ဖောက်လုပ်

ရဲနွယ်ရေလှောင်တမံစီမံကိန်းအရ ရေလှောင်တမံကို တောတောင်ထူထပ်သောဒေသတွင် တည်ဆောက် အကောင်အထည် ဖော်နေခြင်းဖြစ်ပြီး ရေဆင်းဧရိယာမှာ စတုရန်းမိုင် ၃၀၆ မိုင်ရှိ၍ ရေလွှဲခြင်းလုပ်ငန်းကို ရေလွှဲဥမင်ဖြင့် ရေလွှဲရန် တည်ဆောက်ခဲ့သည်။ ရေလွှဲဥမင် တည်ဆောက်ခြင်းကို ၂၀၀၁ခု ဒီဇင်ဘာလ ၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ရေလွှဲဥမင်၏ အလျားမှာ ပေပေါင်း ၁၆၃၄ ပေရှည်၍ ရေလွှဲဥမင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ၇–၁၂–၂၀၀၁ရက်တွင် စတင်ပြီး ၂၄–၁၁–၂၀၀၂ ခုနှစ်တွင် တိုးလျှိုပေါက် ဖောက်လုပ်ခဲ့သည်။

ရဲနွယ်ရေလွှဲဥမင်မှာ မြင်းခွာပုံစံ သံကူကွန်ကရစ်ဖြစ်ပြီး အရွယ်အစားမှာ ၁၃ ဒသမ ၁၂ ပေ(လေးမီတာ)ရှိ၍ လုံးဝတောက်လျှောက်ပေါက်သွားသော လိုဏ်ဥမင်ကို ဘေးနံရံအောက်ခြေတို့တွင် ဘိလပ်မြေသရိုးကိုင်ကြပြီး ရဲနွယ်ချောင်းမှ ရေများကို တည်ဆောက်ပြီးစီးသွားသော ရေလွှဲဥမင်မှာ ရေများလွှဲပြီး ဇုန်တိုက်ကျောက်ရော မြေသားတမံကို တည်ဆောက်လျက်ရှိသည်။

## ရေပိုလွှဲမှထုတ်ပေးမည်

တမံတည်ဆောက်ပြီးစီးပါက ကန်ရေသေ ရေလှောင်ပမာဏသည် ဧကပေ ၂၃၉၃၂၀ ရှိမည်ဖြစ်ပြီး ကန်ရေပြည့် ရေပြင်ကျယ်သည် ဧရိယာဧက ၂၂၅၀၀၀ရှိမည် ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏဧက ပေ ၁၂၁၂၆၀၀ ထက်ကျော်လာခဲ့လျှင် Ogee ပုံစံ သံကူကွန်ကရစ်အမျိုးအစား ရေပိုလွှဲကို အကျယ်ပေ ၁၀၀၊အလျားပေ ၆၆၈ ပေရှိသော ရေပိုလွှဲမှ လွှဲထုတ်ပေးမည်ဖြစ်သည်။ ရေပိုလွှဲ ဒီဇိုင်းရေထုစီးနှုန်းသည် တစ်စက္ကန့်လျှင် ကုဗပေ ၈၀၀၀နှုန်းဖြင့် လွှဲထုတ်ပေးနိုင်ရန် ဆောင်ရွက်ထားသည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းအရ တပ်ဆင်မည့် ရေအားလျှပ်စစ်သည် ၁၂ ဒသမ ၅ မဂ္ဂါဝပ် × နှစ်လုံး၊ ၂၅မဂ္ဂါဝပ်ရှိမည်ဖြစ်ပြီး နှစ်စဉ်ထုတ်လုပ်မည့် ဓာတ်အား ၁၂၅ ကီလိုဝပ် နာရီသန်းပေါင်း ဖြန့်ဖြူးထုတ်လုပ်မည်ဟုသိရသည်။

# မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ထားဝယ်မြို့ ဘုမ္မော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ အမှတ်(၁၅)၏ ဓမ္မရိပ်သာတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် နာယက ဆရာတော်များဖြစ်ကြသော ဦးဓမ္မောသဓနှင့် ဦးဇောတိကတို့သည် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ခုနစ်ရက်တိုင်တိုင် ခန္ဓာဉာဏ်ရောက်သစ္စာလေးပါးတရားတော်နှင့် ပဋိစ္စသမုပ္ပာဒ်တရားတော်မြတ်ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူများ နိုဝင်ဘာ၂၉ ရက်နောက်ဆုံးထား၍ မိုးကုတ်ရိပ်သာ ဓမ္မာရုံ၏ ရုံးခန်း ဖုန်း–၀၅၉–၂၂၂၇၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)



**ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၆/၂၀၀၄)သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၅ရက်က သာကေတမြို့နယ် ခန်းမတွင်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက အဖွင့်အမှာစကားပြောကြားစဉ်။** (၄၀၀)

# ပွင့်ဖြူမြို့ မိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

မကွေးတိုင်း ပွင့်ဖြူမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၉၉)၏ ခုနစ်ရက်တရားစခန်းပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည် ဖြစ်သည်။

တရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc, Phy.)က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

## ရေတံခါးတပ်ဆင်မည်

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင်ပါဝင်သော ရေအားလျှပ်စစ်စီမံကိန်းတွင် သံကူကွန်ကရစ်အမျိုးအစား အကျယ်ပေ ၅၀X အမြင့် ၁၃၅ပေရှိသော ရေယူအဆောက်အအုံဖြင့် ရေအားလျှပ်စစ်ဖြန့်ဖြူးပေးမည်ဖြစ်ပြီး မြေအောက် ဒေါင်လိုက် ဥမင်လိုဏ် ရေတံခါးမှာ အချင်း ၂၇ ပေ၊ အထု ၂ဒသမ ပေ ၃၀ ရှိသော ရေတံခါးတပ်ဆင်မည် ဖြစ်သည်။

ရေအားလျှပ်စစ်ထုတ်ရန်အတွက် ရေယူဥမင်လိုဏ်ဖြင့် ရေယူမည်ဖြစ်ရာ မြင်းခွာပုံသဏ္ဍာန် သံမဏိပိုက် တပ်ဆင်မည်ဖြစ်ပြီး အချင်း ၁၈ ပေ၊ အရှည် ၈၂၅ ပေ၊ အထုနှစ်ပေရှိမည် ဖြစ်သည်။ ဖိအားမြင့်သံမဏိပိုက်လိုင်းမှာ အချင်း ၁၈ ပေ X အရှည် ၅၀၈ ပေရှိမည်ဖြစ်၍ ဓာတ်အားပေးစက်ရုံကို ၁၂၈ပေ × ၈၂ပေ × ၈၅ပေ အကျယ်အဝန်းရှိသော အဆောက်အအုံကို တည်ဆောက်မည်ဖြစ်သည်။

## လက်တံမြောင်း ၁၀၀ တူးမည်

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းအရ ဆည်ရေပေးနိုင်မည့် ဧရိယာဧကသည် ၁၁၈၅၀၀ ဧကဖြစ်သည့် အလျောက်၊ အလျား ၇ ဒသမ ၁၁မိုင်ရှည်သော တူးမြောင်းမကြီးနှစ်ခုမှ ရေဖြန့်ဖြူးမည်ဖြစ်ပြီး လက်တံမြောင်း ၁၀၀ဖြင့် တောင်သူတို့၏ လယ်ကွင်းများအရောက် တူးပေးမည် ဖြစ်သည်။

## တစ်ပြေးညီပြီးရေး

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ရေလွှဲဥမင်လိုဏ်ကို နိုင်ငံခြားသား ပညာရှင်၊ နိုင်ငံခြားအကူအညီ မပါဝင်ဘဲ မြို့ပြဝန်ထမ်း၊ စက်မှုဝန်ထမ်း၊ လွန်တူးမိုင်းခွဲဝန်ထမ်း၊ ဘူမိဗေဒဝန်ထမ်း၊ အရည်အသွေးထိန်းဝန်ထမ်းများနှင့် ကျွမ်းကျင်လုပ်သား၊ သာမန်လုပ်သားများဖြင့် မြန်မာအင်ဂျင်နီယာများ ကိုယ်တိုင် မြန်မာ့ဟန်၊ မြန်မာတို့ လက်ဝယ်ရှိသော စက်ကိရိယာ တန်ဆာပလာများ အသုံးပြုပြီး ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ ဆည်မြောင်းဦးစီးဌာနနှင့် ရေအားလျှပ်စစ်ဦးစီးဌာနတို့ ပူးတွဲ၍ ဆည်ရေလှောင်ခြင်းလုပ်ငန်းနှင့် လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီပြီးစီးရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

# အိမ်မဲအထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

အိမ်မဲအထကကျောင်းသားဟောင်းများ၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ၂၆ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင် အိမ်မဲအထက ရွှေညီလာခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

## နှိုးဆော်

အသက်(၆၀)ပြည့်ပြီးသောဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ ပင့်ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ခံနိုင်ရန် ပန်ကြားနှိုးဆော်ထားသည်။

အဆိုပါမြတ်ဆရာပူဇော်ပွဲနှင့်အတူ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၇ရက်(တနင်္လာနေ့)နံနက်၈နာရီတွင် အိမ်မဲအထကကျောင်းရှေ့ မြက်ခင်းပြင်တွင် ကျင်းပမည့်ရွှေရတုသဘင်အခမ်းအနားကို ပျော်ပွဲရွှင်ပွဲများနှင့်အတူ ရွှေရတုအထိမ်းအမှတ်အလှူဒါနပြုခြင်း၊ ရွှေရတုမော်ကွန်းကျောက်စာတိုင် စိုက်ထူခြင်း၊ ရွှေရတုသောက်ရေစည်ကြီးဆောက်လုပ်လှူဒါန်းလွှဲအပ်ခြင်း၊ ကျောင်းဆိုင်းဘုတ်ဖွင့်လှစ်ခြင်းများကို ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူတိုင်း မပျက်မကွက် ပါဝင်ဆင်နွှဲကြရန်နှင့် အလှူငွေ များကိုပါဝင်လှူဒါန်းကြရန် ကျင်းပရေးကော်မတီက ဖိတ်ကြားနှိုးဆော်ထားသည်။

## လိုက်ပါနိုင်

(၁၅)ကြိမ်မြောက် ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် အိမ်မဲအထက နှစ်(၅၀)ပြည့်ရွှေရတုသဘင်ပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများသည် ရန်ကုန်မြို့ သခင်မြပန်းခြံ ဝက်စတင်းပတ်ရှေ့မှ ဒီဇင်ဘာ၂၅ရက် နံနက် ၇နာရီတွင် အိမ်မဲမြို့သို့ထွက်ခွာမည့် မှန်လုံယာဉ်ဖြင့် လိုက်ပါနိုင်ကြကြောင်းသိရသည်။

(က–ပ)

# ရွှေဘိုမြို့ အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေဘိုမြို့ အထက(၁)ကျောင်းသူ ကျောင်းသားဟောင်းများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို (၁၈)ကြိမ်မြောက်အဖြစ် အထက(၁) ကျောင်းခန်းမတွင် နိုဝင်ဘာ၂၇ရက်(စနေနေ့)နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆရာကြီး ဆရာမကြီးများအား ပူဇော်လိုသူများအနေဖြင့် ကျောင်းသူ ကျောင်းသားဟောင်းကြီးများမှတစ်ဆင့် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

ရွှေဘိုမြို့မှ လှူဒါန်းလိုသူများသည် ဆရာမ ဒေါ်သန်းမြင့်ကြည်၊ ဒေါက်တာကျော်လေး ဖုန်း–၀၇၅–၂၁၃၄၇နှင့် ဦးချစ်ကို ဖုန်း–၀၇၅–၂၁၁၀၂ တို့မှတစ်ဆင့် လည်းကောင်း၊ မန္တလေးမြို့မှ လှူဒါန်းလိုသူများသည် ဒေါက်တာအုန်းသွင် ဖုန်း–၀၂–၂၆၅၉၆၊ ဒေါက်တာငွေးကြွယ် ဖုန်း–၀၉–၆၉၇၁၂၈၈၊ ဦးထွန်းထွန်းဦးနှင့် ဦးမျိုးဝင်းတို့မှတစ်ဆင့် လည်းကောင်း လှူဒါန်းနိုင်ကြသည်။

ရန်ကုန်မြို့မှ လှူဒါန်းလိုသူများအနေဖြင့် ရုပ်ရှင်ဒါရိုက်တာကြည်စိုးထွန်း ဖုန်း–၀၁–၅၈၄၆၁၃၁၊ ၀၉–၈၀၃၃၉၄၀၊ ဦးခင်မောင်တင့် ဖုန်း–၀၁–၅၀၀၆၈၀၊ ၀၉–၈၀၃၀၇၁၂နှင့် ဒေါက်တာကျော်ငွေး ဖုန်း–၀၉–၈၀၃၁၃၆၀ တို့မှတစ်ဆင့် လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)


**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၁၃၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



## မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲဖွင့်

## တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အားပေး

ရန်ကုန် နိုဝင်ဘာ ၁၆

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၈နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းနှင့် လယ်ယာရွှေမြေလမ်းထောင့်ရှိ အဆိုပါဘဏ်ခွဲအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။**

### ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်းနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်တို့က မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### ရွှေမိုး ငွေမိုး ရွာသွန်းဖြိုး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က မြန်မာ့စီးပွားရေးဘဏ်၊ တာမွေဘဏ်ခွဲ ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် မင်္ဂလာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့နှင့် အဖွဲ့သည် မြန်မာ့စီးပွားရေးဘဏ်၊ တာမွေဘဏ်ရုံးအဆောက်အအုံသစ်အတွင်း ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲ ကောင်တာများနှင့် ငွေတိုက်အတွင်း ဘဏ်လုပ်ငန်းများလုပ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### အမှာစကားပြောကြား

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ဘဏ်လုပ်ငန်းသည်မရှိမဖြစ်သော ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ အောင်မြင်စေရန် နိုင်ငံတော်အစိုးရက မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံများ တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမူဝါဒကိုချမှတ်ကျင့်သုံးပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်မှု အရည်အသွေးထက်မြက်လာစေရေး၊ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ထွန်းကားလာစေရေး၊ ကုန်ပစ္စည်းပိုမိုထုတ်လုပ်ပြီး ပြည်ပသို့ တိုးတက်တင်ပို့ရောင်းချရေး၊ ပြည်သူများအတွက် အလုပ်အကိုင်သစ်များ ပိုမိုပေါ်ထွန်းရေး၊ နိုင်ငံတော် ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အစိုးရ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် ငွေရေး ကြေးရေး ကဏ္ဍအတွက် နိုင်ငံတော်ကိုယ်စား ငွေရေး ကြေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော မြန်မာ့စီးပွားရေးဘဏ်သည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ အရေးပါသည့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးနေသော ဌာနတစ်ခုဖြစ်သဖြင့် ဘဏ်ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန် များ၏ အရေးပါမှုကို သိရှိနားလည် တန်ဖိုးထားကြပြီး မိမိတို့ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမှုအပေါ် ဖြစ်ပေါ်လာမည့် အကျိုးဆက်ရလဒ်ကောင်းများကိုလည်း မြင့်တင်ဂုဏ်ယူတတ်သည့်စိတ်ဆန္ဒဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်၏လုပ်ငန်းလမ်းညွှန် အဖြစ် ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို စွမ်းအားပြည့်ဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါ အဆောက်အအုံမှာ အလျား ပေ၉၀၊ အနံ ပေ၆၀ရှိ သံကူကွန်ကရစ်နှစ်ထပ်နှင့် အလျား ပေ၆၀၊ အနံ ပေ ၃၀ရှိ သံကူကွန်ကရစ် တစ်ထပ် စုစုပေါင်း အဆောက်အအုံနှစ်ခုဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြသိန်းတန် ပရိယတ္တိစာသင်ကျောင်းတိုက် (၃၆)ကြိမ်မြောက် မဟာဘုံကထိန်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

အမှတ်(၉၄) အနော်ရထာလမ်း ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိ စာသင်ကျောင်းတိုက်ရှိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရအား အမှူးထား၍ နိုဝင်ဘာ ၁၄ ရက်က စာချ စာသင် ပင့်သံဃာ ၁၀၁ပါးတို့အား မဟာဘုံကထိန်၊ ဥတ်သက်န်း၊ အရန်သင်္ကန်းနှင့်တကွ အခြားလှူဖွယ်ပစ္စည်း အစုစုကို ဆက်ကပ် လှူဒါန်းပူဇော်ရာ**(အပေါ်ပုံ)** ပုဇွန်တောင်ဈေးစီရုံနှင့် အုန်း၊ငှက်ပျော အဆင့်မြင့်တန်းမိသားစု ပုဇွန်တောင် ဈေးသူ ဈေးသားများက (၃၆)ကြိမ်မြောက် မြသိန်းတန်ပရိယတ္တိ စာသင်ကျောင်းတိုက် မဟာဘုံကထိန်တွင် သံဃာလှူငွေ ကျပ် ၈၈၃၀၀၀ နှင့် ကျွေးမွေးဧည့်ခံ အလှူငွေကျပ် ၂၆၀၀၀၀ စုစုပေါင်း ကျပ် ၁၁၄၃၀၀၀ ကိုလှူဒါန်းပြီး (၃၆)ကြိမ်မြောက် မဟာဘုံကထိန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တောင်ကြီး ပရိယတ္တိစာသင်တိုက် ဘုံကထိန်

ရန်ကုန် နိုဝင်ဘာ ၁၆

**ဗဟန်းမြို့နယ် တောင်ကြီး ပရိယတ္တိစာသင်တိုက်(၄၁)ကြိမ်မြောက် ဘုံကထိန်လျာဥတ်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက်ရှိ အဆိုပါတောင်ကြီးပရိယတ္တိစာသင် တိုက်၌ ကျင်းပသည်။**

အခမ်းအနားတွင် ဧည့်ပရိသတ်တို့က တောင်ကြီးပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ သာသနာ့ဓဇမ္မာစရိယဘဒ္ဒန္တကလျာဏဓမ္မထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးအောင်စိုးက တောင်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမ အရှင်သူမြတ်ထံ ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၏ ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်၏ ဇနီး ဒေါ်အေးအေးသွင်၊ ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးနှင့် ဇနီး၊ ဌာနမှူးများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

## နဝင်းကျောင်းတိုက် မဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူဉာဏရပ်ကွက် ရွှေနံ့သာအုပ်စု နဝင်းကျောင်းတိုက်ကြီး၌ ဆရာတော်အရှင်ခေမာစာရအား အမှူးပြု၍ (၇)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့် နိုဝင်ဘာ၂၆ရက် (သောကြာနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ယင်းနေ့နံနက် ၉နာရီတွင် စုပေါင်းရေစက်ချ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

## ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၁၆

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပ သော ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားပြီး ပထမပိုင်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။**

### အမှာစကားပြောကြား

ယင်းနောက် ဒုတိယပိုင်း အစီအစဉ်အဖြစ် ကမ္ဘာ့ဆီးချို၊ သွေးချို ရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကိုဆက်လက်ကျင်းပရာကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက သဘာပတိအဖြစ်ဆောင်ရွက်ပြီးအဖွင့်အမှာစကားပြောကြားသည်။

### ဟောပြော

ယင်းနောက် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အကြောင်းကို ဆေးတက္ကသိုလ်(၂)မှတွဲဖက်ပါမောက္ခ အထူးကုဆရာဝန်ကြီး(ဆေးပညာ) ဆီးချို၊ သွေးချိုရောဂါ စီမံချက်မန်နေဂျာ ဒေါက်တာတင့်ဆွေလတ်က လည်းကောင်း၊ ဆီးချို၊ သွေးချိုရောဂါအကြောင်း သိကောင်းစရာများ အကြောင်းကို ဆေးတက္ကသိုလ်(၂)မှ တွဲဖက်ပါမောက္ခ အထူးကုဆရာဝန်ကြီး (ဆေးပညာ) ဒေါက်တာ ဝင်းဝင်းမြင့်က လည်းကောင်း ဟောပြောကြသည်။

### အခမဲ့စစ်ဆေးပေး

ထို့နောက် အဝလွန်ကဲခြင်းအား တိုင်းထွာစစ်ဆေးခြင်း အကြောင်းကို အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာလှကြည်က လည်းကောင်း၊ အဝလွန်ခြင်းအား ကာကွယ်ကုသခြင်းအကြောင်းကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အာဟာရဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူအောင်ကလည်းကောင်းဟောပြောကြသည်။ယင်းနောက် ဆီးချို၊ သွေးချိုရောဂါ သွေးဖောက်စစ်ဆေးခြင်းကို အခမဲ့စစ်ဆေးပေးခြင်း၊ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး အလေးမပြိုင်ပွဲနှင့် ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲကို ဒီဇင်ဘာ ၈ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံတွင် ကျင်းပမည်ဖြစ်သည်။

### သတင်းပို့

ပြည်နယ်နှင့်တိုင်း ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများသည် ပြိုင်ပွဲဝင်ပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ နိုဝင်ဘာ၂၅ရက်ညနေ၄နာရီခွဲ နောက်ဆုံးထား၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးစန်းမြင့်(ငြိမ်း) လက်ထောက်ညွှန်ကြားရေးမှူး အောင်ဆန်းအားကစားကွင်းသို့ စာရင်းသွင်း သတင်းပို့ရမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃ လမ်းမှတ်တိုင် အနီး)တွင် (ဦးဘချစ်)-ဒေါ်ခင်မေမြင့်၊ ကိုဇော်ဝင်း မိသားစု အမှတ် ၆/၆၈သံသုမာလမ်း င/က ရပ်ကွက် သဃ်န်းကျွန်းက အလှူငွေကျပ်တစ်သိန်းကို အဖွဲ့ဝင် ဦးအုန်းညွှန့်လှိုင်သို့ လှူဒါန်းစဉ်။** (က-ပ)

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကုန်းရိပ်သာ အမှတ်(၁၈၁)နေ ဦးဇော်ဝင်းခိုင်၊ ဒေါ်သန္တာ၊ သား မောင်သူထက်၊ မောင်ဟန်ဇော်မိသားစုတို့က သုံးထပ် ဘိုးဘွားရိပ်သာ ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)






မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲစတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၁၆

**Myanmar PGAနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။**

MYANMAR GOLF TOUR

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်း ကစားအပြီး၌ Professional Golfersပြိုင်ပွဲတွင် အောင်ဝင်း(Y.C.D.C) က(၇၁+၇၄)ပေါင်း(၁၄၅)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မြင့်သောင်း(KM Golf Centre) က (၇၅+၇၃)ပေါင်း(၁၄၈)ချက်ဖြင့် ဒုတိယလိုက်ပြီး မင်းနိုင်(Srixon)က (၇၄+၇၆)နှင့် အေးလွင် (Wilson)က (၇၂+၇၈)ပေါင်းအချက်(၁၅၀)စီဖြင့် တတိယလိုက်နေသည်။

**ဦးဆောင်ကစား**

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ယဉ်အောင်လတ်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ပြီး (၇၆+၆၉)ပေါင်း (၁၄၅)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့်က (၇၅+၇၅)ပေါင်း အချက်(၁၅၀)ဖြင့်ဒုတိယလိုက်ပြီး ဌေးအောင်ဌေးက (၇၆+၇၅)ပေါင်း (၁၅၁) ချက်ဖြင့် တတိယလိုက်နေသည်။

ပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte.,Ltd. ဖြစ်ပြီး၊ Title Sponsor အဖြစ် Kanbawza Bank Ltd. ကဖြစ်ကာ Co-Sponsors များ ဖြစ်ကြသော Air Mandalay၊ Tiger Beer၊ Eden Group Co.,Ltd.၊ Alpine Purified Drinking Water၊ K.M Golf Centre၊ Maruman၊ Tour Stage၊ Wilson၊ Srixon၊ Grandslam (Musing Wear)၊ Accel International Co.,Ltd. (Canon)၊ Sun Far Travels and Tours(Hole-in-One)၊ Aye Tharyar Golf Resortတို့ကလည်း အသီးသီး ထပ်မံ၍ ပံ့ပိုးကူညီပေးကြသည်။

**တာဝန်ယူဆောင်ရွက်**

Kanbawza Open Golf Championshipဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Managementက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

အထက(၁)တာမွေ (၁၉၇၂-၇၃) ဝန်းကျင် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၁၈ရက် နံနက်၁၁နာရီတွင် အထက(၁)တာမွေ ပင်လုံခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဒေါက်တာ သန်းသန်းစိုး ဖုန်း- ၇၂၄၅၉၀၊ ဒေါ်အေးအေးသန်း ဖုန်း- ၅၄၂၂၃၈၊ ၅၄၂၂၅၄၊ ဒေါ်ခင်အေးမြင့် ဖုန်း- ၂၅၄၁၀၈၊ ဒေါ်နီနီမြင့် ဖုန်း- ၅၄၂၄၀၁နှင့် ဒေါ်ကျင်ကျင်စန်း ဖုန်း- ၅၄၅၈၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**






# ကမ္ဘာတစ်လွှား အားကစား

## အေစီမီလန်နှင့် ဂျူဗင်းတပ်နိုင်ပွဲရ လာဇီယိုကဘိုလော့နာကို ပွတ်ကာသီကာနိုင်

**ရောမ နိုဝင်ဘာ ၁၆**

စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၁၄ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဂျူဗင်းတပ်တို့ အဝေးကွင်း၌ လက်ချီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး၊ အေစီမီလန်၊ လာဇီယိုတို့လည်း နိုင်ပွဲများရရှိကာ အင်တာမီလန်က ကက်ဂလီယာရီနှင့် သုံးဂိုးစီ သရေပွဲကျခဲ့သည်။

**အေစီမီလန်-ဆီနာ**

အိမ်ကွင်း ဆန်စီရို၌ ချန်ပီယံ အေစီမီလန်တို့ နိုင်ပွဲဆက်ခဲ့ပြီဖြစ်သည်။ အေစီမီလန်၏ခြေစွမ်း တဖြည်းဖြည်းတိုးတက်လာပြီ ဖြစ်ရာ တိုက်စစ်မှူးများဖြစ်သည့် ရှက်ဖ်ချင်ကို၊ ဆီးဒေါ့ဖ်၊ တိုမာဆင်နှင့် ပီယာလိုတို့ကလည်း ခြေစွမ်းပြဂိုးသွင်းနိုင်ပြီ ဖြစ်ရာ ယနေ့ပွဲတွင် ပွဲချိန် ၂၆ မိနစ်နှင့် ၃၇ မိနစ်တွင် ရှက်ဖ်ချင်ကိုက အေစီမီလန်အတွက် နှစ်ဂိုးစလုံးသွင်းယူပေးနိုင်ခဲ့သည်။ ဆီနာအတွက် ချေပဂိုးကို ၃၂ မိနစ်တွင် အာဂီလီက သွင်းယူပေးခဲ့သဖြင့် အေစီမီလန်တို့ အိမ်ကွင်း၌ ဆီနာကို နှစ်ဂိုး- တစ်ဂိုးဖြင့်နိုင်ပြီး တန်းစီဇယား၌ ဒုတိယနေရာတွင်ဆက်လက်တည်ရှိနေသည်။

**လက်ချီနှင့် ဂျူဗင်းတပ်**

ယခုနှစ် စီးရီးအေတွင် ချန်ပီယံဆုကို ချိန်နေသော ဂျူဗင်းတပ်တို့ လက်ချီကွင်း၌ အနိုင်ကစားနိုင်ခဲ့သည်။ ရှေ့နောက် အလယ် ကစားအားကောင်းသော ဂျူဗင်းတပ်ကို အိမ်ကွင်းခြေမာသော လက်ချီတို့ တစ်ဂိုးတည်းနှင့် ကပ်ရှုံးခဲ့ရသည်။ ဂျူဗင်းတပ်အတွက် ပွဲချိန် ၁၄ မိနစ်တွင် တိုက်စစ်မှူး ဒဲလ်ပီယာရိုက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သော်လည်း မိနစ် ၄၀ တွင် ပက်ဆိုတို၊ ၆၆ မိနစ်တွင် သူရမ်နှင့် ၈၅ မိနစ်တွင် အီဂေါတူဒေါတို့ အဝါကတ်ထိခဲ့သည်။ လက်ချီမှ ဒီရာမော်တီနီ၊ လီဒက်မာနှင့် စီဆီနာဒိုတို့လည်း အဝါကတ်ထိခဲ့ရာ စီးရီးအေ၌ အဝါကတ်စံချိန်တင်သည့်ပွဲဖြစ်ခဲ့သည်။

**ကက်ဂလီယာရီနှင့် အင်တာမီလန်**

အဝေးကွင်းနိုင်ပွဲ ဝေးနေသည့် အင်တာမီလန်တို့ ကက်ဂလီယာရီနှင့် သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ရပြန်သည်။ အင်တာမီလန်တို့ ယခုပွဲ သရေကျခဲ့ရာ အဝေးကွင်း၌ ခုနစ်ပွဲကစားခဲ့ရာတွင် ခြောက်ပွဲမြောက် သရေပွဲဖြစ်သည်။ ကက်ဂလီယာရီမှ ဇိုလာက ပွဲချိန် ခြောက်မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်မှ တစ်ဂိုး၊ ၃၃ မိနစ်တွင် လန်ဂယ်လာက တစ်ဂိုး၊ မိနစ် ၆၀တွင် အီစပိုဆီတိုက တစ်ဂိုး သွင်းယူခဲ့ပြီး အင်တာမီလန်အတွက် ၃၅ မိနစ်တွင် စတန်ကိုဗစ်က တစ်ဂိုး နှင့် ၇၅မိနစ်နှင့် ၈၉မိနစ်တွင် မာတင်စ်က နှစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ အင်တာမီလန်တို့ ယခုပွဲ သရေကျပြန်သဖြင့် ၁၂ပွဲကစား နှစ်ပွဲနိုင်၊ ၁၀ပွဲ သရေဖြင့် ၁၆မှတ်ရကာ အဆင့်(၇)၌ ရှိနေသည်။

**လာဇီယိုနှင့်ဘိုလော့နာ**

လာဇီယိုတို့ အိမ်ကွင်း၌ လေးပွဲမြောက်နိုင်ပွဲရခြင်းပင်ဖြစ်သည်။ လာဇီယိုတို့ အိမ်ကွင်းအဝေးကွင်းခြေစွမ်းတက်မလာဘဲရှိရာ မိမိကွင်း အိုလံပီကို၌ပင် ဘိုလော့နာကို နိုင်ပွဲရအောင် အသည်းအသန် ကြိုးစားကစားခဲ့ရသည်။ လာဇီယိုအတွက် ပွဲချိန် ငါးမိနစ်တွင် ရိုချီက တစ်ဂိုးနှင့် ၈၄ မိနစ်တွင် ဒီကာနီရိုက ပယ်နယ်တီပြစ်ဒဏ်မှတစ်ဆင့် ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဘိုလော့နာအတွက် ၅၂ မိနစ်တွင် အီဂလီတာရီက တစ်ဂိုး သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် လာဇီယိုမှ ဒါဘိုနှင့် ဒီကာနီရိုတို့ အနီကတ်ပြ အထုတ်ခံရသလို ဘိုလော့နာမှ အီဂလီတာရီလည်း အနီကတ်ပြ အထုတ်ခံခဲ့ရသည်။

**အခြားပွဲများ**

| | | |
|---|---|---|
| အတ္တလန်တာ | ၀-၀ | ဘရက်ရှား |
| ဖီအိုရင်တီးနား | ၁-၀ | လီဗော်နို |
| ပါလာမို | ၂-၀ | ဆမ်ဒိုးရီးရား |
| ပါးမား | ၂-၂ | ချီယေးဗို |
| ရက်ဂျီးနား | ၁-၀ | ရိုးမား |
| အူဒီးနီးစ် | ၁-၁ | မက်ဆီနာ |

**(အင်တာနက်)**



စီးရီးအေပွဲစဉ်(၁၂)အဖြစ် အေစီမီလန်နှင့် ဆီနာတို့ပွဲစဉ်တွင် အေစီမီလန်မှ ကာကာ(ယာ) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အိုင်ဘီအက်ဖ်နှင့်ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲများကျင်းပ

**နယူးယောက် နိုဝင်ဘာ ၁၆**

အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံပြိုင်ပွဲနှင့် ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံပြိုင်ပွဲများကို နယူးယောက်မြို့ မက်ဒီဆွန်ဉယျာဉ်ရင်ပြင်၌ စနေနေ့ကကျင်းပခဲ့ကြောင်း ရိုက်တာက အင်တာနက်မှတစ်ဆင့် သတင်းထုတ်လွှင့်ခဲ့သည်။

အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံပြိုင်ပွဲတွင် နယူးယောက်မြို့ ပို့စ်ဂျက်ဖ်ဖာဆွန်မှ ဂျမီးလ်မက်ကလိုင်းကို မီချီဂန်မှ ခရစ္စဘတ်ဒ်က အနိုင်ရရှိသွားခဲ့သည်။

ခရစ္စဘတ်ဒ်က ဂျမီးလ်မက်ကလိုင်းအားကြိုးဝိုင်းထောင့်ထဲတွင်ညှပ်ပိတ်ပြီး ၅၆ချက်ထိထိမိမိထိုးသတ်ခဲ့သည်။ ၎င်းသည် ၁၂ချီအထိတိုင်အောင် အကွဲအလဲထိုးကာ အနိုင်ယူသွားခဲ့သည်။ ဘတ်ဒ်သည် ပထမဆုံးအကြိမ် အိုင်ဘီအက်ဖ်ချန်ပီယံကိုလုရန် ကြိုးစားလာသည့် မက်ကလိုင်းအား အနိုင်ယူခဲ့ပြီး သူ၏အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ကာကွယ်လိုက်သည်။

**ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံ**

ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံပြိုင်ပွဲတွင် မက်ဆက်ချူးဆက်မက်သရူးမှ ဂျွန်ရူဇ်နှင့် ပိုလန်မှ အင်ဒရူးဂိုလိုတာတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ ဂျွန်ရူဇ်သည် နှစ်ကြိမ်အလဲထိုးခံခဲ့ရသော်လည်း ၎င်း၏သရဖူကို ကာကွယ်နိုင်ခဲ့သည်။ **(အင်တာနက်)**



အိုင်ဘီအက်ဖ် ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲတွင် ဂျမီးလ်မက်ကလိုင်း (ဝဲ)နှင့် ခရစ္စဘတ်ဒ်တို့ အကြိတ်အနယ် ထိုးသတ်ကြစဉ်။ (ဓာတ်ပုံ-ရိုက်တာ)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် နှစ်(၄၀)ပြည့် အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ၂၀–၁၀–၂၀၀၄ ရက်နေ့ နံနက်က ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်၌ ကျင်းပခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့၌ သိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စစ်ကိုင်းမြို့ ဧမြဝတီရပ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၈ ခုနှစ် ဩဂုတ်လတွင် စစ်ကိုင်းမြို့မှ ၂၂ မိုင်ကွာဝေးသည့် ဓမ္မဝတီမြို့ဟောင်း ရွာသစ်ကြီးကျေးရွာသို့ ပြောင်းရွှေ့ခဲ့သည်။ ကျောင်းပရိဝုဏ်မှာ ၂၂၉၃ သမ ၁၃ ဧက ကျယ်ဝန်းသည်။ စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားဖိုဆောင်များ၊ ရုံးအဆောက်အအုံများ၊ ဖွံ့ဖြိုးရေး အထောက်အကူပြု အဆောက်အအုံများ၊ စာကြည့်တိုက်၊ ပြတိုက်နှင့် တိုင်းရင်းသား ဘာသာဌာန အဆောက်အအုံများဖြင့် ဧရာဝတီမြစ်ကို မေးတင်ပြီး ဆောက်လုပ်ထားသည်မှာ ပန်းရလှသည်။ သင်တန်းသားများ လက်တွေ့လေ့ကျင့်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအတွက် အထူးသင့်လျော်ပြီး အားကစားကွင်းများလည်း အလုံအလောက် ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံတွင် အထူးမူလတန်းဆရာအတတ်သင်တန်းကိုပါ နယ်စပ်ဒေသမှ တိုင်းရင်းသားလူမျိုးများ ပညာရည်မြင့်မားရေးအစီအစဉ်တစ်ရပ်အဖြစ် ၂၅–၆–၁၉၉၀ ရက်နေ့က စတင်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သင်တန်းအမှတ်စဉ်(၃၅)မှ သင်တန်းသား သင်တန်းသူများက ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ တွေ့ဆုံဂါရဝပြုပြီး သြဝါဒခံယူစဉ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကားမြွက်ကြားရာ၌–

**"တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်သို့ မြှင့်တင် တည်ထောင်ခဲ့သည်မှာ ယခုဆိုလျှင် ၁၀နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း။**

**"မောင်တို့မယ်တို့သည် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ နယ်စပ်ဒေသများမှ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာသင်ယူလေ့လာဆည်းပူးခဲ့ကြကြောင်း၊ ယခုသင်တန်းပြီးဆုံးပြီးနောက် တိုင်းရင်းသားလူမျိုးများ နယ်စပ်ဒေသများကို သွားရောက်၍ ဆရာဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်ကြောင်း။**

**"မောင်တို့မယ်တို့သည် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် နိုင်ငံတော်က လုံးဝဥဿုံ တာဝန်ယူ လေ့ကျင့်ပေးခဲ့သူများဖြစ်ရာ အခြားသော ပညာရေးဝန်ထမ်းများ ထမ်းဆောင်ရသည့် ပညာရေး တာဝန်များအပြင် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းအောင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လည်း တာဝန်ရှိကြောင်း။**

**"ပထမတာဝန်ဖြစ်သော ပညာသင်ကြားရေးတာဝန်နှင့် စပ်လျဉ်းပြီး တိုင်းရင်းသားလူမျိုး အတော်များများမှာ ဝေးလံခေါင်သီပြီး ဆက်သွယ်သွားလာရေး ခက်ခဲသော နယ်စပ်ဒေသများတွင် နေထိုင်ကြခြင်း၊ တစ်ချိန်က မအေးချမ်း၍ ပညာသင်ကြားခွင့် ဆုံးရှုံးခဲ့ရခြင်းတို့ကြောင့် ပညာရေးပိုင်းတွင် အားနည်းလျက်ရှိရာ မောင်တို့မယ်တို့သည် ယင်းအားနည်းချက်ကို ဖြည့်ဆည်းရမည့် အင်အားစုများအဖြစ်ခံယူပြီး အရှိန်အဟုန်ဖြင့် တိုးတက်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း။**

**"ဒုတိယတာဝန်ဖြစ်သည့် ဒေသဖွံ့ဖြိုးရေးတာဝန်ကိုလည်း တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီပီ တက္ကသိုလ်ကြီးက သင်ကြားလေ့ကျင့်ပေးလိုက်သည့် ဖွံ့ဖြိုးရေးဘာသာရပ်များကို လက်တွေ့ဘဝနှင့်ဆက်စပ်ပြီး အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

**"ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး အခြေခံများ ခိုင်မာစေရအောင် တိုင်းရင်းသား ပြည်သူများအားလုံး၏ အတွေးအခေါ် ခံယူချက်များ အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိရေးအတွက် မောင်တို့မယ်တို့က စည်းရုံးဆောင်ရွက်သွားကြဖို့ တတိယတာဝန် တစ်ရပ်အဖြစ် မှာကြားလိုကြောင်း"**

မိန့်ကြားခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို–

(က) တိုင်းရင်းသားလူငယ်များ ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ အတူနေထိုင်ကြရမည်။ ပညာရှာမှီးရင်း ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲစေမည်၊

(ခ) တိုင်းရင်းသားလူငယ်များအား ခံယူချက်၊ ယုံကြည်ချက် ပြည့်ဝစေမည်၊

(ဂ) လူငယ်များအား တိုင်းရင်းသားခေါင်းဆောင်ကောင်းများ ဖြစ်စေမည်၊

(ဃ) အလှမ်းဝေးသော ပြည်နယ်ဒေသများအတွက် ကျောင်းဆရာများ ရရှိစေမည်။ ပညာရေးနှင့်အတူ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်စေမည် ဟူသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ် (၃၅) မှ သင်တန်းသူများအား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ဤသို့ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။**

## မိုးထက်မြင့် ( မြစ်ဝကျွန်းပေါ် )

သိပ္ပံအဆင့်၌ နှစ်စဉ်သင်တန်းသားအသစ် ၁၅၀ ဦး တက်ရောက်ခွင့်ရရှိသည်။ သင်တန်းသားတိုင်း လစဉ်ထောက်ပံ့ကြေးရရှိသည်။ ကျောင်းတွင်နေရာထိုင်ခင်းပစ္စည်းများ ရရှိသည်။ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားကြရသည်။

ယခုအခါ တစ်နှစ်လျှင် သင်တန်းသား ၂၅၀ ဖြင့် ပညာရေးဘွဲ့ လေးနှစ်သင်တန်းအတွက် စုစုပေါင်းသင်တန်းသား ၁၀၀၀ အထိ လက်ခံသင်ကြားနေပြီး ပညာသင်နှစ်ပိုင်း၌ သင်တန်းသား ၁၄၀၀ နီးပါးအထိ တိုးမြှင့်သင်ကြားပေးနိုင်ခဲ့သည်။ သင်တန်းသားဦးရေနှင့် သင်တန်းအမျိုးအစား တိုးတက်လာသည့်အလျောက် ၁၉၆၄ ခုနှစ် စတင်ဖွင့်လှစ်စဉ်က ဆရာဆရာမ ၂၀ နှင့် အမှုထမ်း ၁၅ ဦး ပေါင်း ၃၅ ဦးသာ ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်အထိ ယနေ့တက္ကသိုလ်အဆင့်တွင် စီမံဝန်ထမ်း ၁၈၄ ဦးနှင့် သင်ကြားရေးဝန်ထမ်း ၃၄၈ ဦး စုစုပေါင်း ၅၃၅ ဦးဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဖော် ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်ဖြစ်၍ တစ်ကြောင်း၊ သိပ္ပံဆင်း ဆရာဆရာမများ၏ ဘဝမြှင့်တင်ရေးကို ထောက်ရှု၍ တစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အဆင့်သို့ ၂–၅–၁၉၉၁ ရက်နေ့တွင် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

ဤတက္ကသိုလ်တွင် ပညာရေးဝန်ကြီးဌာနမှ သင်ရိုးများအတိုင်း အဆင့်မြင့်စာပေပညာရပ်များနှင့် ဆရာအတတ်သင်ဘာသာရပ်များကို သင်ယူကြရသည်။ အရည်အချင်းပြည့်ဝသည့် မဟာဘွဲ့ရ ဆရာဆရာမများက ခေတ်မီသင်ကြားသင်ယူမှုနည်းစနစ်များဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

---

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသားလူမျိုးများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာအောင် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများကို လေ့ကျင့် ပျိုးထောင် မွေးထုတ်ခဲ့ရာ နှစ် ၄၀ ကာလအတွင်း တိုင်းရင်းသားလူငယ်များစွာကို နိုင်ငံတော်၏ ရင်သွေးများအဖြစ် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် မွေးထုတ်ပေးနိုင်ခဲ့သည်။

---

**ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသားလူမျိုးများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာအောင် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများကို လေ့ကျင့်ပျိုးထောင် မွေးထုတ်ခဲ့ရာ နှစ် ၄၀ကာလအတွင်း တိုင်းရင်းသားလူငယ်များစွာကို နိုင်ငံတော်၏ ရင်သွေးများအဖြစ် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် မွေးထုတ်ပေးနိုင်ခဲ့သည်။**

ဖွံ့ဖြိုးရေးသိပ္ပံဆင်းဆရာ ဆရာမများသည် မိမိတို့ဒေသတွင် တာဝန်ထမ်းဆောင်ကြရင်း ဆရာအတတ်သင်သိပ္ပံများသို့ တက်ရောက်ပြီး၍ အလယ်တန်းပြဆရာအဖြစ်လည်းကောင်း၊ တက္ကသိုလ်များမှပို့ချသည့် စာပေးစာယူ သင်တန်းများသို့ တက်ရောက်ပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စသည်တို့ကိုလည်းကောင်း ရရှိခဲ့ကြသည်။ အချို့ထူးချွန်သူများသည် ပညာရေးတက္ကသိုလ်တွင် စာပေးစာယူဖြင့် လည်းကောင်း၊ အချိန်ပြည့်တက်ရောက်၍လည်းကောင်း ပညာရေးဘွဲ့ (ဘီ–အီး–ဒီ) ရရှိကြပြီး အထက်တန်းပြဆရာ၊ အလယ်တန်း ကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူးတာဝန်များကိုပင် ထမ်းဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်

e-Learning Centre, Language Lab, Over Head Project or, Multi-Media Projector အစရှိသည့် အီလက်ထရွန်နစ်ပညာရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ တပ်ဆင်အသုံးပြုပြီး သင်ကြားလျက်ရှိသည်။

နယ်စပ်ဒေသများတွင် နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကဏ္ဍစုံဘက်စုံ ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံတော်၏ ထောက်ပံ့မှုဖြင့် ပညာဆက်လက် သင်ယူနိုင်အောင်စီမံပေးခဲ့ရာ တက္ကသိုလ်အသီးသီးတွင် တက်ရောက်၍ ပညာသင်ယူခွင့်လည်း ရရှိခဲ့ကြသည်။ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ အခြေခံကျန်းမာရေး တက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ဆေးဘက်ပညာသင်တက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့တွင်လည်း တက်ရောက်ပညာသင်ကြားနိုင်လျက်ရှိနေကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ယနေ့ နိုင်ငံတော်က ဖော်ဆောင်နေသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးမြှင့်ခိုင်မာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နယ်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးစသည့် အခြေခံကောင်းများကို ထပ်လောင်းအားဖြည့်ပေးလျက်ရှိ နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မကွေးတိုင်းအတွင်း ကျေးလက်နှင့်မြို့ပြလမ်းလုပ်ငန်းများ ဆောင်ရွက်



အုတ်ဖို နိုဝင်ဘာ ၁၄

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်သည် ဦးစီးဌာနမှတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၀ ရက်နံနက်က ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မကွေးတိုင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ကျေးလက်နှင့်မြို့ပြလမ်းလုပ်ငန်းများ၊ မြို့နယ်ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။**

**ကျေးရွာချင်းဆက်**

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် အုတ်ဖိုမြို့နယ် တိမ်ညွှန့်ကျေးလက်လမ်းဂဝံခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ဂဝံလမ်းခင်း ဆောင်ရွက်ခြင်း၊ ဘောလီသံပေါင်တံတားပြုပြင်ခြင်းနှင့် ရေလယ်တိုင်များ ပိုင်ရိုက်စက်ဖြင့် ဆောင်ရွက်မှုများအား ရှင်းလင်းပြသခဲ့သည်။ ယင်းလမ်းမှာ အရှည် ၆ မိုင် ၄ ဖာလုံ၊ အကျယ် ၁၀ပေရှိ ဂဝံလမ်းဖြစ်ပြီး တံတားမှာ အရှည်ပေ ၁၃၀၊ အကျယ် ၁၄ ပေရှိ ဘောလီသံပေါင်တံတားဖြစ်သည်။ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၁ ဒသမ ၅၃ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၂သန်း၊ စုစုပေါင်းကျပ် ၃၁ ဒသမ ၇၃ သန်း အကုန်အကျခံ ဆောင်ရွက်လျက်ရှိသော ကျေးရွာချင်းဆက် လမ်းဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ကြို့ပင်ကောက်မြို့နယ် အောင်ချမ်းသာရွာအနီး ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပေါက်ခေါင်းမြို့နယ် ကုတင်ငါးဆင့်ကျေးရွာအနီးရှိ လုပ်ငန်းခွင်တွင် ကျောက်ချောခင်းကျင်းမှုအား သွားရောက်စစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ပဲခူးတိုင်း(အနောက်ပိုင်း) အနေဖြင့် မြေသားလမ်းဖောက်လုပ်ခြင်း ၄၉ မိုင် ၄ ဖာလုံနှင့် ကျောက်လမ်း ၂၃ မိုင် ၇ ဖာလုံ ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် နံနက်က မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်သို့ ရောက်ရှိပြီး တောင်တွင်းကြီးမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် အောင်လံမြို့နယ်များ ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း လုပ်ငန်းခွင်အား စစ်ဆေးရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းများ လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

**(အပေါ်ဝဲပုံ) (နယ်စပ်/စည်ပင်)**



**နိုဝင်ဘာ ၁ ရက်က ဆီဆိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျေးရွာများအတွက် ဆိုက်ခေါင်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၄ လက်မ ရုပ်မြင်သံကြားစက်တစ်လုံး ပေးအပ်လှူဒါန်းရာ ဗိုလ်မှူးစိုးလွင်ကျော်က လက်ခံရယူစဉ်။** (၀၄၈)

# စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေ ပေးဝေရေး ရေစုကန်၊ ရေစစ်ကန် တည်ဆောက်မည့် မြေနေရာတိုင်းတာ

**မိုးကောင်း နိုဝင်ဘာ ၈**

မိုးကောင်းမြို့နယ် တောင်နီကျေးရွာအုပ်စုတွင် စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေပေးဝေရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာအုပ်စုနေ ပြည်သူများပူးပေါင်းဆောင်ရွက်မှုကို အောက်တိုဘာ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက သဘာဝရေထွက်နှင့် ရေစုကန်၊ ရေစစ်ကန်တည်ဆောက်မည့် မြေနေရာကို တိုင်းတာဆောင်ရွက်ကြသည်။

အဆိုပါ ကျေးလက်ရေပေးဝေရေး လုပ်ငန်းဖြစ်မြောက်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၆၄၄၁၅၀၊ ကျေးရွာအုပ်စု ပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ် ၂၅ သိန်းတို့ဖြင့် အကုန်အကျခံ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(၄၁၆)**

## ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်



**ပင်းတယမြို့နယ် တမဲကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာသီရိမြေစာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၈ရက်က အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမောင်ကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးချစ်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

# ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ် ထုတ်လုပ်ရေးဆောင်ရွက်

**မတ္တရာ နိုဝင်ဘာ ၄**

မတ္တရာမြို့နယ် လွန်တောင်းကျေးရွာတွင် ဇီဝဓာတ်ငွေ့ဖြင့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုအား မြို့နယ်အတွင်းရေးမှူး ဦးသန်းလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးလင်းကြည်နှင့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးကျော်ကျော်တို့ အောက်တိုဘာ ၂၂ ရက်က လုပ်ငန်းခွင်တွင် လိုအပ်သည်များ ကူညီပံ့ပိုးနိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# စွမ်းရည်သစ် စာကြည့်တိုက်ဖွင့် သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း



**အရာတော် နိုဝင်ဘာ ၁၀**

အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေးကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၁ရက် မွန်းတည့် ၁၂နာရီက ချင်ပင်ကျေးရွာ၌ ကျေးလက်ကိုယ့်အားကိုယ်ကိုး စွမ်းရည်သစ် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကိုကိုနှင့် မြို့နယ်စာရင်းစစ်အရာရှိ ဦးတင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးမြင့်ဆွေက တရားရေးကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးကိုကိုက ပညာရေးဆိုင်ရာကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**လက်ခံရယူ**

ထို့နောက် စာအုပ်အလှူရှင် ၁၅ဦးတို့က သုတ၊ ရသစာအုပ်မျိုးစုံ ၃၀၀ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးစိန်ဝင်းက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်းတော်မြို့ မန်လည်အုပ်စုစိုက်ခင်းတွင် စံကွက်ရိတ်သိမ်း

**အင်းတော် နိုဝင်ဘာ ၄**

ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးငွေးညွှန့်နှင့် ဌာနဆိုင်ရာများ အောက်တိုဘာ ၃၁ရက်က အင်းတော်မြို့ မန်လည်အုပ်စု မန်လည်(မြောက်)ရွာ တောင်သူကြီး ဒေါ်ကြည်အောင်၏ ကွင်းအမှတ် ၁၁၀၉ ရှိ မော်ဘီ(၂) စပါးစိုက်ခင်းတွင် စံကွက်ရိတ်သိမ်း စစ်ဆေးကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်စိုး၊ မြေစာရင်းလက်ထောက်ဦးစီးမှူး ဦးစိုးလွင်တို့က ရိတ်သိမ်းပြသကြရာ တစ်ဧက ၈၅ ဒသမ ၉၁ တင်းနှုန်း ထွက်ရှိသည်။

ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးငွေးညွှန့်နှင့် မြို့နယ်အတွင်းရေးမှူး ဦးဆန်းမင်းတို့ ဦးဆောင်သော မြို့နယ်စိုက်ညှိအဖွဲ့ဝင်များသည် မိုးစပါးစံကွက် ရိတ်သိမ်းအပြီး မန်လည်(တောင်)ရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် အုပ်စုအတွင်းရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ဆောင်းသီးနှံအပြည့် အဝစိုက်ပျိုးရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးမှုစွမ်းအားမြှင့်တင်ရေးနှင့် သဘာဝမြေဩဇာကို အိမ်တိုင်းတွင် ကျင်းစနစ်ဖြင့် စဉ်ဆက်မပြတ် ပြုလုပ်သုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားကြသည်။ **(၁၃၃)**



# တန့်ဆည်မြို့အဝင် လမ်းတစ်လျှောက် သစ်ပင်များ ခြံကာ၊ ပေါင်းမြက်ရှင်းလင်း

**တန့်ဆည် နိုဝင်ဘာ ၅**

တန့်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသည့်သစ်ပင်များခြံကာ၊ပေါင်းမြက်ရှင်းလင်းခြင်းနှင့် သစ်ပင်များစိုက်ပျိုးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၅ ရက်က မြို့အဝင် ရေဦးကားလမ်း ဘေးဝဲယာတစ်လျှောက်၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်းဆောင်ရွက်မှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

# တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ နိုင်ငံနှင့်လူမျိုးအကျိုး ထိထိရောက်ရောက်သယ်ပိုးနိုင်ရေး အသိအမြင်စွမ်းအား၊ အရည်အသွေးနှင့်စိတ်ဓာတ်အင်အားများ နိုင်ငံတော်က အားသစ်လောင်းပေးနေ အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်ပေးနိုင်မည့် ပညာရေးစွမ်းအားစုကြီးဖြစ်ထွန်းလာရေး ဆက်လက်ကြိုးပမ်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■



**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူများအား တရင်းတနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်း ရေလွှဲဥမင်လိုဏ် တိုးလျှိုပေါက်ဖောက်လုပ်ပြီးစီး ပြည်ပအကူအညီမပါဘဲ မြန်မာအင်ဂျင်နီယာများကိုယ်တိုင်ကြိုးပမ်းခဲ့ကြ

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေသယံဇာတ၊ရေသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည့်အားလျော်စွာ ပေါများကြွယ်ဝသော မြေသယံဇာတနှင့် ရေသယံဇာတများကိုဖော်ထုတ်၍ နိုင်ငံတော်အတွက် အကျိုးရှိစွာသုံးစွဲရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဆည်မြောင်းတာတမံများတည်ဆောက်ပေးခြင်းဖြင့် ဆည်ရေများရရှိပြီး နိုင်ငံတော်အတွက်အကျိုးပြုသော လယ်ယာမြေများပေါ်ထွက်ကာ စိုက်ပျိုးရေးကဏ္ဍ၌ အကျိုးများတိုးပွားစေခဲ့သည်။ စာမျက်နှာ ၁၁ ကော်လံ ၁ ●

**ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာတောင်ဘက် ၂၁သမ၅မိုင်အကွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်နေသော တမံအလျား ပေ ၁၀၅၀၊ တမံအမြင့် ၂၅၁ ပေ၊ Zone Type အလယ်ပိုင်း ရေလုံလွှာနှင့် ကျောက်ရောမြေသားတမံ အမျိုးအစားဖြင့် ရဲနွယ်ချောင်းကိုပိတ်၍ တည်ဆောက်လျက်ရှိသည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းပတ်ဝန်းကျင်ကို ဤသို့တွေ့ရသည်။** ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)





**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းတွင် တည်ဆောက်ပြီးစီးသွားသည့် မြင်းခွာပုံသံကူကွန်ကရစ် ရေလွှဲဥမင်ထွက်ပေါက်မှ ရေများထုတ်လွှတ်ပေးလျက်ရှိသည်ကို ဤသို့တွေ့ခဲ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

17-11 (20).p65 1 3/25/05, 3:49 PM

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးအနေဖြင့် ရန်ကုန်ဆေးရုံကြီးကဲ့သို့ အလွန်ခက်ခဲအန္တရာယ်များသည့် ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အတွက် မိမိတို့၏ ဆေးပညာသမိုင်းတွင် မော်ကွန်းထိုးလောက်သည့် အောင်မြင်မှုများရရှိခဲ့သည်ကို အထူးပင်ဝမ်းသာဂုဏ်ယူမိကြောင်း။

ထို့ကြောင့် အမျိုးသားကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေးနှင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးတို့အတွက် ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ခုတင်(၃၀၀)ဆံ့ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)သို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်း၊ အထူးကု သမားတော်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာဝန်ကြီးများ၊ သူနာပြုအုပ်နှင့် သူနာပြုဆရာမကြီးများက ကြိုဆိုကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံသားတိုင်း ပညာရည်အဆင့်အတန်းမြင့်မားလာစေရန်နှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန်တို့အတွက် မြန်မာနိုင်ငံ ပညာရေးကော်မတီနှင့် အမျိုးသားကျန်းမာရေးကော်မတီများကိုဖွဲ့စည်းပြီး မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

## စွမ်းဆောင်ရည်မြင့်မားရေး

အဆိုပါမူဝါဒများ အောင်မြင်ရန်အတွက် အောက်ခြေတွင်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေရသည့် ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်မြင့်မားရေးသည် အထူးအရေးကြီးကြောင်း။

ထို့ကြောင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန်အတွက် အမျိုးသားကျန်းမာရေး စီမံကိန်းများ၊ ပညာရည်မြင့်မားလာစေရန်အတွက် ပညာရည်မြင့်မားရေး လေးနှစ်စီမံကိန်းနှင့် အနှစ်(၃၀)စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းများဖြစ်တိုးတက်မြင့်မားလာစေရန် အမျိုးသားကျန်းမာရေး စီမံကိန်းအဆင့်ဆင့် အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ် စီမံကိန်းနှင့် အနှစ်(၃၀)နှစ်ရှည် ကျန်းမာရေးစီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံတော်၏ကျန်းမာရေးရည်မှန်းချက်နှင့် မူဝါဒများအောင်မြင်စေရန်အတွက် အမျိုးသားကျန်းမာရေးကော်မတီများကိုဗဟိုအဆင့်မှသည် ပြည်နယ်နှင့်တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအုပ်စု၊ရပ်ကွက်အဆင့်အထိ အဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူတစ်ရပ်လုံး ကျန်းကျန်းမာမာ အနာရောဂါကင်းရှင်းစွာဖြင့် သက်တမ်းစေ့ နေနိုင်ရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဟန်ချက်ညီညီ အထက်နှင့်အောက် ပေါင်းစပ်ပြီး ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားကြရန် လိုကြောင်း။

## ဖြည့်စွက်တင်ပြ

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဆေးရုံစည်းဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်းက ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး) ဆိုင်ရာအချက်အလက်များ၊ စတင်ဖွင့်လှစ်မှု၊ ကျန်းမာရေးဆိုင်ရာဆေးကုသဌာနများနှင့် ဆေးကုသဆောင်များ၊ ဝန်ထမ်းအင်အား၊ ဆေးဝါးကုသခံယူသည့် လူနာများအခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ရန်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ကူးပြောင်းရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များလိုအပ်ကြောင်း။

သည့် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါရှာဖွေကုသရေး၊ ပြန်လည်ထူထောင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## ပညာပေးစည်းရုံး

ထိုကဲ့သို့ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ကြရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းအသီးသီးတို့ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှု ရရှိမည်ဖြစ်သဖြင့် နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်လာရေးအတွက် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ပညာပေးစည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)ရှိ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သွေးလှူဘဏ်၊ ရောဂါရှာဖွေစစ်ဆေးရေးဌာန၊ ဓာတ်မှန်ဆောင်၊ မမွေးဖွားမီဆောင်၊ မွေးဖွားပြီးလူနာဆောင်တို့ကိုလည်းကောင်း၊ မွေးကင်းစကလေးများဆောင်နှင့် အထူးကြပ်မတ်ကုသဆောင်တည်ဆောက်ရန် ဆောင်ရွက်ထားမှုအခြေအနေ၊ ခွဲစိတ်ဆောင်၊ ခွဲစိတ်မွေးဖွားလူနာဆောင်နှင့် ခေတ်မီခွဲစိတ်ကုသရေးဆိုင်ရာ စက်ပစ္စည်းများတပ်ဆင်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံကြီး(မန္တလေး)သို့ရောက်ရှိကြရာ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဒေါက်တာမြမိုး၊ တိုင်းရင်းဆေးရုံကြီး(မန္တလေး) ဆေးရုံအုပ်ကြီးဦးဝင်းနိုင်၊ ကထိကများ၊ ဆရာဆရာမများ၊ တိုင်းရင်းဆေးရုံကြီးမှ အလုပ်သင်ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။



**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**



**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးကလေးအထူးကုဆေးရုံကြီးတွင် တင်ပါးဆုံကွင်းဆက် ခွဲစိတ်ကုသ အောင်မြင်ခဲ့သည့် မိုးမမအောင်နှင့် မိုးပပအောင် ညီအစ်မနှစ်ဦးအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)**

## အားပေးစကားပြောကြား

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးလူနာကုသဆောင်နှင့် အမျိုးသားလူနာကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူလျက်ရှိကြသော လူနာများအား အားပေးစကားပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တိုင်းရင်းဆေးရုံကြီးစည်းဝေးခန်းမ၌ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ မြမိုးက တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ တိုင်းရင်းဆေးပညာ သင်ကြားရေးနှင့် စပ်လျဉ်း၍ ဝန်ထမ်းဖွဲ့စည်းပုံ၊ စီမံခန့်ခွဲရေးနှင့် သင်ကြားရေးကိစ္စရပ်များ၊ သင်ကြားရေး အထောက်အကူပြု ပရဆေးဥယျာဉ် ပျိုးထောင်ထားမှုနှင့် ပျိုးထောင်ထားသည့် ပရဆေးအမျိုးအစား ၂၇၀ နှင့် ဆေးဖက်ဝင်အပင် ၄၀၀၀ ကျော်စိုက်ပျိုးထားမှု၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) အဆောက်အအုံသစ်သို့ သင်ကြားစီမံကိစ္စရပ်များ၊ ပြောင်းရွှေ့ရန်စီစဉ်ထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းဆေးရုံကြီး(မန္တလေး) ဆေးရုံအုပ်ကြီးဦးဝင်းနိုင်က ဆေးရုံကြီး၏နောက်ခံသမိုင်း၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဆေးကုသမှုဌာနများ၊ အများဆုံးဆေးဝါးကုသမှုခံယူသည့်ဒေသများ၊ နှစ်စဉ်ပြင်ပလူနာကုသမှုအခြေအနေ၊ အတွင်းလူနာကုသမှုခံယူသည့် ရောဂါလက္ခဏာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးမှာကြား

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြန်မာ့တိုင်းရင်းဆေးပညာရပ် အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားသည့် လမ်းညွှန်ချက်များနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရေး စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးသိပ္ပံ(မန္တလေး)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးအောင်ထပ်နှင့် နည်းပြများ၊ တိုင်းရင်းဆေးသိပ္ပံ သင်တန်းသားများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးသိပ္ပံ(မန္တလေး) စာကြည့်တိုက်ရှိ မြန်မာ့ပရဆေးကျမ်းများ၊ သက္ကတ၊ ဟိန္ဒီ၊ အင်္ဂလိပ် ဆေးကျမ်းများ၊ ရှေးဟောင်းပေပုရပိုက်ဆေးကျမ်းများ၊ တိုင်းရင်းဆေးပညာ စာအုပ်စာတမ်းများ၊ အနောက်တိုင်းရင်းဆေးပညာစာအုပ်စာတမ်းများ၊ တိုင်းရင်းဆေးသိပ္ပံဘွဲ့ယူစာတမ်းများကိုလည်းကောင်း၊ တိုင်းရင်းဆေးသိပ္ပံ ဆေးပစ္စည်းပြတိုက်ရှိ ဆေးဖက်ဝင် ရေထွက်ပစ္စည်းများ၊ ဆေးဖက်ဝင် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ဆေးဖက်ဝင် ဓာတ်သတ္တုပစ္စည်းများနှင့် ဆေးဖက်ဝင် အပင်ထွက်ပစ္စည်းအမျိုးပေါင်း ၃၁၁မျိုးပြသထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ သရုပ်ပြပရဆေးဥယျာဉ်သို့ရောက်ရှိကြပြီး အဓိကရောဂါကြီးခြောက်မျိုးဖြစ်သည့် ဝမ်းကိုက်၊ ဝမ်းပျက်နှင့် ဝမ်းလျှော၊ ဆီးချို၊ သွေးတိုး၊ ငှက်ဖျားနှင့်တီဘီရောဂါများတွင်အသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်များ သင်ကြားရေး လက်တွေ့ဆောင်၌ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်တည်ဆောက်ပြီးစီးနေပြီဖြစ်သော တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ အစီအီးဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) တည်ဆောက်ပြီးစီးမှုနှင့် စိမ်းလန်းစိုပြည်မှုတို့ကိုလည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ပြတိုက်နှင့် သင်ကြားရေးစာသင်ဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌက လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) အဆောက်အအုံကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။ (သတင်းစဉ်)**



17-11 (09).p65 1 3/25/05, 3:49 PM

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆတက်ထမ်းပိုး တိုးမြှင့်ဆောင်ရွက်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေး ဟူသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ် ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က မျှော်မှန်းထားသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိရေးသည် နိုင်ငံသားအားလုံး၏ ဖွဲ၊ လုံ့လဖြင့် ကြိုးပမ်းအားထုတ်ကြခြင်းနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းအပေါ်တွင် အခြေပြုပေသည်။

နိုင်ငံတော်တွင် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်၏ စေတနာ၊ နိုင်ငံတော်ဝန်ထမ်းများ၏ တီထွင်ကြံဆမှု အတတ်ပညာနှင့် နိုင်ငံသားများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ထုထည်ပမာဏ ကြီးမားစွာ တည်ဆောက်နိုင်ခဲ့သည်။

နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မဖြစ်မနေ ကြံဆဖော်ဆောင်ခဲ့သည့်အတွက် နိုင်ငံတော်အတွင်း နေရာဒေသတိုင်းနှင့် ကဏ္ဍတိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို မြင်တွေ့နေကြရပြီ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားကြိုးမာန်တက်ပါဝင်ဆင်နွှဲလျက် ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အမျိုးသားအကျိုးစီးပွားကို သယ်ပိုးရန်အတွက် ပြည်သူတို့၏ သားသမီးများဖြင့် ဖွဲ့စည်းထူထောင်ထားသော အမျိုးသားရေးအသင်းကြီးဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို–

- **ပြည်ထောင်စု မပြိုကွဲရေး၊**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊**
- **နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ရှေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး**

ဟူသည့် မွန်မြတ်သော ရည်ရွယ်ချက်ငါးရပ်ဖြင့် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ သက်တမ်း ၁၁နှစ်ကျော် ရှိခဲ့ပြီဖြစ်သည်။

အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်နယ်၊

> ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအားလုံးကလည်း မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် တင့်တယ်ထည်ဝါသော ခိုင်မာပြည့်စုံသည့်အနာဂတ်ကို အမျိုးသားရေး အကျိုးစီးပွားနှင့်အညီ တည်ဆောက်သွားနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့်သော် လည်းကောင်း၊ နိုင်ငံသူ နိုင်ငံသားတစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်သော် လည်းကောင်း ကျရာကဏ္ဍက တစ်တပ်တစ်အား ပါဝင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိ။

## အထက်မင်းလှညွန့်အောင်

တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးလက်ဒေသများသာမက တောင်ပေါ်ဒေသနှင့် နယ်စပ်ဒေသများပါမကျန် ထက်မြက်သောစွမ်းပကားဖြင့် ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ် ဆောင်ရွက်လျက်ရှိသည်။

ခိုင်မာသောစွမ်းအားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များသည် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းက တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တပ်မတော်၊ ပြည်သူတို့နှင့်အတူ နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားစုများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျရာကဏ္ဍက ဦးလည်မသုန် ကျေကျေပွန်ပွန် ထမ်းရွက်နေကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၇)ရပ်၌ ပါဝင်သည့် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသင်းဝင်များ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရေး"** ဟူသည့် အချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အစဉ်ထာဝရ မပြောင်းမလဲ ပြည့်စုံမှန်ကန်နေမည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒနှင့်အညီ ချမှတ်ထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း မျှော်မှန်းထားသော အမျိုးသားရေး ပန်းတိုင်သို့ ရောက်ရှိသည့်တိုင်အောင် ပိုမိုလေးနက် ခိုင်မာသည့် အမျိုးသားရေး သန္နိဋ္ဌာန်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ချီတက် လျှောက်လှမ်းသွားမည် ဖြစ်သည်။

အမှန်တကယ်အားဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်သည် အမိနိုင်ငံတော်ကြီးကို စစ်မှန်သည့် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း တိုးတက်ပြောင်းလဲစေရန် အမှန်တကယ် လိုလားသူတိုင်းအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဖွင့်ပေးလိုက်ခြင်းလည်း ဖြစ်သည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားလုံးကလည်း မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် တင့်တယ်ထည်ဝါသော ခိုင်မာပြည့်စုံသည့် အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားနှင့်အညီ တည်ဆောက်သွားနိုင်ရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေး စိတ်ဓာတ်တို့ဖြင့်သော်လည်းကောင်း၊ နိုင်ငံသူနိုင်ငံသား တစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်သော် လည်းကောင်း ကျရာကဏ္ဍက တစ်တပ်တစ်အား ပါဝင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။**

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်တိုင်းတွင် ဆတက်ထမ်းပိုး တိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ဆေးတက္ကသိုလ်(၂) (၁၉၇၄–၈၂) ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၃ ရက်က အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဗဟိုဌာန၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက ပူဇော်ကန်တော့ကြစဉ်။ (က–ပ)

## အောင်ဆန်းတောရပရိယတ္တိစာသင်တိုက် ဘုံကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရွှေပြည်သာမြို့ အမှတ်(၆)ရပ်ကွက် အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဇာတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတအမှူးရှိသော စာချစာသင် သံဃာတော်၁၀၄ပါးနှင့် ပင့်သံဃာ ၁၀၀ကျော်တို့အား စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်(နိုဝင်ဘာ၂၁ရက်) တနင်္ဂနွေနေ့တွင် အဆိုပါ စာသင်တိုက်တွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

## လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၆**

အမှတ်(၁)စက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သိန်းထွန်းသည် ယမန်နေ့ နံနက် ၈နာရီက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရား လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပသော လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ယင်းသင်တန်းသို့ သင်တန်းသား၈၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည် ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကျဉ်းဦးစီးဌာန ကထိန်သင်္ကန်းဆက်ကပ်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ (၂၁)ကြိမ်မြောက် ဝန်ထမ်း မိသားစု ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၉နာရီက အင်းစိန်မြို့ အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက အင်းစိန်မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော ပင့်သံဃာတော် ၁၁ပါးတို့အား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာသို့ အလှူငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည် သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာသို့ အမှတ် ၃၀ (အေးရပ်မွန်ခြံ) သံလမ်း ၇ ရပ်ကွက် လှိုင်မြို့နယ်နေ ယောဂီထိန်း ဒေါ်တင် အေးသားသမီးမြေးတစ်စုတို့က သိမ်တော်ကြီးအောက်ထပ်တွင် တပ်ဆင်ရန်အတွက် လေအေးစက်နှစ်လုံး၊ အလူမီနီယံ တံခါးမကြီးတစ်ခုနှင့်အုတ်တံတိုင်း တစ်ခန်းတို့အတွက် အလှူတော်ငွေကျပ် ခုနစ်သိန်းတို့ကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယာမဝုဓ (အစိုးရဓမ္မာစရိယ) (မဟာကမ္မဋ္ဌာနာစရိယ)ထံလှူဒါန်းရာ သာသနာနုဂ္ဂဟအဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။ **(က–ပ)**

● *ကျောဖုံးမှ*

## ရေအားလျှပ်စစ်ဖြန့်ဖြူးနိုင်

ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခြင်းကြောင့် လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးခြင်းသာမက နိုင်ငံတော်တွင် လိုအပ်နေသော လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆည်မြောင်းတာတမံများနှင့် တွဲဖက်ကာ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် ရေအားလျှပ်စစ်စီမံကိန်းများဖြင့် နိုင်ငံတစ်ဝန်း ရေအားလျှပ်စစ် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် အကုန်အကျသက်သာစွာဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်သည်မှာ ရေအားဖြင့် လျှပ်စစ်ဓာတ် ဖြန့်ဖြူးခြင်း ဖြစ်သည်။ ရေသယံဇာတပေါများသည့် မြန်မာနိုင်ငံတွင် ရေအားဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းကို ၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ရေအားလျှပ်စစ်စက်ရုံပေါင်း ၂၆ ရုံကို တည်ဆောက်၍ ရေအားလျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ယင်းကဲ့သို့ ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးရန်ဆောင်ရွက်ရာတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ တောင်ဘက် နှစ်မိုင်ခွဲခန့်တွင် တည်ဆောက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။



**ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ပါဝင်သည့် အိုဂီပုံစံ သံကူကွန်ကရစ် အမျိုးအစား ရေပိုလွှဲတည်ဆောက်ထားမှုကို တွေ့ရစဉ်။**
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

## ၂၅ မဂ္ဂါဝပ်ထုတ်မည်

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ရဲနွယ်ချောင်းပေါ်တွင် အလျားပေ ၁၀၅၀၊ အမြင့် ၂၅၁ ပေနှင့် ရေပမာဏ ဧကပေ ၁၂၁၂၆၀၀ သိုလှောင်နိုင်မည်ဖြစ်ပြီး မြေသားရေလှောင်တမံတည်ဆောက်ပြီး လယ်မြေဧက ၁၁၈၅၀၀ခန့် သီးနှံဧရိယာဧက ၂၃၇၀၀၀ခန့်ကို ရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ်ထုတ်လုပ်သွားရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်သည်။

## တိုးလျှိုပေါက်ဖောက်လုပ်

ရဲနွယ်ရေလှောင်တမံစီမံကိန်းအရ ရေလှောင်တမံကို တောတောင်ထူထပ်သောဒေသတွင် တည်ဆောက် အကောင်အထည် ဖော်နေခြင်းဖြစ်ပြီး ရေဆင်းဧရိယာမှာ စတုရန်းမိုင် ၃၀၆ မိုင်ရှိ၍ ရေလွှဲခြင်းလုပ်ငန်းကို ရေလွှဲဥမင်ဖြင့် ရေလွှဲရန် တည်ဆောက်ခဲ့သည်။ ရေလွှဲဥမင် တည်ဆောက်ခြင်းကို ၂၀၀၁ခု ဒီဇင်ဘာလ ၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ရေလွှဲဥမင်၏ အလျားမှာ ပေပေါင်း ၁၆၃၄ ပေရှည်၍ ရေလွှဲဥမင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ၇-၁၂-၂၀၀၁ရက်တွင် စတင်ပြီး ၂၄-၁၁-၂၀၀၂ ခုနှစ်တွင် တိုးလျှိုပေါက် ဖောက်လုပ်ခဲ့သည်။

ရဲနွယ်ရေလွှဲဥမင်မှာ မြင်းခွာပုံစံ သံကူကွန်ကရစ်ဖြစ်ပြီး အရွယ်အစားမှာ ၁၃ ဒသမ ၁၂ ပေ(လေးမီတာ)ရှိ၍ လုံးဝတောက်လျှောက်ပေါက်သွားသော လိုဏ်ဥမင်ကို ဘေးနံရံအောက်ခြေတို့တွင် ဘိလပ်မြေသရိုးကိုင်ကြပြီး ရဲနွယ်ချောင်းမှ ရေများကို တည်ဆောက်ပြီးစီးသွားသော ရေလွှဲဥမင်မှာ ရေများလွှဲပြီး ဇုန်တိုက်ကျောက်ရော မြေသားတမံကို တည်ဆောက်လျက်ရှိသည်။

## ရေပိုလွှဲမှထုတ်ပေးမည်

တမံတည်ဆောက်ပြီးစီးပါက ကန်ရေသေ ရေလှောင်ပမာဏသည် ဧကပေ ၂၃၉၃၂၀ ရှိမည်ဖြစ်ပြီး ကန်ရေပြည့် ရေပြင်ကျယ်သည် ဧရိယာဧက ၂၂၅၀၀၀ရှိမည် ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံ၏ ကန်ရေပြည့် ရေလှောင်ပမာဏဧက ပေ ၁၂၁၂၆၀၀ ထက်ကျော်လာခဲ့လျှင် **Ogee** ပုံစံ သံကူကွန်ကရစ်အမျိုးအစား ရေပိုလွှဲကို အကျယ်ပေ ၁၀၀၊အလျားပေ ၆၆၈ ပေရှိသော ရေပိုလွှဲမှ လွှဲထုတ်ပေးမည်ဖြစ်သည်။ ရေပိုလွှဲ ဒီဇိုင်းရေထုစီးနှုန်းသည် တစ်စက္ကန့်လျှင် ကုဗပေ ၈၀၀၀နှုန်းဖြင့် လွှဲထုတ်ပေးနိုင်ရန် ဆောင်ရွက်ထားသည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းအရ တပ်ဆင်မည့် ရေအားလျှပ်စစ်သည် ၁၂ ဒသမ ၅ မဂ္ဂါဝပ် × နှစ်လုံး၊ ၂၅မဂ္ဂါဝပ်ရှိမည်ဖြစ်ပြီး နှစ်စဉ်ထုတ်လုပ်မည့် ဓာတ်အား ၁၂၅ ကီလိုဝပ် နာရီသန်းပေါင်း ဖြန့်ဖြူးထုတ်လုပ်မည်ဟုသိရသည်။

# မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ထားဝယ်မြို့ ဘုမ္မော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ အမှတ်(၁၅)၏ ဓမ္မရိပ်သာတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် နာယက ဆရာတော်များဖြစ်ကြသော ဦးဓမ္မောသဓနှင့် ဦးဇောတိကတို့သည် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ခုနစ်ရက်တိုင်တိုင် ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်နှင့် ပဋိစ္စသမုပ္ပာဒ်တရားတော်မြတ်ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူများ နိုဝင်ဘာ၂၉ ရက်နောက်ဆုံးထား၍ မိုးကုတ်ရိပ်သာဓမ္မာရုံ၏ ရုံးခန်း ဖုန်း-၀၅၉-၂၂၂၇၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)



**ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၆/၂၀၀၄)သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၅ရက်က သာကေတမြို့နယ်ခန်းမတွင်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက အဖွင့်အမှာစကားပြောကြားစဉ်။** (၄၀၀)

# ပွင့်ဖြူမြို့ မိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

မကွေးတိုင်း ပွင့်ဖြူမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၉၉)၏ ခုနစ်ရက်တရားစခန်းပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည် ဖြစ်သည်။

တရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc, Phy.)က ကျေးဇူးရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# အိမ်မဲအထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

အိမ်မဲအထကကျောင်းသားဟောင်းများ၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ၂၆ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင် အိမ်မဲအထက ရွှေညီလာခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

## နှိုးဆော်

အသက်(၆၀)ပြည့်ပြီးသောဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ ပင့်ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ခံနိုင်ရန် ပန်ကြားနှိုးဆော်ထားသည်။

အဆိုပါမြတ်ဆရာပူဇော်ပွဲနှင့်အတူ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၇ရက်(တနင်္လာနေ့)နံနက်၈နာရီတွင် အိမ်မဲအထကကျောင်းရှေ့ မြက်ခင်းပြင်တွင် ကျင်းပမည့်ရွှေရတုသဘင်အခမ်းအနားကို ပျော်ပွဲရွှင်ပွဲများနှင့်အတူ ရွှေရတုအထိမ်းအမှတ်အလှူဒါနပြုခြင်း၊ ရွှေရတုမော်ကွန်းကျောက်စာတိုင် စိုက်ထူခြင်း၊ ရွှေရတုသောက်ရေစည်ကြီးဆောက်လုပ်လှူဒါန်းလွှဲအပ်ခြင်း၊ ကျောင်းဆိုင်းဘုတ်ဖွင့်လှစ်ခြင်းများကို ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူတိုင်း မပျက်မကွက် ပါဝင်ဆင်နွှဲကြရန်နှင့် အလှူငွေ များကိုပါဝင်လှူဒါန်းကြရန် ကျင်းပရေးကော်မတီက ဖိတ်ကြားနှိုးဆော်ထားသည်။

## လိုက်ပါနိုင်

(၁၅)ကြိမ်မြောက် ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် အိမ်မဲအထက နှစ်(၅၀)ပြည့်ရွှေရတုသဘင်ပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများသည် ရန်ကုန်မြို့ သခင်မြပန်းခြံ ဝက်စတင်းပတ်ရှေ့မှ ဒီဇင်ဘာ၂၅ရက် နံနက် ၇နာရီတွင် အိမ်မဲမြို့သို့ထွက်ခွာမည့် မှန်လုံယာဉ်ဖြင့် လိုက်ပါနိုင်ကြကြောင်းသိရသည်။ (က-ပ)

## ရေတံခါးတပ်ဆင်မည်

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင်ပါဝင်သော ရေအားလျှပ်စစ်စီမံကိန်းတွင် သံကူကွန်ကရစ်အမျိုးအစား အကျယ်ပေ ၅၀ X အမြင့် ၁၃၅ပေရှိသော ရေယူအဆောက်အအုံဖြင့် ရေအားလျှပ်စစ်ဖြန့်ဖြူးပေးမည်ဖြစ်ပြီး မြေအောက် ဒေါင်လိုက် ဥမင်လိုဏ် ရေတံခါးမှာ အချင်း ၂၇ ပေ၊ အထူ ၂ဒသမ ပေ ၃၀ ရှိသော ရေတံခါးတပ်ဆင်မည် ဖြစ်သည်။

ရေအားလျှပ်စစ်ထုတ်ရန်အတွက် ရေယူဥမင်လိုဏ်ဖြင့် ရေယူမည်ဖြစ်ရာ မြင်းခွာပုံသဏ္ဌာန် သံမဏိပိုက် တပ်ဆင်မည်ဖြစ်ပြီး အချင်း၁၈ပေ၊ အရှည် ၉၂၅ ပေ၊ အထူနှစ်ပေရှိမည် ဖြစ်သည်။ ဖိအားမြှင့်သံမဏိပိုက်လိုင်းမှာ အချင်း ၁၈ ပေ X အရှည် ၅၀၈ ပေရှိမည်ဖြစ်၍ ဓာတ်အားပေးစက်ရုံကို ၁၂၈ပေ × ၈၂ပေ × ၈၅ပေ အကျယ်အဝန်းရှိသော အဆောက်အအုံကို တည်ဆောက်မည်ဖြစ်သည်။

## လက်တံမြောင်း ၁၀၀ တူးမည်

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းအရ ဆည်ရေပေးနိုင်မည့် ဧရိယာဧကသည် ၁၁၈၅၀၀ ဧကဖြစ်သည့် အလျောက်၊ အလျား ၇ ဒသမ ၁၁မိုင်ရှည်သော တူးမြောင်းမကြီးနှစ်ခုမှ ရေဖြန့်ဖြူးမည်ဖြစ်ပြီး လက်တံမြောင်း ၁၀၀ဖြင့် တောင်သူတို့၏ လယ်ကွင်းများအရောက် တူးပေးမည် ဖြစ်သည်။

## တစ်ပြေးညီပြီးရေး

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ရေလွှဲဥမင်လိုဏ်ကို နိုင်ငံခြားသား ပညာရှင်၊ နိုင်ငံခြားအကူအညီ မပါဝင်ဘဲ မြို့ပြဝန်ထမ်း၊ စက်မှုဝန်ထမ်း၊ လွန်တူးမိုင်းခွဲဝန်ထမ်း၊ ဘူမိဗေဒဝန်ထမ်း၊ အရည်အသွေးထိန်းဝန်ထမ်းများနှင့် ကျွမ်းကျင်လုပ်သား၊ သာမန်လုပ်သားများဖြင့် မြန်မာအင်ဂျင်နီယာများ ကိုယ်တိုင် မြန်မာ့ဟန်၊ မြန်မာတို့ လက်ဝယ်ရှိသော စက်ကိရိယာ တန်ဆာပလာများ အသုံးပြုပြီး ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ ဆည်မြောင်းဦးစီးဌာနနှင့် ရေအားလျှပ်စစ်ဦးစီးဌာနတို့ ပူးတွဲ၍ ဆည်ရေလှောင်ခြင်းလုပ်ငန်းနှင့် လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီပြီးစီးရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

# ရွှေဘိုမြို့ အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေဘိုမြို့ အထက(၁)ကျောင်းသူ ကျောင်းသားဟောင်းများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို (၁၈)ကြိမ်မြောက်အဖြစ် အထက(၁) ကျောင်းခန်းမတွင် နိုဝင်ဘာ၂၇ရက်(စနေနေ့)နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆရာကြီး ဆရာမကြီးများအား ပူဇော်လိုသူများအနေဖြင့် ကျောင်းသူ ကျောင်းသားဟောင်းကြီးများမှတစ်ဆင့် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

ရွှေဘိုမြို့မှ လှူဒါန်းလိုသူများသည် ဆရာမ ဒေါ်သန်းမြင့်ကြည်၊ ဒေါက်တာကျော်လေး ဖုန်း-၀၇၅-၂၁၃၄၇နှင့် ဦးချစ်ကို ဖုန်း-၀၇၅-၂၁၁၀၂ တို့မှတစ်ဆင့် လည်းကောင်း၊ မန္တလေးမြို့မှ လှူဒါန်းလိုသူများသည် ဒေါက်တာအုန်းသွင် ဖုန်း-၀၂-၂၆၅၉၆၊ ဒေါက်တာငွေးကြွယ် ဖုန်း-၀၉-၆၉၇၁၂၈၈၊ ဦးထွန်းထွန်းဦးနှင့် ဦးမျိုးဝင်းတို့မှတစ်ဆင့် လည်းကောင်း လှူဒါန်းနိုင်ကြသည်။

ရန်ကုန်မြို့မှ လှူဒါန်းလိုသူများအနေဖြင့် ရုပ်ရှင်ဒါရိုက်တာကြည်စိုးထွန်း ဖုန်း-၀၁-၅၈၄၆၁၃၁၊ ၀၉-၈၀၃၃၉၄၀၊ ဦးခင်မောင်တင့် ဖုန်း-၀၁-၅၀၀၆၈၀၊ ၀၉-၈၀၃၀၇၂၁ နှင့် ဒေါက်တာကျော်ငွေး ဖုန်း-၀၉-၈၀၃၁၃၆၀ တို့မှတစ်ဆင့် လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)


**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၁၃၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



## မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲဖွင့်

## တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အားပေး

ရန်ကုန် နိုဝင်ဘာ ၁၆

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၈နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းနှင့် လယ်ယာရှေ့မြေလမ်းထောင့်ရှိ အဆိုပါဘဏ်ခွဲအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။**

### ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဆန်းထွန်းနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်တို့က မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### ရွှေမိုး ငွေမိုး ရွာသွန်းဖြိုး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က မြန်မာ့စီးပွားရေးဘဏ်၊ တာမွေဘဏ်ခွဲ ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် မင်္ဂလာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့နှင့် အဖွဲ့သည် မြန်မာ့စီးပွားရေးဘဏ်၊ တာမွေဘဏ်ရုံးအဆောက်အအုံသစ်အတွင်း ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲ ကောင်တာများနှင့် ငွေတိုက်အတွင်း ဘဏ်လုပ်ငန်း များလုပ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

### အမှာစကားပြောကြား

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် တာမွေဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ဘဏ်လုပ်ငန်းသည်မရှိမဖြစ်သော ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ အောင်မြင်စေရန် နိုင်ငံတော်အစိုးရက မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက် အအုံများ တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချော မွေ့စွာ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်း အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမူဝါဒကိုချမှတ် ကျင့်သုံးပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်မှု အရည်အသွေး ထက်မြက်လာစေရေး၊ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် တိုးတက် ထွန်းကားလာစေရေး၊ ကုန်ပစ္စည်းပိုမိုထုတ်လုပ်ပြီး ပြည်ပသို့ တိုးတက်တင်ပို့ ရောင်းချရေး၊ ပြည်သူများအတွက် အလုပ်အကိုင်သစ်များ ပိုမိုပေါ်ထွန်းရေး၊ နိုင်ငံတော် ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အစိုးရ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် ငွေရေး ကြေးရေး ကဏ္ဍအတွက် နိုင်ငံတော်ကိုယ်စား ငွေရေး ကြေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော မြန်မာ့စီးပွားရေးဘဏ်သည် အရေးပါသည့် အခန်းကဏ္ဍ တွင် ပါဝင်နေကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ အရေးပါသည့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးနေသော ဌာန တစ်ခုဖြစ်သဖြင့် ဘဏ်ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန် များ၏ အရေးပါမှုကို သိရှိနားလည် တန်ဖိုးထားကြပြီး မိမိတို့ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမှုအပေါ် ဖြစ်ပေါ်လာမည့် အကျိုးဆက်ရလဒ်ကောင်းများကိုလည်း မြင့်တင်ဂုဏ်ယူ တတ်သည့်စိတ်ဆန္ဒဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်၏လုပ်ငန်းလမ်းညွှန် အဖြစ် ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို စွမ်းအားပြည့်ဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါ အဆောက်အအုံမှာ အလျား ပေ၉၀၊ အနံ ပေ၆၀ရှိ သံကူ ကွန်ကရစ်နှစ်ထပ်နှင့် အလျား ပေ၆၀၊ အနံ ပေ ၃၀ရှိ သံကူကွန်ကရစ် တစ်ထပ် စုစုပေါင်း အဆောက်အအုံနှစ်ခုဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြသိန်းတန် ပရိယတ္တိစာသင်ကျောင်းတိုက် (၃၆)ကြိမ်မြောက် မဟာဘုံကထိန်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

အမှတ်(၉၄) အနော်ရထာလမ်း ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိ စာသင်ကျောင်းတိုက်ရှိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရအား အမှူး ထား၍ နိုဝင်ဘာ ၁၄ ရက်က စာချ စာသင် ပင့်သံဃာ ၁၀၁ပါးတို့အား မဟာဘုံကထိန်၊ ဥတ်သင်္ကန်း၊ အရန် သင်္ကန်းနှင့်တကွ အခြားလှူဖွယ်ပစ္စည်း အစုစုကို ဆက်ကပ် လှူဒါန်းပူဇော်ရာ**(အပေါ်ပုံ)** ပုဇွန်တောင်ဈေးစီရုံနှင့် အုန်း၊ငှက်ပျောအဆင့်မြင့်တန်းမိသားစု ပုဇွန်တောင် ဈေးသူ ဈေးသားများက (၃၆)ကြိမ်မြောက် မြသိန်းတန်ပရိယတ္တိ စာသင်ကျောင်းတိုက် မဟာဘုံကထိန် တွင် သံဃာလှူငွေ ကျပ် ၈၈၃၀၀၀ နှင့် ကျွေးမွေးဧည့်ခံ အလှူငွေကျပ် ၂၆၀၀၀၀ စုစုပေါင်း ကျပ် ၁၁၄၃၀၀၀ ကိုလှူဒါန်းပြီး (၃၆)ကြိမ်မြောက် မဟာ ဘုံကထိန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တောင်ကြီး ပရိယတ္တိစာသင်တိုက် ဘုံကထိန်

ရန်ကုန် နိုဝင်ဘာ ၁၆

**ဗဟန်းမြို့နယ် တောင်ကြီး ပရိယတ္တိစာသင်တိုက်(၄၁)ကြိမ်မြောက် ဘုံကထိန်လျာဥတ်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက်ရှိ အဆိုပါတောင်ကြီးပရိယတ္တိစာသင် တိုက်၌ ကျင်းပသည်။**

အခမ်းအနားတွင် ဧည့်ပရိသတ်တို့က တောင်ကြီးပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ သာသနာ့ဓမ္မာစရိယဘဒ္ဒန္တ ကလျာဏဓမ္မထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ တွဲဖက် အတွင်း ရေးမှူး ဦးအောင်စိုးက တောင်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမ အရှင်သူမြတ် ထံ ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၏ ဇနီး ဒေါ်ခင် ညွန့်မြိုင်၊ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်၏ ဇနီး ဒေါ်အေးအေးသွင်၊ ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးနှင့် ဇနီး၊ ဌာနမှူးများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

**(သတင်းစဉ်)**

## နဝင်းကျောင်းတိုက် မဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲ မြို့သစ် ပေါင်းငူဉာဏရပ်ကွက် ရွှေနံ့ သာအုပ်စု နဝင်းကျောင်းတိုက်ကြီး၌ ဆရာတော်အရှင်ခေမာစာရအား အမှူး ပြု၍ (၇)ကြိမ်မြောက် မဟာဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင် မုန်းလပြည့် နိုဝင်ဘာ၂၆ရက် (သောကြာ နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြီး ယင်းနေ့နံနက် ၉နာရီတွင် စုပေါင်း ရေစက်ချ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

## ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၁၆

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပ သော ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါကာကွယ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားပြီး ပထမပိုင်းဖွင့်ပွဲအခမ်း အနားကို ရုပ်သိမ်းလိုက်သည်။**

### အမှာစကားပြောကြား

ယင်းနောက် ဒုတိယပိုင်း အစီအစဉ်အဖြစ် ကမ္ဘာ့ဆီးချို၊ သွေးချို ရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကိုဆက်လက်ကျင်းပရာကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက သဘာပတိ အဖြစ်ဆောင်ရွက်ပြီးအဖွင့်အမှာစကားပြောကြားသည်။

### ဟောပြော

ယင်းနောက် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ် ထိန်းသိမ်းရေးနေ့အကြောင်းကို ဆေးတက္ကသိုလ်(၂)မှတွဲဖက် ပါမောက္ခ အထူးကုဆရာဝန်ကြီး(ဆေးပညာ) ဆီးချို၊ သွေးချိုရောဂါ စီမံချက်မန်နေဂျာ ဒေါက်တာတင့်ဆွေ လတ်က လည်းကောင်း၊ ဆီးချို၊ သွေးချိုရောဂါအကြောင်း သိကောင်းစရာများ အကြောင်းကို ဆေးတက္ကသိုလ်(၂)မှ တွဲဖက်ပါမောက္ခ အထူးကုဆရာဝန်ကြီး (ဆေးပညာ) ဒေါက်တာ ဝင်းဝင်းမြင့်က လည်းကောင်း ဟောပြော ကြသည်။

### အခမဲ့စစ်ဆေးပေး

ထို့နောက် အဝလွန်ကဲခြင်းအား တိုင်းထွာစစ်ဆေးခြင်း အကြောင်းကို အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ လှကြည်က လည်းကောင်း၊ အဝလွန်ခြင်းအား ကာကွယ် ကုသခြင်းအကြောင်းကို ဆေးသုတေသနဦးစီးဌာန (အောက် မြန်မာပြည်) အာဟာရဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ် ဖြူဖြူအောင်ကလည်းကောင်းဟောပြောကြသည်။ယင်းနောက် ဆီးချို၊ သွေးချိုရောဂါ သွေးဖောက်စစ်ဆေးခြင်းကို အခမဲ့ စစ်ဆေးပေးခြင်း၊ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး အလေးမ ပြိုင်ပွဲနှင့် ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲကို ဒီဇင်ဘာ ၈ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံတွင် ကျင်းပမည်ဖြစ်သည်။

### သတင်းပို့

ပြည်နယ်နှင့်တိုင်း ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများသည် ပြိုင်ပွဲဝင်ပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ နိုဝင်ဘာ၂၅ရက်ညနေ၄နာရီခွဲ နောက်ဆုံးထား၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီး စန်းမြင့်(ငြိမ်း) လက်ထောက်ညွှန်ကြားရေးမှူး အောင်ဆန်းအားကစားကွင်းသို့ စာရင်းသွင်း သတင်းပို့ရမည် ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် (ဦးဘချစ်)-ဒေါ်ခင်မေမြင့်၊ ကိုဇော်ဝင်း မိသားစု အမှတ် ၆/၆၈သံသုမာလမ်း င/က ရပ်ကွက် သဃ်န်းကျွန်းက အလှူငွေကျပ် တစ်သိန်းကို အဖွဲ့ဝင် ဦးအုန်းညွှန့်လှိုင်သို့ လှူဒါန်းစဉ်။** (က-ပ)

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကုန်းရိပ်သာ အမှတ်(၁၈၁)နေ ဦးဇော်ဝင်းခိုင်၊ ဒေါ်သန္တာ၊ သား မောင်သူထက်၊ မောင်ဟန်ဇော်မိသားစုတို့က သုံးထပ် ဘိုးဘွားရိပ်သာ ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)






မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲစတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၁၆

**Myanmar PGAနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။**

MYANMAR
GOLF TOUR

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းကစားအပြီး၌ Professional Golfersပြိုင်ပွဲတွင် အောင်ဝင်း(Y.C.D.C)က(၇၁+၇၄)ပေါင်း(၁၄၅)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မြင့်သောင်း(KM Golf Centre)က (၇၅+၇၃)ပေါင်း(၁၄၈)ချက်ဖြင့် ဒုတိယလိုက်ပြီး မင်းနိုင်(Srixon)က(၇၄+၇၆)နှင့် အေးလွင် (Wilson)က (၇၂+၇၈)ပေါင်းအချက်(၁၅၀)စီဖြင့် တတိယလိုက်နေသည်။

**ဦးဆောင်ကစား**

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ယဉ်အောင်လတ်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ပြီး (၇၆+၆၉)ပေါင်း (၁၄၅)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့်က (၇၅+၇၅)ပေါင်း အချက်(၁၅၀)ဖြင့်ဒုတိယလိုက်ပြီး ဌေးအောင်ဌေးက (၇၆+၇၅)ပေါင်း (၁၅၁) ချက်ဖြင့် တတိယလိုက်နေသည်။

ပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte.,Ltd. ဖြစ်ပြီး၊ Title Sponsor အဖြစ် Kanbawza Bank Ltd. ကဖြစ်ကာ Co-Sponsors များ ဖြစ်ကြသော Air Mandalay၊ Tiger Beer၊ Eden Group Co.,Ltd.၊ Alpine Purified Drinking Water၊ K.M Golf Centre၊ Maruman၊ Tour Stage၊ Wilson၊ Srixon၊ Grandslam (Musing Wear)၊ Accel International Co.,Ltd. (Canon)၊ Sun Far Travels and Tours(Hole-in-One)၊ Aye Tharyar Golf Resortတို့ကလည်း အသီးသီး ထပ်မံ၍ ပံ့ပိုးကူညီပေးကြသည်။

**တာဝန်ယူဆောင်ရွက်**

Kanbawza Open Golf Championshipဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

အထက(၁)တာမွေ (၁၉၇၂-၇၃) ဝန်းကျင် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၁၈ရက် နံနက်၁၁နာရီတွင် အထက(၁)တာမွေ ပင်လုံခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဒေါက်တာ သန်းသန်းစိုး ဖုန်း-၇၂၄၅၉၀၊ ဒေါ်အေးအေးသန်း ဖုန်း-၅၄၂၂၃၈၊ ၅၄၂၂၅၄၊ ဒေါ်ခင်အေးမြင့် ဖုန်း- ၂၅၄၁၀၈၊ ဒေါ်နီနီမြင့် ဖုန်း-၅၄၂၄၀၁ နှင့် ဒေါ်ကျင်ကျင်စန်း ဖုန်း-၅၄၅၈၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

(၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲ
The 6th Asian Wushu Championships



November 20th - 28th, 2004
National Indoor Stadium (1)
Thuwunna, Yangon
၂၀-၁၁-၂၀၀၄ မှ ၂၈-၁၁-၂၀၀၄
အမျိုးသားအားကစားပြိုင်ကွင်း(၁)၊ သုဝဏ္ဏ
ရန်ကုန်။

# ကမ္ဘာတစ်လွှား အားကစား

## အေစီမီလန်နှင့် ဂျူဗင်းတပ်နိုင်ပွဲရ လာဇီယိုကဘိုလော့နာကို ပွတ်ကာသီကာနိုင်

**ရောမ နိုဝင်ဘာ ၁၆**

စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၁၄ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဂျူဗင်းတပ်တို့ အဝေးကွင်း၌ လက်ချီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး၊ အေစီမီလန်၊ လာဇီယိုတို့လည်း နိုင်ပွဲများရရှိကာ အင်တာမီလန်က ကက်ဂလီယာရီနှင့် သုံးဂိုးစီ သရေပွဲကျခဲ့သည်။

**အေစီမီလန်-ဆီနာ**

အိမ်ကွင်း ဆန်စီရို၌ ချန်ပီယံ အေစီမီလန်တို့ နိုင်ပွဲဆက်ခဲ့ပြီဖြစ်သည်။ အေစီမီလန်၏ခြေစွမ်း တဖြည်းဖြည်းတိုးတက်လာပြီ ဖြစ်ရာ တိုက်စစ်မှူးများဖြစ်သည့် ရှက်ဗ်ချင်ကို၊ ဆီးဒေါ့ဖ်၊ တိုမာဆင်နှင့် ပီယာလိုတို့ကလည်း ခြေစွမ်းပြဂိုးသွင်းနိုင်ပြီ ဖြစ်ရာ ယနေ့ပွဲတွင် ပွဲချိန် ၂၆ မိနစ်နှင့် ၃၇ မိနစ်တွင် ရှက်ဗ်ချင်ကိုက အေစီမီလန်အတွက် နှစ်ဂိုးစလုံးသွင်းယူပေးနိုင်ခဲ့သည်။ ဆီနာအတွက် ချေပဂိုးကို ၃၂ မိနစ်တွင် အာဂီလီက သွင်းယူပေးခဲ့သဖြင့် အေစီမီလန်တို့ အိမ်ကွင်း၌ ဆီနာကို နှစ်ဂိုး- တစ်ဂိုးဖြင့်နိုင်ပြီး တန်းစီဇယား၌ ဒုတိယနေရာတွင်ဆက်လက်တည်ရှိနေသည်။

**လက်ချီနှင့် ဂျူဗင်းတပ်**

ယခုနှစ် စီးရီးအေတွင် ချန်ပီယံဆုကို ချိန်နေသော ဂျူဗင်းတပ်တို့ လက်ချီကွင်း၌ အနိုင်ကစားနိုင်ခဲ့သည်။ ရှေ့နောက် အလယ် ကစားအားကောင်းသော ဂျူဗင်းတပ်ကို အိမ်ကွင်းခြေမသော လက်ချီတို့ တစ်ဂိုးတည်းနှင့် ကပ်ရှုံးခဲ့ရသည်။ ဂျူဗင်းတပ်အတွက် ပွဲချိန် ၁၄ မိနစ်တွင် တိုက်စစ်မှူး ဒဲလ်ပီယာရိုက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သော်လည်း မိနစ် ၄၀ တွင် ပက်ဆိုတို၊ ၆၆ မိနစ်တွင် သူရမ်နှင့် ၈၅ မိနစ်တွင် အီဂေါ်တူဒေါ်တို့ အဝါကတ်ထိခဲ့သည်။ လက်ချီမှ ဒီရာမော်တီနီ၊ လီဒက်မာနှင့် စီဆီနာဒိုတို့လည်း အဝါကတ်ထိခဲ့ရာ စီးရီးအေ၌ အဝါကတ်စံချိန်တင်သည့်ပွဲဖြစ်ခဲ့သည်။

**ကက်ဂလီယာရီနှင့် အင်တာမီလန်**

အဝေးကွင်းနိုင်ပွဲ ဝေးနေသည့် အင်တာမီလန်တို့ ကက်ဂလီယာရီနှင့် သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ရပြန်သည်။ အင်တာမီလန်တို့ ယခုပွဲ သရေကျခဲ့ရာ အဝေးကွင်း၌ ခုနစ်ပွဲကစားခဲ့ရာတွင် ခြောက်ပွဲမြောက် သရေပွဲဖြစ်သည်။ ကက်ဂလီယာရီမှ ဇိုလာက ပွဲချိန် ခြောက်မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်မှ တစ်ဂိုး၊ ၃၃ မိနစ်တွင် လန်ဂယ်လာက တစ်ဂိုး၊ မိနစ် ၆၀တွင် အီစပိုဆီတိုက တစ်ဂိုး သွင်းယူခဲ့ပြီး အင်တာမီလန်အတွက် ၃၅ မိနစ်တွင် စတန်ကိုဗစ်က တစ်ဂိုး နှင့် ၇၅မိနစ်နှင့် ၈၉မိနစ်တွင် မာတင်စ်က နှစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ အင်တာမီလန်တို့ ယခုပွဲ သရေကျပြန်သဖြင့် ၁၂ပွဲကစား နှစ်ပွဲနိုင်၊ ၁၀ပွဲ သရေဖြင့် ၁၆မှတ်ရကာ အဆင့်(၇)၌ ရှိနေသည်။

**လာဇီယိုနှင့်ဘိုလော့နာ**

လာဇီယိုတို့ အိမ်ကွင်း၌ လေးပွဲမြောက်နိုင်ပွဲရခြင်းပင်ဖြစ်သည်။ လာဇီယိုတို့ အိမ်ကွင်းအဝေးကွင်းခြေစွမ်းတက်မလာဘဲရှိရာ မိမိကွင်း အိုလံပီကို၌ပင် ဘိုလော့နာကို နိုင်ပွဲရအောင် အသည်းအသန် ကြိုးစားကစားခဲ့ရသည်။ လာဇီယိုအတွက် ပွဲချိန် ငါးမိနစ်တွင် ရိုချီက တစ်ဂိုးနှင့် ၈၄ မိနစ်တွင် ဒီကာနီရိုက ပယ်နယ်တီပြစ်ဒဏ်မှတစ်ဆင့် ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဘိုလော့နာအတွက် ၅၂ မိနစ်တွင် အီဂလီတာရီက တစ်ဂိုးသွင်းယူခဲ့သည်။ ယနေ့ပွဲတွင် လာဇီယိုမှ ဒါဘိုနှင့် ဒီကာနီရိုတို့ အနီကတ်ပြ အထုတ်ခံရသလို ဘိုလော့နာမှ အီဂလီတာရီလည်း အနီကတ်ပြ အထုတ်ခံခဲ့ရသည်။

**အခြားပွဲများ**

| | | |
|---|---|---|
| **အတ္တလန္တာ** | **၀-၀** | **ဘရက်ရှား** |
| **ဖီအိုရင်တီးနား** | **၁-၀** | **လီဗော်နို** |
| **ပါလာမို** | **၂-၀** | **ဆမ်ဒိုးရီးယား** |
| **ပါးမား** | **၂-၂** | **ချီယေးဗို** |
| **ရက်ဂျီးနား** | **၁-၀** | **ရိုးမား** |
| **အူဒီးနီးစ်** | **၁-၁** | **မက်ဆီနာ** |

**(အင်တာနက်)**



စီးရီးအေပွဲစဉ်(၁၂)အဖြစ် အေစီမီလန်နှင့် ဆီနာတို့ပွဲစဉ်တွင် အေစီမီလန်မှ ကာကာ(ယာ) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အိုင်ဘီအက်ဖ်နှင့်ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲများကျင်းပ

**နယူးယောက် နိုဝင်ဘာ ၁၆**

အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံပြိုင်ပွဲနှင့် ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံပြိုင်ပွဲများကို နယူးယောက်မြို့ မက်ဒီဆွန်ဥယျာဉ်ရင်ပြင်၌ စနေနေ့ကကျင်းပခဲ့ကြောင်း ရိုက်တာက အင်တာနက်မှတစ်ဆင့် သတင်းထုတ်လွှင့်ခဲ့သည်။

အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံပြိုင်ပွဲတွင် နယူးယောက်မြို့ ပို့စ်ဂျက်ဖ်ဖာဆွန်မှ ဂျမီးလ်မက်ကလိုင်းကို မီချီဂန်မှ ခရစ္စဘတ်ဒ်က အနိုင်ရရှိသွားခဲ့သည်။

ခရစ္စဘတ်ဒ်က ဂျမီးလ်မက်ကလိုင်းအားကြိုးဝိုင်းထောင့်ထဲတွင်ညှပ်ပိတ်ပြီး ၅၆ချက်ထိထိမိမိထိုးသတ်ခဲ့သည်။ ၎င်းသည် ၁၂ချီအထိတိုင်အောင် အကွဲအလဲထိုးကာ အနိုင်ယူသွားခဲ့သည်။ ဘတ်ဒ်သည် ပထမဆုံးအကြိမ် အိုင်ဘီအက်ဖ်ချန်ပီယံကိုလုရန် ကြိုးစားလာသည့် မက်ကလိုင်းအား အနိုင်ယူခဲ့ပြီး သူ၏အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်ချန်ပီယံ သရဖူကို ကာကွယ်လိုက်သည်။



အိုင်ဘီအက်ဖ် ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲတွင် ဂျမီးလ်မက်ကလိုင်း (ဝဲ)နှင့် ခရစ္စဘတ်ဒ်တို့ အကြိတ်အနယ် ထိုးသတ်ကြစဉ်။ (ဓာတ်ပုံ-ရိုက်တာ)

**ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံ**

ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံပြိုင်ပွဲတွင် မက်ဆက်ချူးဆက်မက်သရူးမှ ဂျွန်ရုဇ်နှင့် ပိုလန်မှ အင်ဒရူးဂိုလိုတာတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ ဂျွန်ရုဇ်သည် နှစ်ကြိမ်အလဲထိုးခံခဲ့ရသော်လည်း ၎င်း၏သရဖူကို ကာကွယ်နိုင်ခဲ့သည်။

**(အင်တာနက်)**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် နှစ်(၄၀)ပြည့် အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ၂၀-၁၀-၂၀၀၄ ရက်နေ့ နံနက်က ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်၌ ကျင်းပခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့၌ သိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စစ်ကိုင်းမြို့ ဇမြဝတီရပ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၈ ခုနှစ် ဩဂုတ်လတွင် စစ်ကိုင်းမြို့မှ ၂၂ မိုင်ကွာဝေးသည့် ဓမ္မဝတီမြို့ဟောင်း ရွာသစ်ကြီးကျေးရွာသို့ ပြောင်းရွှေ့ခဲ့သည်။ ကျောင်းပရိဝုဏ်မှာ ၂၂၉၃ သမ ၁၃ ဧက ကျယ်ဝန်းသည်။ စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားဖိုဆောင်များ၊ ရုံးအဆောက်အအုံများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုအဆောက်အအုံများ၊ စာကြည့်တိုက်၊ ပြတိုက်နှင့် တိုင်းရင်းသားဘာသာဌာန အဆောက်အအုံများဖြင့် ဧရာဝတီမြစ်ကို မေးတင်ပြီး ဆောက်လုပ်ထားသည်မှာ ပန်းရလှသည်။ သင်တန်းသားများ လက်တွေ့လေ့ကျင့်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအတွက် အထူးသင့်လျော်ပြီး အားကစားကွင်းများလည်း အလုံအလောက် ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံတွင် အထူးမူလတန်းဆရာအတတ်သင်တန်းကိုပါ နယ်စပ်ဒေသမှ တိုင်းရင်းသားလူမျိုးများ ပညာရည်မြင့်မားရေးအစီအစဉ်တစ်ရပ်အဖြစ် ၂၅-၆-၁၉၉၀ ရက်နေ့က စတင်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သင်တန်းအမှတ်စဉ်(၃၅)မှ သင်တန်းသား သင်တန်းသူများက ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ တွေ့ဆုံဂါရဝပြုပြီး သြဝါဒခံယူစဉ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကားမြွက်ကြားရာ၌-

**"တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်သို့ မြှင့်တင် တည်ထောင်ခဲ့သည်မှာ ယခုဆိုလျှင် ၁၀နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း။**

**"မောင်တို့မယ်တို့သည် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ နယ်စပ်ဒေသများမှ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာသင်ယူလေ့လာဆည်းပူးခဲ့ကြကြောင်း၊ ယခုသင်တန်းပြီးဆုံးပြီးနောက် တိုင်းရင်းသားလူမျိုးများ နယ်စပ်ဒေသများကို သွားရောက်၍ ဆရာဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်ကြောင်း။**

**"မောင်တို့မယ်တို့သည် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် နိုင်ငံတော်က လုံးဝဥဿုံ တာဝန်ယူ လေ့ကျင့်ပေးခဲ့သူများဖြစ်ရာ အခြားသော ပညာရေးဝန်ထမ်းများ ထမ်းဆောင်ရသည့် ပညာရေး တာဝန်များအပြင် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းအောင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လည်း တာဝန်ရှိကြောင်း။**

**"ပထမတာဝန်ဖြစ်သော ပညာသင်ကြားရေးတာဝန်နှင့် စပ်လျဉ်းပြီး တိုင်းရင်းသားလူမျိုး အတော်များများမှာ ဝေးလံခေါင်သီပြီး ဆက်သွယ်သွားလာရေး ခက်ခဲသော နယ်စပ်ဒေသများတွင် နေထိုင်ကြခြင်း၊ တစ်ချိန်က မအေးချမ်း၍ ပညာသင်ကြားခွင့် ဆုံးရှုံးခဲ့ရခြင်းတို့ကြောင့် ပညာရေးပိုင်းတွင် အားနည်းလျက်ရှိရာ မောင်တို့မယ်တို့သည် ယင်းအားနည်းချက်ကို ဖြည့်ဆည်းရမည့် အင်အားစုများအဖြစ်ခံယူပြီး အရှိန်အဟုန်ဖြင့် တိုးတက်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း။**

**"ဒုတိယတာဝန်ဖြစ်သည့် ဒေသဖွံ့ဖြိုးရေးတာဝန်ကိုလည်း တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီပီ တက္ကသိုလ်ကြီးက သင်ကြားလေ့ကျင့်ပေးလိုက်သည့် ဖွံ့ဖြိုးရေးဘာသာရပ်များကို လက်တွေ့ဘဝနှင့်ဆက်စပ်ပြီး အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

**"ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး အခြေခံများ ခိုင်မာစေရအောင် တိုင်းရင်းသား ပြည်သူများအားလုံး၏ အတွေးအခေါ် ခံယူချက်များ အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိရေးအတွက် မောင်တို့မယ်တို့က စည်းရုံးဆောင်ရွက်သွားကြဖို့ တတိယတာဝန် တစ်ရပ်အဖြစ် မှာကြားလိုကြောင်း"**

မိန့်ကြားခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို-

(က) တိုင်းရင်းသားလူငယ်များ ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ အတူ နေထိုင်ကြရမည်။ ပညာရှာမှီးရင်း ပြည်ထောင်စု စိတ်ဓာတ် ခိုင်မြဲစေမည်၊

(ခ) တိုင်းရင်းသားလူငယ်များအား ခံယူချက်၊ ယုံကြည်ချက် ပြည့်ဝစေမည်၊

(ဂ) လူငယ်များအား တိုင်းရင်းသားခေါင်းဆောင်ကောင်းများ ဖြစ်စေမည်၊

(ဃ) အလှမ်းဝေးသော ပြည်နယ်ဒေသများအတွက် ကျောင်းဆရာများ ရရှိစေမည်။ ပညာရေးနှင့်အတူ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်စေမည် ဟူသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ် (၃၅) မှ သင်တန်းသူများအား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ဤသို့ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။**

## မိုးထက်မြင့် ( မြစ်ဝကျွန်းပေါ် )

သိပ္ပံအဆင့်၌ နှစ်စဉ်သင်တန်းသားအသစ် ၁၅၀ ဦး တက်ရောက်ခွင့်ရရှိသည်။ သင်တန်းသားတိုင်း လစဉ်ထောက်ပံ့ကြေးရရှိသည်။ ကျောင်းတွင်နေရာထိုင်ခင်းပစ္စည်းများ ရရှိသည်။ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားကြရသည်။

ယခုအခါ တစ်နှစ်လျှင် သင်တန်းသား ၂၅၀ ဖြင့် ပညာရေးဘွဲ့ လေးနှစ်သင်တန်းအတွက် စုစုပေါင်းသင်တန်းသား ၁၀၀၀ အထိ လက်ခံသင်ကြားနေပြီး ပညာသင်နှစ်ပိုင်း၌ သင်တန်းသား ၁၄၀၀ နီးပါးအထိ တိုးမြှင့်သင်ကြားပေးနိုင်ခဲ့သည်။ သင်တန်းသားဦးရေနှင့် သင်တန်းအမျိုးအစား တိုးတက်လာသည့်အလျောက် ၁၉၆၄ ခုနှစ် စတင်ဖွင့်လှစ်စဉ်က ဆရာဆရာမ ၂၀ နှင့် အမှုထမ်း ၁၅ ဦး ပေါင်း ၃၅ ဦးသာ ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်အထိ ယနေ့တက္ကသိုလ်အဆင့်တွင် စီမံဝန်ထမ်း ၁၈၄ ဦးနှင့် သင်ကြားရေးဝန်ထမ်း ၃၄၈ ဦး စုစုပေါင်း ၅၃၅ ဦးဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဖော် ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်ဖြစ်၍ တစ်ကြောင်း၊ သိပ္ပံဆင်း ဆရာဆရာမများ၏ ဘဝမြှင့်တင်ရေးကို ထောက်ရှု၍ တစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အဆင့်သို့ ၂-၅-၁၉၉၁ ရက်နေ့တွင် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

ဤတက္ကသိုလ်တွင် ပညာရေးဝန်ကြီးဌာနမှ သင်ရိုးများအတိုင်း အဆင့်မြင့်စာပေပညာရပ်များနှင့် ဆရာအတတ်သင်ဘာသာရပ်များကို သင်ယူကြရသည်။ အရည်အချင်းပြည့်ဝသည့် မဟာဘွဲ့ရ ဆရာဆရာမများက ခေတ်မီသင်ကြားသင်ယူမှုနည်းစနစ်များဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

> ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသားလူမျိုးများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာအောင် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများကို လေ့ကျင့် ပျိုးထောင် မွေးထုတ်ခဲ့ရာ နှစ် ၄၀ ကာလအတွင်း တိုင်းရင်းသားလူငယ်များစွာကို နိုင်ငံတော်၏ ရင်သွေးများအဖြစ် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် မွေးထုတ်ပေးနိုင်ခဲ့သည်။

**ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသားလူမျိုးများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာအောင် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများကို လေ့ကျင့်ပျိုးထောင် မွေးထုတ်ခဲ့ရာ နှစ် ၄၀ကာလအတွင်း တိုင်းရင်းသားလူငယ်များစွာကို နိုင်ငံတော်၏ ရင်သွေးများအဖြစ် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် မွေးထုတ်ပေးနိုင်ခဲ့သည်။**

ဖွံ့ဖြိုးရေးသိပ္ပံဆင်းဆရာ ဆရာမများသည် မိမိတို့ဒေသတွင် တာဝန်ထမ်းဆောင်ကြရင်း ဆရာအတတ်သင်သိပ္ပံများသို့ တက်ရောက်ပြီး၍ အလယ်တန်းပြဆရာအဖြစ်လည်းကောင်း၊ တက္ကသိုလ်များမှပို့ချသည့် စာပေးစာယူ သင်တန်းများသို့ တက်ရောက်ပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စသည်တို့ကိုလည်းကောင်း ရရှိခဲ့ကြသည်။ အချို့ထူးချွန်သူများသည် ပညာရေးတက္ကသိုလ်တွင် စာပေးစာယူဖြင့် လည်းကောင်း၊ အချိန်ပြည့်တက်ရောက်၍လည်းကောင်း ပညာရေးဘွဲ့ (ဘီ-အီး-ဒီ) ရရှိကြပြီး အထက်တန်းပြဆရာ၊ အလယ်တန်း ကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူးတာဝန်များကိုပင် ထမ်းဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်

e-Learning Centre, Language Lab, Over Head Project or, Multi-Media Projector အစရှိသည့် အီလက်ထရွန်နစ်ပညာရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ တပ်ဆင်အသုံးပြုပြီး သင်ကြားလျက်ရှိသည်။

နယ်စပ်ဒေသများတွင် နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကဏ္ဍစုံဘက်စုံ ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံတော်၏ ထောက်ပံ့မှုဖြင့် ပညာဆက်လက် သင်ယူနိုင်အောင်စီမံပေးခဲ့ရာ တက္ကသိုလ်အသီးသီးတွင် တက်ရောက်၍ ပညာသင်ယူခွင့်လည်း ရရှိခဲ့ကြသည်။ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ဆေးဘက်ပညာသင်တက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့တွင်လည်း တက်ရောက်ပညာသင်ကြားနိုင်လျက်ရှိနေကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ယနေ့နိုင်ငံတော်က ဖော်ဆောင်နေသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးမြှင့်ခိုင်မာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နယ်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးစသည့် အခြေခံကောင်းများကို ထပ်လောင်းအားဖြည့်ပေးလျက်ရှိ နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



## ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မကွေးတိုင်းအတွင်း ကျေးလက်နှင့်မြို့ပြလမ်းလုပ်ငန်းများ ဆောင်ရွက်

အုတ်ဖို နိုဝင်ဘာ ၁၄

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်သည် ဦးစီးဌာနမှတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၀ ရက်နံနက်က ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မကွေးတိုင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ကျေးလက်နှင့်မြို့ပြလမ်းလုပ်ငန်းများ၊ မြို့နယ်ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။**

### ကျေးရွာချင်းဆက်

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် အုတ်ဖိုမြို့နယ် တိမ်ညွှန့်ကျေးလက်လမ်းဂဝံခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ဂဝံလမ်းခင်း ဆောင်ရွက်ခြင်း၊ ဘောလီသံပေါင်တံတားပြုပြင်ခြင်းနှင့် ရေလယ်တိုင်များ ပိုင်ရိုက်စက်ဖြင့် ဆောင်ရွက်မှုများအား ရှင်းလင်းပြသခဲ့သည်။ ယင်းလမ်းမှာ အရှည် ၆ မိုင် ၄ ဖာလုံ၊ အကျယ် ၁၀ပေရှိ ဂဝံလမ်းဖြစ်ပြီး တံတားမှာ အရှည်ပေ ၁၃၀၊ အကျယ် ၁၄ ပေရှိ ဘောလီသံပေါင်တံတားဖြစ်သည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၁ ဒသမ ၅၃ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်၁၀ ဒသမ ၂သန်း၊စုစုပေါင်းကျပ်၃၁ ဒသမ ၇၃ သန်း အကုန်အကျခံ ဆောင်ရွက်လျက်ရှိသော ကျေးရွာချင်းဆက် လမ်းဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ကြို့ပင်ကောက်မြို့နယ် အောင်ချမ်းသာရွာအနီး ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပေါက်ခေါင်းမြို့နယ် ကုတင်ငါးဆင့်ကျေးရွာအနီးရှိ လုပ်ငန်းခွင်တွင် ကျောက်ချောခင်းကျင်းမှုအားသွားရောက်စစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ပဲခူးတိုင်း(အနောက်ပိုင်း) အနေဖြင့် မြေသားလမ်းဖောက်လုပ်ခြင်း ၄၉ မိုင် ၄ ဖာလုံနှင့် ကျောက်လမ်း ၂၃ မိုင် ၇ ဖာလုံ ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် နံနက်က မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်သို့ ရောက်ရှိပြီး တောင်တွင်းကြီးမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် အောင်လံမြို့နယ်များ ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း လုပ်ငန်းခွင်အား စစ်ဆေးရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းများ လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

(အပေါ်ဝဲပုံ) (နယ်စပ်/စည်ပင်)



**နိုဝင်ဘာ ၁ ရက်က ဆီဆိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျေးရွာများအတွက် ဆိုက်ခေါင်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၄ လက်မ ရုပ်မြင်သံကြားစက်တစ်လုံး ပေးအပ်လှူဒါန်းရာ ဗိုလ်မှူးစိုးလွင်ကျော်က လက်ခံရယူစဉ်။** (ဝ၄၈)

## စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေပေးဝေရေး ရေစုကန်၊ ရေစစ်ကန် တည်ဆောက်မည့် မြေနေရာတိုင်းတာ

**မိုးကောင်း နိုဝင်ဘာ ၈**

မိုးကောင်းမြို့နယ် တောင်နီကျေးရွာအုပ်စုတွင် စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေပေးဝေရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာအုပ်စုနေ ပြည်သူများပူးပေါင်းဆောင်ရွက်မှုကို အောက်တိုဘာ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက သဘာဝရေထွက်နှင့် ရေစုကန်၊ ရေစစ်ကန်တည်ဆောက်မည့် မြေနေရာကို တိုင်းတာဆောင်ရွက်ကြသည်။

အဆိုပါ ကျေးလက်ရေပေးဝေရေး လုပ်ငန်းဖြစ်မြောက်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၆၄၄၁၅၀၊ ကျေးရွာအုပ်စု ပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ် ၂၅ သိန်းတို့ဖြင့် အကုန်အကျခံ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(၄၁၆)**



**ပင်းတယမြို့နယ် တမဲကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာသီရိမြေ စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၈ရက်က အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမောင်ကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးချစ်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ် ထုတ်လုပ်ရေးဆောင်ရွက်

**မတ္တရာ နိုဝင်ဘာ ၄**

မတ္တရာမြို့နယ် လွန်တောင်းကျေးရွာတွင် ဇီဝဓာတ်ငွေ့ဖြင့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုအား မြို့နယ်အတွင်းရေးမှူး ဦးသန်းလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးလင်းကြည်နှင့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးကျော်ကျော်တို့ အောက်တိုဘာ ၂၂ ရက်က လုပ်ငန်းခွင်တွင် လိုအပ်သည်များ ကူညီပံ့ပိုးနိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## စွမ်းရည်သစ် စာကြည့်တိုက်ဖွင့် သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

**အရာတော် နိုဝင်ဘာ ၁၀**



အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေးကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၁ရက် မွန်းတည့် ၁၂နာရီက ချင်ပင်ကျေးရွာ၌ ကျေးလက်ကိုယ့်အားကိုယ်ကိုး စွမ်းရည်သစ် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကိုကိုနှင့် မြို့နယ်စာရင်းစစ်အရာရှိ ဦးတင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

### ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက်များဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးမြင့်ဆွေက တရားရေးကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးကိုကိုက ပညာရေးဆိုင်ရာကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

### လက်ခံရယူ

ထို့နောက် စာအုပ်အလှူရှင် ၁၅ဦးတို့က သုတ၊ ရသစာအုပ်မျိုးစုံ ၃၀၀ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးစိန်ဝင်းက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

## အင်းတော်မြို့ မန်လည်အုပ်စုစိုက်ခင်းတွင် စံကွက်ရိတ်သိမ်း

**အင်းတော် နိုဝင်ဘာ ၄**

ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးဌေးညွှန့်နှင့် ဌာနဆိုင်ရာများ အောက်တိုဘာ ၃၁ရက်က အင်းတော်မြို့ မန်လည်အုပ်စု မန်လည်(မြောက်)ရွာ တောင်သူကြီး ဒေါ်ကြည်အောင်၏ ကွင်းအမှတ် ၁၁၀၉ ရှိ မော်ဘီ(၂) စပါးစိုက်ခင်းတွင် စံကွက်ရိတ်သိမ်း စစ်ဆေးကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်စိုး၊ မြေစာရင်းလက်ထောက်ဦးစီးမှူး ဦးစိုးလွင်တို့က ရိတ်သိမ်းပြသကြရာ တစ်ဧကေ ၈၅ ဒသမ ၉၁ တင်းနှုန်း ထွက်ရှိသည်။

ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးဌေးညွှန့်နှင့် မြို့နယ်အတွင်းရေးမှူး ဦးဆန်းမင်းတို့ ဦးဆောင်သော မြို့နယ်စိုက်ညှိအဖွဲ့ဝင်များသည် မိုးစပါးစံကွက် ရိတ်သိမ်းအပြီး မန်လည်(တောင်)ရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် အုပ်စုအတွင်းရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ဆောင်းသီးနှံအပြည့် အဝစိုက်ပျိုးရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးမှုစွမ်းအား မြှင့်တင်ရေးနှင့် သဘာဝမြေဩဇာကို အိမ်တိုင်းတွင် ကျင်းစနစ်ဖြင့် စဉ်ဆက်မပြတ် ပြုလုပ်သုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားကြသည်။ **(၁၃၃)**



## တန့်ဆည်မြို့အဝင် လမ်းတစ်လျှောက် သစ်ပင်များ ခြံကာ၊ ပေါင်းမြက်ရှင်းလင်း

**တန့်ဆည် နိုဝင်ဘာ ၅**

တန့်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသည့်သစ်ပင်များခြံကာ၊ပေါင်းမြက်ရှင်းလင်းခြင်းနှင့် သစ်ပင်များစိုက်ပျိုးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၅ ရက်က မြို့အဝင် ရေဦးကားလမ်း ဘေးဝဲယာတစ်လျှောက်၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်းဆောင်ရွက်မှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)**

# တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ နိုင်ငံနှင့်လူမျိုးအကျိုး ထိထိရောက်ရောက်သယ်ပိုးနိုင်ရေး အသိအမြင်စွမ်းအား၊ အရည်အသွေးနှင့်စိတ်ဓာတ်အင်အားများ နိုင်ငံတော်က အားသစ်လောင်းပေးနေ အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်ပေးနိုင်မည့် ပညာရေးစွမ်းအားစုကြီးဖြစ်ထွန်းလာရေး ဆက်လက်ကြိုးပမ်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းတံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁** ■



**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူများအား တရင်းတနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်း ရေလွှဲဥမင်လိုဏ် တိုးလျှိုပေါက်ဖောက်လုပ်ပြီးစီး ပြည်ပအကူအညီမပါဘဲ မြန်မာအင်ဂျင်နီယာများကိုယ်တိုင်ကြိုးပမ်းခဲ့ကြ

ကွင်းဆင်းလေ့လာရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေသယံဇာတ၊ရေသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည့်အားလျော်စွာ ပေါများကြွယ်ဝသော မြေသယံဇာတနှင့် ရေသယံဇာတများကိုဖော်ထုတ်၍ နိုင်ငံတော်အတွက် အကျိုးရှိစွာသုံးစွဲရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဆည်မြောင်းတာတမံများတည်ဆောက်ပေးခြင်းဖြင့် ဆည်ရေများရရှိပြီး နိုင်ငံတော်အတွက်အကျိုးပြုသော လယ်ယာမြေများပေါ်ထွက်ကာ စိုက်ပျိုးရေးကဏ္ဍ၌ အကျိုးများတိုးပွားစေခဲ့သည်။ ***စာမျက်နှာ ၁၁ ကော်လံ ၁*** ●

**ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာတောင်ဘက် ၂ ဒသမ ၅ မိုင်အကွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်နေသော တမံအလျား ပေ ၁၀၅၀၊ တမံအမြင့် ၂၅၁ ပေ၊ Zone Type အလယ်ပိုင်း ရေလုံလွှာနှင့် ကျောက်ရောမြေသားတမံအမျိုးအစားဖြင့် ရဲနွယ်ချောင်းကိုပိတ်၍ တည်ဆောက်လျက်ရှိသည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းပတ်ဝန်းကျင်ကို ဤသို့တွေ့ရသည်။** ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)





**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းတွင် တည်ဆောက်ပြီးစီးသွားသည့် မြင်းခွာပုံသံကူကွန်ကရစ် ရေလွှဲဥမင်ထွက်ပေါက်မှ ရေများထုတ်လွှတ်ပေးလျက်ရှိသည်ကို ဤသို့တွေ့ခဲ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)




မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲစတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၁၆

**Myanmar PGAနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ် ကမ္ဘောဇဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။**

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းကစားအပြီး၌ Professional Golfersပြိုင်ပွဲတွင် အောင်ဝင်း(Y.C.D.C)က(၇၁+၇၄)ပေါင်း(၁၄၅)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မြင့်သောင်း(KM Golf Centre)က (၇၅+၇၃)ပေါင်း(၁၄၈)ချက်ဖြင့် ဒုတိယလိုက်ပြီး မင်းနိုင်(Srixon)က (၇၄+၇၆)နှင့် အေးလွင် (Wilson)က (၇၂+၇၈)ပေါင်းအချက်(၁၅၀)စီဖြင့် တတိယလိုက်နေသည်။

**ဦးဆောင်ကစား**

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ယဉ်အောင်လတ်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ပြီး (၇၆+၆၉)ပေါင်း (၁၄၅)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့်က (၇၅+၇၅)ပေါင်း အချက်(၁၅၀)ဖြင့်ဒုတိယလိုက်ပြီး ဌေးအောင်ဌေးက (၇၆+၇၅)ပေါင်း (၁၅၁) ချက်ဖြင့် တတိယလိုက်နေသည်။

ပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte.,Ltd. ဖြစ်ပြီး၊ Title Sponsor အဖြစ် Kanbawza Bank Ltd. ကဖြစ်ကာ Co-Sponsors များ ဖြစ်ကြသော Air Mandalay၊ Tiger Beer၊ Eden Group Co.,Ltd.၊ Alpine Purified Drinking Water၊ K.M Golf Centre၊ Maruman၊ Tour Stage၊ Wilson၊ Srixon၊ Grandslam (Musing Wear)၊ Accel International Co.,Ltd. (Canon)၊ Sun Far Travels and Tours(Hole-in-One)၊ Aye Tharyar Golf Resortတို့ကလည်း အသီးသီး ထပ်မံ၍ ပံ့ပိုးကူညီပေးကြသည်။

**တာဝန်ယူဆောင်ရွက်**

Kanbawza Open Golf Championshipဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

အထက(၁)တာမွေ (၁၉၇၂-၇၃) ဝန်းကျင် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၁၈ရက် နံနက်၁၁နာရီတွင် အထက(၁)တာမွေ ပင်လုံခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဒေါက်တာ သန်းသန်းစိုး ဖုန်း- ၇၂၄၅၉၀၊ ဒေါ်အေးအေးသန်း ဖုန်း- ၅၄၂၂၃၈၊ ၅၄၂၂၅၄၊ ဒေါ်ခင်အေးမြင့် ဖုန်း- ၂၅၄၁၀၈၊ ဒေါ်နီနီမြင့် ဖုန်း- ၅၄၂၄၀၁နှင့် ဒေါ်ကျင်ကျင်စန်း ဖုန်း- ၅၄၅၈၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**




# ကမ္ဘာတစ်လွှား အားကစား

## အေစီမီလန်နှင့် ဂျူဗင်းတပ်နိုင်ပွဲရ လာဇီယိုကဘိုလော့နာကို ပွတ်ကာသီကာနိုင်

**ရောမ နိုဝင်ဘာ ၁၆**

စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၁၄ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဂျူဗင်းတပ်တို့ အဝေးကွင်း၌ လက်ချီကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး၊ အေစီမီလန်၊ လာဇီယိုတို့လည်း နိုင်ပွဲများရရှိကာ အင်တာမီလန်က ကက်ဂလီယာရီနှင့် သုံးဂိုးစီ သရေပွဲကျခဲ့သည်။

**အေစီမီလန်-ဆီနာ**

အိမ်ကွင်း ဆန်စီရို၌ ချန်ပီယံ အေစီမီလန်တို့ နိုင်ပွဲဆက်ခဲ့ပြီဖြစ်သည်။ အေစီမီလန်၏ခြေစွမ်း တဖြည်းဖြည်းတိုးတက်လာပြီ ဖြစ်ရာ တိုက်စစ်မှူးများဖြစ်သည့် ရှက်ဖ်ချင်ကို၊ ဆီးဒေါ့ဖ်၊ တိုမာဆင်နှင့် ပီယာလိုတို့ကလည်း ခြေစွမ်းပြဂိုးသွင်းနိုင်ပြီ ဖြစ်ရာ ယနေ့ပွဲတွင် ပွဲချိန် ၂၆ မိနစ်နှင့် ၃၇ မိနစ်တွင် ရှက်ဖ်ချင်ကိုက အေစီမီလန်အတွက် နှစ်ဂိုးစလုံးသွင်းယူပေးနိုင်ခဲ့သည်။ ဆီနာအတွက် ချေပဂိုးကို ၃၂ မိနစ်တွင် အာဂီလီက သွင်းယူပေးခဲ့သဖြင့် အေစီမီလန်တို့ အိမ်ကွင်း၌ ဆီနာကို နှစ်ဂိုး- တစ်ဂိုး ဖြင့်နိုင်ပြီး တန်းစီဇယား၌ ဒုတိယနေရာတွင်ဆက်လက်တည်ရှိနေသည်။

**လက်ချီနှင့် ဂျူဗင်းတပ်**

ယခုနှစ် စီးရီးအေတွင် ချန်ပီယံဆုကို ချိန်နေသော ဂျူဗင်းတပ်တို့ လက်ချီကွင်း၌ အနိုင်ကစားနိုင်ခဲ့သည်။ ရှေ့နောက် အလယ် ကစားအားကောင်းသော ဂျူဗင်းတပ်ကို အိမ်ကွင်းခြေမသော လက်ချီတို့ တစ်ဂိုးတည်းနှင့် ကပ်ရှုံးခဲ့ရသည်။ ဂျူဗင်းတပ်အတွက် ပွဲချိန် ၁၄ မိနစ်တွင် တိုက်စစ်မှူး ဒဲလ်ပီယာရိုက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သော်လည်း မိနစ် ၄၀ တွင် ပက်ဆိုတို၊ ၆၆ မိနစ်တွင် သူရမ်နှင့် ၈၅ မိနစ်တွင် အီဂေါတူဒေါတို့ အဝါကတ်ထိခဲ့သည်။ လက်ချီမှ ဒီရာမော်တီနီ၊ လီဒက်မာနှင့် စီဆီနာဒိုတို့လည်း အဝါကတ်ထိခဲ့ရာ စီးရီးအေ၌ အဝါကတ်စံချိန်တင်သည့်ပွဲဖြစ်ခဲ့သည်။

**ကက်ဂလီယာရီနှင့် အင်တာမီလန်**

အဝေးကွင်းနိုင်ပွဲ ဝေးနေသည့် အင်တာမီလန်တို့ ကက်ဂလီယာရီနှင့် သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ရပြန်သည်။ အင်တာမီလန်တို့ ယခုပွဲ သရေကျခဲ့ရာ အဝေးကွင်း၌ ခုနစ်ပွဲကစားခဲ့ရာတွင် ခြောက်ပွဲမြောက် သရေပွဲဖြစ်သည်။ ကက်ဂလီယာရီမှ ဇိုလာက ပွဲချိန် ခြောက်မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်မှ တစ်ဂိုး၊ ၃၃ မိနစ်တွင် လန်ဂယ်လာက တစ်ဂိုး၊ မိနစ် ၆၀တွင် အီစပိုဆီတိုက တစ်ဂိုး သွင်းယူခဲ့ပြီး အင်တာမီလန်အတွက် ၃၅ မိနစ်တွင် စတန်ကိုဗစ်က တစ်ဂိုး နှင့် ၇၅မိနစ်နှင့် ၈၉မိနစ်တွင် မာတင်စ်က နှစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ အင်တာမီလန်တို့ ယခုပွဲ သရေကျပြန်သဖြင့် ၁၂ပွဲကစား နှစ်ပွဲနိုင်၊ ၁၀ပွဲ သရေဖြင့် ၁၆မှတ်ရကာ အဆင့်(၇)၌ ရှိနေသည်။

**လာဇီယိုနှင့်ဘိုလော့နာ**

လာဇီယိုတို့ အိမ်ကွင်း၌ လေးပွဲမြောက်နိုင်ပွဲရခြင်းပင်ဖြစ်သည်။ လာဇီယိုတို့ အိမ်ကွင်းအဝေးကွင်းခြေစွမ်းတက်မလာဘဲရှိရာ မိမိကွင်း အိုလံပီကို၌ပင် ဘိုလော့နာကို နိုင်ပွဲရအောင် အသည်းအသန် ကြိုးစားကစားခဲ့ရသည်။ လာဇီယိုအတွက် ပွဲချိန် ငါးမိနစ်တွင် ရိုချီက တစ်ဂိုးနှင့် ၈၄ မိနစ်တွင် ဒီကာနီရိုက ပယ်နယ်တီပြစ်ဒဏ်မှတစ်ဆင့် ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဘိုလော့နာအတွက် ၅၂ မိနစ်တွင် အီဂလီတာရီက တစ်ဂိုး သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် လာဇီယိုမှ ဒါဘိုနှင့် ဒီကာနီရိုတို့ အနီကတ်ပြ အထုတ်ခံရသလို ဘိုလော့နာမှ အီဂလီတာရီလည်း အနီကတ်ပြ အထုတ်ခံခဲ့ရသည်။

**အခြားပွဲများ**

| | | |
|---|---|---|
| အတ္တလန္တာ | ၀-၀ | ဘရက်ရှား |
| ဖီအိုရင်တီးနား | ၁-၀ | လီဗော်နို |
| ပါလာမို | ၂-၀ | ဆမ်ဒိုးရီးယား |
| ပါးမား | ၂-၂ | ချီယေးဗို |
| ရက်ဂျီးနား | ၁-၀ | ရိုးမား |
| အူဒီးနီးစ် | ၁-၁ | မက်ဆီနာ |

**(အင်တာနက်)**



စီးရီးအေပွဲစဉ်(၁၂)အဖြစ် အေစီမီလန်နှင့် ဆီနာတို့ပွဲစဉ်တွင် အေစီမီလန်မှ ကာကာ(ယာ) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အိုင်ဘီအက်ဖ်နှင့်ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲများကျင်းပ

**နယူးယောက် နိုဝင်ဘာ ၁၆**

အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံပြိုင်ပွဲနှင့် ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံပြိုင်ပွဲများကို နယူးယောက်မြို့ မက်ဒီဆွန်ဥယျာဉ်ရင်ပြင်၌ စနေနေ့ ကကျင်းပခဲ့ကြောင်း ရိုက်တာက အင်တာနက်မှတစ်ဆင့် သတင်းထုတ်လွှင့်ခဲ့သည်။

အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံပြိုင်ပွဲတွင် နယူးယောက်မြို့ ပို့စ်ဂျက်ဖ်ဖာဆွန်မှ ဂျမီးလ်မက်ကလိုင်းကို မီချီဂန်မှ ခရစ္စဘတ်ဒ်က အနိုင်ရရှိသွားခဲ့သည်။

ခရစ္စဘတ်ဒ်က ဂျမီးလ်မက်ကလိုင်းအားကြိုးဝိုင်းထောင့်ထဲတွင်ညှပ်ပိတ်ပြီး ၅၆ချက်ထိထိမိမိထိုးသတ်ခဲ့သည်။ ၎င်းသည် ၁၂ချီအထိတိုင်အောင် အကွဲအလဲထိုးကာ အနိုင်ယူသွားခဲ့သည်။ ဘတ်ဒ်သည် ပထမဆုံးအကြိမ် အိုင်ဘီအက်ဖ်ချန်ပီယံကိုလုရန် ကြိုးစားလာသည့် မက်ကလိုင်းအား အနိုင်ယူခဲ့ပြီး သူ၏အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်ချန်ပီယံ သရဖူကို ကာကွယ်လိုက်သည်။

**ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံ**

ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံပြိုင်ပွဲတွင် မက်ဆက်ချူးဆက်မက်သရူးမှ ဂျွန်ရုဇ်နှင့် ပိုလန်မှ အင်ဒရူးဂိုလိုတာတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ ဂျွန်ရုဇ်သည် နှစ်ကြိမ်အလဲထိုးခံခဲ့ရသော်လည်း ၎င်း၏သရဖူကို ကာကွယ်နိုင်ခဲ့သည်။

**(အင်တာနက်)**



အိုင်ဘီအက်ဖ် ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲတွင် ဂျမီးလ်မက်ကလိုင်း (ဝဲ)နှင့် ခရစ္စဘတ်ဒ်တို့ အကြိတ်အနယ် ထိုးသတ်ကြစဉ်။ (ဓာတ်ပုံ-ရိုက်တာ)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် နှစ်(၄၀)ပြည့် အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ၂၀-၁၀-၂၀၀၄ ရက်နေ့ နံနက်က ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်၌ ကျင်းပခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့၌ သိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စစ်ကိုင်းမြို့ မြေဝတီရပ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၈ ခုနှစ် ဩဂုတ်လတွင် စစ်ကိုင်းမြို့မှ ၂၂ မိုင်ကွာဝေးသည့် ဓမ္မဝတီမြို့ဟောင်း ရွာသစ်ကြီးကျေးရွာသို့ ပြောင်းရွှေ့ခဲ့သည်။ ကျောင်းပရိဝုဏ်မှာ ၂၂၉၁ သမ ၁၃ ဧက ကျယ်ဝန်းသည်။ စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားဖိုဆောင်များ၊ ရုံးအဆောက်အအုံများ၊ ဖွံ့ဖြိုးရေး အထောက်အကူပြု အဆောက်အအုံများ၊ စာကြည့်တိုက်၊ ပြတိုက်နှင့် တိုင်းရင်းသား ဘာသာဌာန အဆောက်အအုံများဖြင့် ဧရာဝတီမြစ်ကို မေးတင်ပြီး ဆောက်လုပ်ထားသည်မှာ ပန်းရလှသည်။ သင်တန်းသားများ လက်တွေ့လေ့ကျင့်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအတွက် အထူးသင့်လျော်ပြီး အားကစားကွင်းများလည်း အလုံအလောက် ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံတွင် အထူးမူလတန်း ဆရာအတတ်သင်တန်းကိုပါ နယ်စပ်ဒေသမှ တိုင်းရင်းသားလူမျိုးများ ပညာရည်မြင့်မားရေးအစီအစဉ်တစ်ရပ်အဖြစ် ၂၅-၆-၁၉၉၀ ရက်နေ့က စတင်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သင်တန်းအမှတ်စဉ်(၃၅)မှ သင်တန်းသား သင်တန်းသူများက ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူစဉ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဩဝါဒစကားမြွက်ကြားရာ၌-

**"တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်သို့ မြှင့်တင် တည်ထောင်ခဲ့သည်မှာ ယခုဆိုလျှင် ၁၀နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း။**

**"မောင်တို့မယ်တို့သည် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ နယ်စပ်ဒေသများမှ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာသင်ယူလေ့လာဆည်းပူးခဲ့ကြကြောင်း၊ ယခုသင်တန်းပြီးဆုံးပြီးနောက် တိုင်းရင်းသားလူမျိုးများ နယ်စပ်ဒေသများကို သွားရောက်၍ ဆရာဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်ကြောင်း။**

**"မောင်တို့မယ်တို့သည် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် နိုင်ငံတော်က လုံးဝဥဿုံ တာဝန်ယူ လေ့ကျင့်ပေးခဲ့သူများဖြစ်ရာ အခြားသော ပညာရေးဝန်ထမ်းများ ထမ်းဆောင်ရသည့် ပညာရေး တာဝန်များအပြင် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းအောင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လည်း တာဝန်ရှိကြောင်း။**

**"ပထမတာဝန်ဖြစ်သော ပညာသင်ကြားရေးတာဝန်နှင့် စပ်လျဉ်းပြီး တိုင်းရင်းသားလူမျိုး အတော်များများမှာ ဝေးလံခေါင်သီပြီး ဆက်သွယ်သွားလာရေး ခက်ခဲသော နယ်စပ်ဒေသများတွင် နေထိုင်ကြခြင်း၊ တစ်ချိန်က မအေးချမ်း၍ ပညာသင်ကြားခွင့် ဆုံးရှုံးခဲ့ရခြင်းတို့ကြောင့် ပညာရေးပိုင်းတွင် အားနည်းလျက်ရှိရာ မောင်တို့မယ်တို့သည် ယင်းအားနည်းချက်ကို ဖြည့်ဆည်းရမည့် အင်အားစုများအဖြစ်ခံယူပြီး အရှိန်အဟုန်ဖြင့် တိုးတက်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း။**

**"ဒုတိယတာဝန်ဖြစ်သည့် ဒေသဖွံ့ဖြိုးရေးတာဝန်ကိုလည်း တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းများပီပီ တက္ကသိုလ်ကြီးက သင်ကြားလေ့ကျင့်ပေးလိုက်သည့် ဖွံ့ဖြိုးရေးဘာသာရပ်များကို လက်တွေ့ဘဝနှင့်ဆက်စပ်ပြီး အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

**"ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး အခြေခံများ ခိုင်မာစေရအောင် တိုင်းရင်းသား ပြည်သူများအားလုံး၏ အတွေးအခေါ် ခံယူချက်များ အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိရေးအတွက် မောင်တို့မယ်တို့က စည်းရုံးဆောင်ရွက်သွားကြဖို့ တတိယတာဝန် တစ်ရပ်အဖြစ် မှာကြားလိုကြောင်း"**

မိန့်ကြားခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို-

(က) တိုင်းရင်းသားလူငယ်များ ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ အတူနေထိုင်ကြရမည်။ ပညာရှာမှီးရင်း ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲစေမည်၊

(ခ) တိုင်းရင်းသားလူငယ်များအား ခံယူချက်၊ ယုံကြည်ချက် ပြည့်ဝစေမည်၊

(ဂ) လူငယ်များအား တိုင်းရင်းသားခေါင်းဆောင်ကောင်းများ ဖြစ်စေမည်၊

(ဃ) အလှမ်းဝေးသော ပြည်နယ်ဒေသများအတွက် ကျောင်းဆရာများ ရရှိစေမည်။ ပညာရေးနှင့်အတူ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်စေမည် ဟူသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ် (၃၅) မှ သင်တန်းသူများအား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံ၌ ဤသို့ ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။**

## မိုးထက်မြင့် ( မြစ်ဝကျွန်းပေါ် )

သိပ္ပံအဆင့်၌ နှစ်စဉ်သင်တန်းသားအသစ် ၁၅၀ ဦး တက်ရောက်ခွင့်ရရှိသည်။ သင်တန်းသားတိုင်း လစဉ်ထောက်ပံ့ကြေးရရှိသည်။ ကျောင်းတွင် နေရာထိုင်ခင်းပစ္စည်းများ ရရှိသည်။ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားကြရသည်။

ယခုအခါ တစ်နှစ်လျှင် သင်တန်းသား ၂၅၀ ဖြင့် ပညာရေးဘွဲ့ လေးနှစ်သင်တန်းအတွက် စုစုပေါင်းသင်တန်းသား ၁၀၀၀ အထိ လက်ခံသင်ကြားနေပြီး ပညာသင်နှစ်ပိုင်း၌ သင်တန်းသား ၁၄၀၀ နီးပါးအထိ တိုးမြှင့်သင်ကြားပေးနိုင်ခဲ့သည်။ သင်တန်းသားဦးရေနှင့် သင်တန်းအမျိုးအစား တိုးတက်လာသည့်အလျောက် ၁၉၆၄ ခုနှစ် စတင်ဖွင့်လှစ်စဉ်က ဆရာဆရာမ ၂၀ နှင့် အမှုထမ်း ၁၅ ဦး ပေါင်း ၃၅ ဦးသာ ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်အထိ ယနေ့တက္ကသိုလ်အဆင့်တွင် စီမံဝန်ထမ်း ၁၈၄ ဦးနှင့် သင်ကြားရေးဝန်ထမ်း ၃၄၈ ဦး စုစုပေါင်း ၅၃၅ ဦးဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဖော် ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်ဖြစ်၍ တစ်ကြောင်း၊ သိပ္ပံဆင်း ဆရာဆရာမများ၏ ဘဝမြှင့်တင်ရေးကို ထောက်ရှု၍ တစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အဆင့်သို့ ၂-၅-၁၉၉၁ ရက်နေ့တွင် တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

ဤတက္ကသိုလ်တွင် ပညာရေးဝန်ကြီးဌာနမှ သင်ရိုးများအတိုင်း အဆင့်မြင့်စာပေပညာရပ်များနှင့် ဆရာအတတ်သင်ဘာသာရပ်များကို သင်ယူကြရသည်။ အရည်အချင်းပြည့်ဝသည့် မဟာဘွဲ့ရ ဆရာဆရာမများက ခေတ်မီသင်ကြားသင်ယူမှုနည်းစနစ်များဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသား လူမျိုးများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာအောင် အရည်အချင်းပြည့်ဝသည့် ပညာရေး ဝန်ထမ်း စည်းရုံးရေးမှူးကောင်းများကို လေ့ကျင့် ပျိုးထောင် မွေးထုတ်ခဲ့ရာ နှစ် ၄၀ ကာလ အတွင်း တိုင်းရင်းသားလူငယ်များစွာကို နိုင်ငံတော်၏ ရင်သွေးများအဖြစ် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် မွေးထုတ်ပေးနိုင်ခဲ့သည်။

**ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသားလူမျိုးများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်လာအောင် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများကို လေ့ကျင့်ပျိုးထောင် မွေးထုတ်ခဲ့ရာ နှစ် ၄၀ကာလအတွင်း တိုင်းရင်းသားလူငယ်များစွာကို နိုင်ငံတော်၏ ရင်သွေးများအဖြစ် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် မွေးထုတ်ပေးနိုင်ခဲ့သည်။**

ဖွံ့ဖြိုးရေးသိပ္ပံဆင်းဆရာ ဆရာမများသည် မိမိတို့ဒေသတွင် တာဝန်ထမ်းဆောင်ကြရင်း ဆရာအတတ်သင်သိပ္ပံများသို့ တက်ရောက်ပြီး၍ အလယ်တန်းပြဆရာအဖြစ်လည်းကောင်း၊ တက္ကသိုလ်များမှပို့ချသည့် စာပေးစာယူ သင်တန်းများသို့ တက်ရောက်ပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စသည်တို့ကိုလည်းကောင်း ရရှိခဲ့ကြသည်။ အချို့ထူးချွန်သူများသည် ပညာရေးတက္ကသိုလ်တွင် စာပေးစာယူဖြင့် လည်းကောင်း၊ အချိန်ပြည့်တက်ရောက်၍လည်းကောင်း ပညာရေးဘွဲ့ (ဘီ-အီး-ဒီ) ရရှိကြပြီး အထက်တန်းပြဆရာ၊ အလယ်တန်း ကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူးတာဝန်များကိုပင် ထမ်းဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်

e-Learning Centre, Language Lab, Over Head Project or, Multi-Media Projector အစရှိသည့် အီလက်ထရွန်နစ်ပညာရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ တပ်ဆင်အသုံးပြုပြီး သင်ကြားလျက်ရှိသည်။

နယ်စပ်ဒေသများတွင် နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကဏ္ဍစုံ ဘက်စုံ ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံတော်၏ ထောက်ပံ့မှုဖြင့် ပညာဆက်လက် သင်ယူနိုင်အောင်စီမံပေးခဲ့ရာ တက္ကသိုလ်အသီးသီးတွင် တက်ရောက်၍ ပညာသင်ယူခွင့်လည်း ရရှိခဲ့ကြသည်။ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ အခြေခံကျန်းမာရေး တက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ဆေးဘက်ပညာသင်တက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့တွင်လည်း တက်ရောက်ပညာသင်ကြားနိုင်လျက်ရှိနေကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ယနေ့ နိုင်ငံတော်က ဖော်ဆောင်နေသော တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးမြှင့်ခိုင်မာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နယ်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးစသည့် အခြေခံကောင်းများကို ထပ်လောင်းအားဖြည့်ပေးလျက်ရှိ နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



# ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မကွေးတိုင်းအတွင်း ကျေးလက်နှင့်မြို့ပြလမ်းလုပ်ငန်းများ ဆောင်ရွက်

အုတ်ဖို နိုဝင်ဘာ ၁၄

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်သည် ဦးစီးဌာနမှတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၀ ရက်နံနက်က ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မကွေးတိုင်းအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ကျေးလက်နှင့်မြို့ပြလမ်းလုပ်ငန်းများ၊ မြို့နယ်ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။**

**ကျေးရွာချင်းဆက်**

ရေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် အုတ်ဖိုမြို့နယ် တိမ်ညွှန့်ကျေးလက်လမ်းဂဝံခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ဂဝံလမ်းခင်း ဆောင်ရွက်ခြင်း၊ ဘောလီသံပေါင်တံတားပြုပြင်ခြင်းနှင့် ရေလယ်တိုင်များ ပိုင်ရိုက်စက်ဖြင့် ဆောင်ရွက်မှုများအား ရှင်းလင်းပြသခဲ့သည်။ ယင်းလမ်းမှာ အရှည် ၆ မိုင် ၄ ဖာလုံ၊ အကျယ် ၁၀ပေရှိ ဂဝံလမ်းဖြစ်ပြီး တံတားမှာ အရှည်ပေ ၁၃၀၊ အကျယ် ၁၄ပေရှိ ဘောလီသံပေါင်တံတားဖြစ်သည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၁ ဒသမ ၅၃ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်၁၀ ဒသမ ၂သန်း၊စုစုပေါင်းကျပ်၃၁ ဒသမ ၇၃ သန်း အကုန်အကျခံ ဆောင်ရွက်လျက်ရှိသော ကျေးရွာချင်းဆက် လမ်းဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ကြို့ပင်ကောက်မြို့နယ် အောင်ချမ်းသာရွာအနီး ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပေါက်ခေါင်းမြို့နယ် ကုတင်ငါးဆင့်ကျေးရွာအနီးရှိ လုပ်ငန်းခွင်တွင် ကျောက်ချောခင်းကျင်းမှုအား သွားရောက်စစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ပဲခူးတိုင်း(အနောက်ပိုင်း) အနေဖြင့် မြေသားလမ်းဖောက်လုပ်ခြင်း ၄၉ မိုင် ၄ ဖာလုံနှင့် ကျောက်လမ်း ၂၃ မိုင် ၇ ဖာလုံ ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် နံနက်က မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်သို့ ရောက်ရှိပြီး တောင်တွင်းကြီးမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် အောင်လံမြို့နယ်များ ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း လုပ်ငန်းခွင်အား စစ်ဆေးရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းများလိုက်လံရှင်းလင်းပြသခဲ့ကြသည်။

**(အပေါ်ဝဲပုံ) (နယ်စပ်/စည်ပင်)**



**နိုဝင်ဘာ ၁ ရက်က ဆီဆိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျေးရွာများအတွက် ဆိုက်ခေါင်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၄လက်မ ရုပ်မြင်သံကြားစက်တစ်လုံး ပေးအပ်လှူဒါန်းရာ ဗိုလ်မှူးစိုးလွင်ကျော်က လက်ခံရယူစဉ်။** (ဝ၄၈)

## စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေ ပေးဝေရေး ရေစုကန်၊ ရေစစ်ကန် တည်ဆောက်မည့် မြေနေရာတိုင်းတာ

**မိုးကောင်း နိုဝင်ဘာ ၈**

မိုးကောင်းမြို့နယ် တောင်နီကျေးရွာအုပ်စုတွင် စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေပေးဝေရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာအုပ်စုနေ ပြည်သူများပူးပေါင်းဆောင်ရွက်မှုကို အောက်တိုဘာ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက သဘာဝရေထွက်နှင့် ရေစုကန်၊ ရေစစ်ကန်တည်ဆောက်မည့် မြေနေရာကို တိုင်းတာဆောင်ရွက်ကြသည်။

အဆိုပါ ကျေးလက်ရေပေးဝေရေး လုပ်ငန်းဖြစ်မြောက်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၆၄၄၁၅၀၊ ကျေးရွာအုပ်စု ပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ် ၂၅ သိန်းတို့ဖြင့် အကုန်အကျခံ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(၄၁၆)**



**ပင်းတယမြို့နယ် တမဲကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာသီရိမြေ စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၈ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမောင်ကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးချစ်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ် ထုတ်လုပ်ရေးဆောင်ရွက်

**မတ္တရာ နိုဝင်ဘာ ၄**

မတ္တရာမြို့နယ် လွန်တောင်းကျေးရွာတွင် ဇီဝဓာတ်ငွေ့ဖြင့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုအား မြို့နယ်အတွင်းရေးမှူး ဦးသန်းလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးလင်းကြည်နှင့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးကျော်ကျော်တို့ အောက်တိုဘာ ၂၂ ရက်က လုပ်ငန်းခွင်တွင် လိုအပ်သည်များ ကူညီပံ့ပိုးနိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## စွမ်းရည်သစ် စာကြည့်တိုက်ဖွင့် သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

**အရာတော် နိုဝင်ဘာ ၁၀**

အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေးကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၁ရက် မွန်းတည့် ၁၂နာရီက ချင်ပင်ကျေးရွာ၌ ကျေးလက်ကိုယ့်အားကိုယ်ကိုး စွမ်းရည်သစ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကိုကိုနှင့် မြို့နယ်စာရင်းစစ်အရာရှိ ဦးတင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက်များဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်များရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးမြင့်ဆွေက တရားရေးကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးကိုကိုက ပညာရေးဆိုင်ရာကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**လက်ခံရယူ**

ထို့နောက် စာအုပ်အလှူရှင် ၁၅ဦးတို့က သုတ၊ ရသစာအုပ်မျိုးစုံ ၃၀၀ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးစိန်ဝင်းက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**



## အင်းတော်မြို့ မန်လည်အုပ်စုစိုက်ခင်းတွင် စံကွက်ရိတ်သိမ်း

**အင်းတော် နိုဝင်ဘာ ၄**

ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးဌေးညွှန့်နှင့် ဌာနဆိုင်ရာများ အောက်တိုဘာ ၃၁ရက်က အင်းတော်မြို့ မန်လည်အုပ်စု မန်လည်(မြောက်)ရွာ တောင်သူကြီး ဒေါ်ကြည်အောင်၏ ကွင်းအမှတ် ၁၁၀၉ ရှိ မော်ဘီ(၂) စပါးစိုက်ခင်းတွင် စံကွက်ရိတ်သိမ်း စစ်ဆေးကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်စိုး၊ မြေစာရင်းလက်ထောက်ဦးစီးမှူး ဦးစိုးလွင်တို့က ရိတ်သိမ်းပြသကြရာ တစ်ဧက ၈၅ဒသမ ၉၁ တင်းနှုန်း ထွက်ရှိသည်။

ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးဌေးညွှန့်နှင့် မြို့နယ်အတွင်းရေးမှူး ဦးဆန်းမင်းတို့ ဦးဆောင်သော မြို့နယ်စိုက်ညှိအဖွဲ့ဝင်များသည် မိုးစပါးစံကွက် ရိတ်သိမ်းအပြီး မန်လည်(တောင်)ရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် အုပ်စုအတွင်းရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ဆောင်းသီးနှံအပြည့် အဝစိုက်ပျိုးရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးမှုစွမ်းအား မြှင့်တင်ရေးနှင့် သဘာဝမြေဩဇာကို အိမ်တိုင်းတွင် ကျင်းစနစ်ဖြင့် စဉ်ဆက်မပြတ် ပြုလုပ်သုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားကြသည်။ **(၁၃၃)**



## တန့်ဆည်မြို့အဝင် လမ်းတစ်လျှောက် သစ်ပင်များ ခြံကာ၊ ပေါင်းမြက်ရှင်းလင်း

**တန့်ဆည် နိုဝင်ဘာ ၅**

တန့်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသည့်သစ်ပင်များခြံကာ၊ပေါင်းမြက်ရှင်းလင်းခြင်းနှင့် သစ်ပင်များစိုက်ပျိုးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၅ ရက်က မြို့အဝင် ရေဦးကားလမ်း ဘေးဝဲယာတစ်လျှောက်၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်းဆောင်ရွက်မှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအေးနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)**

# တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ နိုင်ငံနှင့်လူမျိုးအကျိုး ထိထိရောက်ရောက်သယ်ပိုးနိုင်ရေး အသိအမြင်စွမ်းအား၊ အရည်အသွေးနှင့်စိတ်ဓာတ်အင်အားများ နိုင်ငံတော်က အားသစ်လောင်းပေးနေ အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်ပေးနိုင်မည့် ပညာရေးစွမ်းအားစုကြီးဖြစ်ထွန်းလာရေး ဆက်လက်ကြိုးပမ်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

***စာမျက်နှာ ၃ ကော်လံ ၁*** ■



**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူများအား တရင်းတနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်း ရေလွှဲဥမင်လိုဏ် တိုးလျှိုပေါက်ဖောက်လုပ်ပြီးစီး ပြည်ပအကူအညီမပါဘဲ မြန်မာအင်ဂျင်နီယာများကိုယ်တိုင်ကြိုးပမ်းခဲ့ကြ

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေသယံဇာတ၊ရေသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည့်အားလျော်စွာ ပေါများကြွယ်ဝသော မြေသယံဇာတနှင့် ရေသယံဇာတများကိုဖော်ထုတ်၍ နိုင်ငံတော်အတွက် အကျိုးရှိစွာသုံးစွဲရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဆည်မြောင်း တာတမံများတည်ဆောက်ပေးခြင်းဖြင့် ဆည်ရေများရရှိပြီး နိုင်ငံတော်အတွက်အကျိုးပြုသော လယ်ယာမြေများပေါ်ထွက်ကာ စိုက်ပျိုးရေးကဏ္ဍ၌ အကျိုးများတိုးပွားစေခဲ့သည်။ ***စာမျက်နှာ ၁၁ ကော်လံ ၁*** ●

**ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာတောင်ဘက် ၂၁၃သမ၅မိုင်အကွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်နေသော တမံအလျား ပေ ၁၀၅၀၊ တမံအမြင့် ၂၅၁ပေ၊ Zone Type အလယ်ပိုင်း ရေလုံလွှာနှင့် ကျောက်ရောမြေသားတမံအမျိုးအစားဖြင့် ရဲနွယ်ချောင်းကိုပိတ်၍ တည်ဆောက်လျက်ရှိသည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းပတ်ဝန်းကျင်ကို ဤသို့တွေ့ရသည်။** ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)





**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းတွင် တည်ဆောက်ပြီးစီးသွားသည့် မြင်းခွာပုံသံကူကွန်ကရစ် ရေလွှဲဥမင်ထွက်ပေါက်မှ ရေများထုတ်လွှတ်ပေးလျက်ရှိသည်ကို ဤသို့တွေ့ခဲ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

17-11 (20).p65 1 3/25/05, 3:49 PM

# တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ နိုင်ငံနှင့်လူမျိုးအကျိုး ထိထိရောက်ရောက်သယ်ပိုးနိုင်ရေး အသိအမြင်စွမ်းအား၊ အရည်အသွေးနှင့်စိတ်ဓာတ်အင်အားများ နိုင်ငံတော်က အားသစ်လောင်းပေးနေ အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်ပေးနိုင်မည့် ပညာရေးစွမ်းအားစုကြီးဖြစ်ထွန်းလာရေး ဆက်လက်ကြိုးပမ်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■



**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူများအား တရင်းတနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်း ရေလွှဲဥမင်လိုဏ် တိုးလျှိုပေါက်ဖောက်လုပ်ပြီးစီး ပြည်ပအကူအညီမပါဘဲ မြန်မာအင်ဂျင်နီယာများကိုယ်တိုင်ကြိုးပမ်းခဲ့ကြ

ကွင်းဆင်းလေ့လာရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေသယံဇာတ၊ရေသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည့်အားလျော်စွာ ပေါများကြွယ်ဝသော မြေသယံဇာတနှင့် ရေသယံဇာတများကိုဖော်ထုတ်၍ နိုင်ငံတော်အတွက် အကျိုးရှိစွာသုံးစွဲရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဆည်မြောင်း တာတမံများတည်ဆောက်ပေးခြင်းဖြင့် ဆည်ရေများရရှိပြီး နိုင်ငံတော်အတွက်အကျိုးပြုသော လယ်ယာမြေများပေါ်ထွက်ကာ စိုက်ပျိုးရေးကဏ္ဍ၌ အကျိုးများတိုးပွားစေခဲ့သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

**ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာတောင်ဘက် ၂ ဒသမ ၅ မိုင်အကွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်နေသော တမံအလျား ပေ ၁၀၅၀၊ တမံအမြင့် ၂၅၁ ပေ၊ Zone Type အလယ်ပိုင်း ရေလုံလွှာနှင့် ကျောက်ရောမြေသားတမံ အမျိုးအစားဖြင့် ရဲနွယ်ချောင်းကိုပိတ်၍ တည်ဆောက်လျက်ရှိသည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းပတ်ဝန်းကျင်ကို ဤသို့တွေ့ရသည်။** ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)





**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းတွင် တည်ဆောက်ပြီးစီးသွားသည့် မြင်းခွာပုံသံကူကွန်ကရစ် ရေလွှဲဥမင်ထွက်ပေါက်မှ ရေများထုတ်လွှတ်ပေးလျက်ရှိသည်ကို ဤသို့တွေ့ခဲ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)